# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၀၇၉)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၁၇**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဇနီး ဒေါ်စုစုလွင်နှင့် အဖွဲ့သည် တိုကျိုမြို့၌ ကျင်းပခဲ့သည့် Universal Health Coverage Forum 2017 အဆင့်မြင့်ခေါင်းဆောင်များ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဒီဇင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဂျပန်နိုင်ငံမှ All Nippon Airways လေကြောင်းဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရှိ ဟီဂူချီ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်၊ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ် စောမင်း၊ မြန်မာသံရုံးနှင့် မြန်မာစစ်သံရုံးတို့မှ တာဝန်ရှိသူများနှင့် သံရုံးမိသားစုများက ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နာရီတာ(Narita) လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။** သတင်းစဉ်

# ရဲရွာ-ပြင်ဦးလွင် တောင်တက်လမ်းသစ်ခရီးစဉ် အပျော်တမ်းစက်ဘီးသမား ၇၀ ကျော် စီးနင်းဆင်နွှဲ

**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေးမြို့မှ အပျော်တမ်းတောင်တက်စက်ဘီးသမားများ MBA (Mandalay Bike Adventures) တို့သည် မန္တလေးမြို့မှ ရဲရွာ-ပြင်ဦးလွင် ခရီးစဉ်ကို ယနေ့နံနက်၇ နာရီခွဲက ရဲရွာ-သံတောင်သွားကားလမ်းဆုံရှိ ကဖြူးကျေးရွာ စုရပ်နေရာမှ စတင်ကာ ပြင်ဦးလွင်မြို့သို့ လမ်းသစ်အတိုင်း တောင်တက်ခရီးတစ်လျှောက် စုပေါင်းစက်ဘီးစီး၍ သဘာဝပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုခံစားရင်း စက်ဘီးစီးသမား သက်ကြီး-သက်လတ်- လူငယ် စုစုပေါင်း ၇၀ ကျော်တို့က ပြင်ဦးလွင်မြို့အထိ မမောမပန်းဘဲ ပျော်ရွှင်စွာ စီးနင်းဆင်နွှဲခဲ့ကြကြောင်း သိရသည်။

"မန္တလေးမြို့မှာ အရင်ကတည်းက စက်ဘီးစီးကြပါတယ်။ စက်ဘီးစီးခြင်းနဲ့

*စာမျက်နှာ ၅ ကော်လံ ၁* ❄



**အပျော်တမ်းတောင်တက်စက်ဘီးသမားများ ရဲရွာ -ပြင်ဦးလွင် တောင်တက်လမ်းသစ်ခရီးစဉ်ကို ပျော်ရွှင်စွာ ဆင်နွှဲကြစဉ်။**

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက ဒီဇင်ဘာ ၁၈ ရက်စွဲဖြင့် ၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းကို ထုတ်ပြန်ထားသည်။

**၂၀၁၈- ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာရပ်များ |
|---|---|---|
| (၁) | (၂) | (၃) |
| ၇-၃-၂၀၁၈ ဗုဒ္ဓဟူးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | မြန်မာစာ |
| ၈-၃-၂၀၁၈ ကြာသပတေးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | အင်္ဂလိပ်စာ |
| ၉-၃-၂၀၁၈ သောကြာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | သင်္ချာ |
| ၁၂-၃-၂၀၁၈ တနင်္လာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | [ ဓာတုဗေဒ<br>စိတ်ကြိုက်မြန်မာစာ |
| ၁၃-၃-၂၀၁၈ အင်္ဂါနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | ရူပဗေဒ |

*စာမျက်နှာ ၅ ကော်လံ ၁* ❄




မြန်မာ့ပညာရေးလောက၏ မိတ်ဖက်ပုံနှိပ်လုပ်ငန်း "ဧရာဝတီ" တွင်
တက္ကသိုလ်များ၊ တပ်မတော် နှင့် အသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းများ၊
စီးပွားရေးလုပ်ငန်းများ၏ မဂ္ဂဇင်း၊ ပလာစာအုပ်၊ ပြက္ခဒိန်၊
Myanmar Yellow Pages ကဲ့သို့ Directory စာအုပ်များ
အစရှိသည့် ပုံနှိပ်ခြင်း၊ စာအုပ်ချုပ်ခြင်းအမျိုးမျိုးကို
ပုံနှိပ်အရည်အသွေး 400 LPI အထိ ရိုက်နှိပ်နိုင်သော
ကမ္ဘာ့အကောင်းဆုံးပုံနှိပ်စက်၊ ကမ္ဘာ့အကောင်းဆုံး စာအုပ်ချုပ်စက်
ကမ္ဘာ့အကောင်းဆုံး စက္ကူအမျိုးအစားတို့ဖြင့် ဈေးနှုန်းသက်သာစွာ
Perfect Binding System ဖြင့်
အချိန်တိုအတွင်း (One-Stop Service) ဆောင်ရွက်ပေးနေပါပြီ

မြန်မာ့အလင်း

# နိုင်ငံ့ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရာတွင် အားလုံးပါဝင်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သက္ကရာဇ် ၆၈၈-၇၂၂ အကြားက ရေးထိုးခဲ့သော ကျောက်စာငါးချပ်ကို တွေ့ရှိခဲ့ကြောင်း၊ ကျောက်စာများကို တွေ့ရှိရာ နေရာမှာ လူနေကျေးရွာများအနီး ရှိသည့်တိုင်အောင် လူသူအရောက်အပေါက်နည်းသောနေရာ ရှေးဘုရားစေတီပျက်များတွင် ဖြစ်ကြောင်း သတင်းနှင့်အတူ သက်ဆိုင်ရာဌာန တာဝန်ရှိသူတို့က မှတ်တမ်းကူးယူမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သည့်မတိုင်မီကလည်း ရှေးခေတ်အသုံးအဆောင်ပစ္စည်းများ၊ လက်နက်ကိရိယာများ၊ ရုပ်တုဆင်းတုများ၊ အုတ်ရိုးများ၊ တံတိုင်းများ၊ သင်္ချိုင်းများ၊ ရုပ်ကြွင်းများ၊ လက်ဝတ်လက်စားများ စသည်တို့ကို လယ်ထွန်ရင်း၊ ထယ်ထိုးရင်း၊ မြေတူးရင်းမှဖြစ်စေ၊ ရေတိုက်စားရာမှ ဖြစ်စေ ပေါ်ထွက်လာသည်ကို တွေ့ရှိရသည့် သတင်းများ မကြာခဏ ဖတ်ရှုကြရသည်။ မြန်မာနိုင်ငံအနှံ့အပြား ဒေသများစွာတို့တွင်လည်း ရှေးဟောင်းအဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ နေရာများ စသည်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေကြောင်း ဒေသခံများက မကြာခဏဖော်ထုတ်ကြသည်ကို မီဒီယာများ၊ လူမှုကွန်ရက်များတွင် တွေ့ရှိကြရသည်။ ဤသည်မှာ မိမိတို့နိုင်ငံသည် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသောနိုင်ငံဖြစ်ပြီး ရှေးခေတ်ယဉ်ကျေးမှု အထောက်အထားများ အမြောက်အမြား ကျန်ရှိနေသေးကြောင်း ပြသနေခြင်းပင်ဖြစ်သည်။ ယဉ်ကျေးမှု အမွေအနှစ်များသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏သမိုင်းကြောင်း အထောက်အထားများပင်ဖြစ်ပြီး တစ်ခါတစ်ရံတွင် မထင်မှတ်သော နေရာမျိုး၌ပင် သမိုင်းတန်ဖိုး ကြီးမားလှသည့် ရှေးဟောင်းပစ္စည်းမျိုးကို တွေ့ရတတ်သည်။ ဥပမာအားဖြင့် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကို အဆုံးသတ်ခဲ့သည့် ရန္တပိုစာချုပ်နှင့် ပတ်သက်သည့် မြန်မာဘက်မှ အထောက်အထားဖြစ်သော ပုရပိုက်ကို ရွှေဘိုခရိုင်အတွင်း သစ်တောများကြားရှိ အလွန်ခေါင်သည့် ရွာတစ်ရွာတွင် ထိန်းသိမ်းမှုကင်းမဲ့သလောက်နီးနီး အခြေအနေဖြင့် တွေ့ရှိခဲ့ရာ ဒေသခံ နှောင်းခေတ်လူတို့က အလေးမထားဘဲ ပုရပိုက်များကို မိုးစိုကြွက်ကိုက် ဖုန်အလိမ်းလိမ်းဖြင့် ထားရှိခဲ့ခြင်းကြောင့် ဝမ်းနည်းဖွယ် မြင်တွေ့ရကြောင်း သုတေသီတစ်ဦးက ရေးသားခဲ့သည်ကို မှတ်သားရဖူးသည်။

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၁၇) ကို ဒီဇင်ဘာ ၈ ရက်က ကျင်းပခဲ့ရာတွင် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက "အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များသည် ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရိုးရာအစဉ်အလာ ဓလေ့အလိုက် ဆက်ခံထိန်းသိမ်းလာခဲ့ကြသည့်အတွက် နှစ်ပေါင်းထောင်ချီ တည်တံ့နေခဲ့ပြီး မျိုးဆက်သစ်များအား လက်ဆင့်ကမ်း အမွေပေးနိုင်အောင် ဆောင်ရွက်နိုင်ကြခြင်း ဖြစ်ပါကြောင်း၊ ရှာဖွေဖော်ထုတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက် သုတေသနပြုပြီး ဖြစ်သည့် ယဉ်ကျေးမှု အမွေအနှစ် များသာမက တိမ်မြုပ်နေသေးသည့် ယဉ်ကျေးမှု အမွေအနှစ်များကိုလည်း ရှာဖွေဖော်ထုတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက် သုတေသနပြုကြရမည် ဖြစ်ပါကြောင်း" ဖြင့် အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယဉ်ကျေးမှုဟုဆိုရာတွင် ရှေးဟောင်းပစ္စည်းများ၊ အဆောက်အအုံများကဲ့သို့ ကိုင်တွယ်ထိတွေ့နိုင်သော ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်များကိုသာမက ဘာသာစကား၊ ဓလေ့ထုံးစံများ၊ စာပေအတွေးအခေါ်၊ အနုသုခုမကဲ့သို့သော ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကိုပါ သုတေသနပြုခြင်း၊ ရှာဖွေဖော်ထုတ်ထိန်းသိမ်းခြင်းတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး ပြည်သူများကလည်း တစ်တပ်တစ်အားအနေဖြင့် မိမိတို့ရပ်ရွာ မိမိတို့ဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ်ကာ ထိန်းသိမ်းစောင့်ရှောက် ကာကွယ်သွားကြရန် နှိုးဆော်လိုပါကြောင်း။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ကချင်ပြည်နယ်၏ အကြီးဆုံးထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော် လာမည့်နှစ်ကုန်ပိုင်းတွင် အပြီးတည်ဆောက်မည်



**မြစ်ကြီးနား ဒီဇင်ဘာ ၁၇**

မြစ်ကြီးနားမြို့ ပလန(၂) ကံ့ကော်မြိုင်ကျေးရွာ၌ ရှိသော ဧက ၂၀ ကျယ်ဝန်းသည့် မဇ္ဈိမ မနောသုခ သာသနာပြုကျောင်းအတွင်းတွင် တည်ဆောက်နေသော ကချင်ပြည်နယ်၏ အကြီးဆုံးထိုင်တော်မူ မဇ္ဈိမလာဘ ဗောဓိဗုဒ္ဓရုပ်ပွားတော်ကို ၂၀၁၈ နှစ်ကုန်ပိုင်းတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဘုရားကြီးရဲ့ အောက်ခြေက ဝင်ရင် ပထမထပ်နဲ့ ဒုတိယထပ်မှာ ဗုဒ္ဓဂယာက ရှေးဟောင်းရုပ်ပွားတော်တွေ ပန်းချီကားတွေထားပြီး ပြတိုက်လုပ်မယ်။ အခု ဘုရားကတော့ ၇၅ ရာခိုင်နှုန်းတော့ ပြီးပြီ၊ နောက်နှစ် နှစ်ကုန်ပိုင်းလောက်ဆိုရင်တော့ အကုန်ပြီးမယ်လို့ ခန့်မှန်းထားပါတယ်" ဟု အဆိုပါဘုရားကို တည်ဆောက်နေသော အင်ဂျင်နီယာ ဦးစောနိုင်က ပြောသည်။

အဆိုပါ ဘုရားကို ၂၀၁၆ ခုနှစ်မှ စတင်တည်ဆောက်လျက်ရှိပြီး ဘုရား၏ ပလ္လင်တော်အမြင့်မှာ ၁၅ ပေ၊ ဘုရား၏ ဉာဏ်တော်အမြင့် ၉၃ ပေ စုစုပေါင်းအမြင့် ၁၀၈ ပေ တည်ဆောက်နေကာ ကချင်ပြည်နယ်အတွင်းတွင် အကြီးဆုံး ထိုင်တော်မူဘုရားတစ်ဆူဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘုရားကို ရန်ကုန်မြို့ရှိ ဦးမျိုးဆွေ-သီရိသုဓမ္မသိင်္ဂီ မဇ္ဈိမသံဃမာတာ ဒေါ်မြရှင် (ပုလဲရတနာ ရောင်းဝယ်ရေး) မိသားစုမှ ငွေကျပ် သိန်း ၅၀၀၀ မတည်လှူဒါန်းထားပြီး ယခုအထိ ခန့်မှန်းကုန်ကျငွေ သိန်း ၄၀၀၀ ကျော် ရှိပြီဖြစ်ကြောင်း သိရသည်။

မဇ္ဈိမလာဘ ဗောဓိဗုဒ္ဓရုပ်ပွားတော် တည်ဆောက်ထားသည့် ဘုရားဝင်းအတွင်းတွင် ဘိုးဘွားရိပ်သာ၊ တရားစခန်းများလည်း တည်ဆောက်ဆဲဖြစ်ကြောင်း သိရသည်။ **မင်းမင်းဦး**

**ထင်သာမြင်သာ ပြုပြင်စရာ**

# ရှားတောမြို့ရှိ ရှေးဟောင်းကိုးခန်းဇရပ်ကြီးအား ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းရန်လိုအပ်

ကယားပြည်နယ် ရှားတောမြို့တောင်ပိုင်းရပ်ကွက်အတွင်း ဒက္ခိဏဝိဟာရဘုန်းတော်ကြီးကျောင်း တောင်ဘက်အနီးရှိ ရှေးဟောင်းအုတ်တိုက် ကိုးခန်းဇရပ်ကြီးမှာ ပျက်စီးယိုယွင်းလျက်ရှိနေပြီဖြစ်၍ နောင်လာနောက်သားများ သမိုင်းအမွေအနှစ်များကို လေ့လာနိုင်ရန်အတွက် ရှေးမူမပျက် ပြုပြင်မွမ်းမံ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ရာကျော်လောက်က ဒီရှားတောမြို့မှာ စီးပွားရေးလုပ်ငန်း



လာလုပ်ရင်း အခြေချနေထိုင်ခဲ့တဲ့ မွန်လူမျိုးတွေက ဒီကိုးခန်းဇရပ်ကြီးကို တည်ခဲ့တယ်လို့ ရှေးလူကြီးသူမတွေ ပြောစကားအရ မှတ်သားရပါတယ်၊ ဥပုသ်သည်တွေ နားနေဖို့ တည်ဆောက်ခဲ့တဲ့ ဇရပ်ကြီးပါ၊ အရင်က ဒီနေရာမှာ တောင်ကျောင်းကြီးလို့ ခေါ်တဲ့ ဘုန်းတော်ကြီးကျောင်းရှိခဲ့ပါတယ်၊ မီးလောင်ပျက်စီးခဲ့တာကြာပါပြီ၊ ယခင် ပျံလွန်တော်မူသွားပြီဖြစ်တဲ့ ဒက္ခိဏဝိဟာရကျောင်း ဆရာတော်ဘုရားကြီးက ဒီရှေးဟောင်းကိုးခန်းဇရပ်ကြီးကို သမိုင်းအမွေအနှစ်အဖြစ် နောင်လာနောက်သားတွေ လေ့လာနိုင်အောင် ရှေးမူမပျက် ပြန်လည်မွမ်းမံဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ရှာပါဘူး၊ သက်ဆိုင်ရာတွေက ရှေးမူမပျက် ပြန်လည်ပြုပြင် ထိန်းသိမ်းစောင့်ရှောက်မှုပြုစေချင်ပါတယ်" ဟု ရှားတောမြို့နေဒေသခံ ဦးလှထွန်းက ပြောသည်။

အဆိုပါ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ရှေးဟောင်းကိုးခန်းဇရပ်ကြီးသည် ခန့်မှန်းအလျားပေ ၁၀၀၊ အနံပေ ၂၀၊ အမြင့် ၁၅ ပေရှိပြီး ထုထည်ကြီးမားသော နံရံများကို သံကူမပါဘဲ အုတ်၊ အင်္ဂတေတို့ဖြင့် တည်ဆောက်ထားရှိကာ ခြူးပန်းခြူးနွယ်များ၊ သိကြားရုပ်၊ နတ်ရုပ်များဖြင့် အလှဆင်ထားသည်။ အခန်းပေါင်းကိုးခန်းကို ဝင်ပေါက်ကိုးပေါက်ဖြင့် ဖွဲ့စည်းတည်ဆောက်ခဲ့ပြီး ယခုအခါ သစ်ပင်လဲကျခဲ့၍ တောင်ဘက်အစွန်ရှိ အခန်းအချို့ပျက်စီးနေပြီဖြစ်သည်။ အမိုးလည်း မရှိတော့ချေ။

ယခုအခါ ရှေးဟောင်းကိုးခန်းဇရပ်ကြီးမှာ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ပျက်စီးယိုယွင်းလာလျက်ရှိရာ အချိန်မီပြုပြင် မွမ်းမံစောင့်ရှောက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ **ကြီးမြင့်နိုင် (လွိုင်ကော်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၇-၁၂-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၂၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၆ | ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၃ | ·၇ |
| ထိုင်း | တစ်ဘတ် | ၄၁ | ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ | ·၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၅ | ·၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ခရစ္စမတ်အကြို ဝတ်ပြုဆုတောင်းခြင်းနှင့် ညစာစားပွဲ တက်ရောက်





အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည်တို့ ခရစ္စမတ်အကြိုဝတ်ပြုခြင်းနှင့် မိတ်သဟာယ ညစာစားပွဲအခမ်းအနားသို့ တက်ရောက်စဉ်နှင့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ခရစ္စမတ်အကြို ဂုဏ်ပြုစကား ပြောကြားစဉ်။
သတင်းစဉ်

နေပြည်တော် ဒီဇင်ဘာ ၁၇

**နေပြည်တော် ခရစ်ယာန်အသင်းတော်များကောင်စီက ကြီးမှူးကျင်းပသည့် ခရစ္စမတ်အကြိုဝတ်ပြုခြင်းနှင့် မိတ်သဟာယ ညစာစားပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည်တို့ တက်ရောက်ကြသည်။**

အခမ်းအနားသို့ နေပြည်တော် ခရစ်ယာန်အသင်းတော်များမှ သိက္ခာတော်ရဆရာတော်ကြီးများ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ခရစ်ယာန်အသင်းတော်များမှ အသင်းဝင်များ နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သတ္တမနေ့ မျှော်လင့်ခြင်းအသင်းတော်မှ ဆရာ သိန်းထွဋ်လင်းက အဖွင့်ဆုတောင်းပေးပြီး မြန်မာနှစ်ခြင်း ခရစ်ယာန်အသင်းတော်မှ Rev.Dr တင်မောင်အေးက ခရစ္စမတ်ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ခရစ္စမတ်အကြို ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် နေပြည်တော် ချင်း ယင်းနောက် နေပြည်တော်ခရစ်ယာန် အသင်းတော်များကောင်စီ ဓမ္မအမှုတော်ဆောင်များက မွေးနေ့တော်နှင့်သက်ဆိုင်သည့် ဂုဏ်တော်များကို ချီးမွမ်း သီဆိုကြသည်။

ထို့နောက် အင်္ဂလီကန်အသင်းတော်မှ ဆရာဟက်ပီးသန်းလွင်က မွေးနေ့တော်နှင့်စပ်ဆိုင်သည့် သမ္မာကျမ်းစာကို ဖတ်ကြားသည်။

ယင်းနောက် နေပြည်တော် ချင်းနှစ်ခြင်းအသင်းတော်မှ Rev. တိမောသေပါဟရန်းက ခရစ္စမတ်ဓမ္မဒေသနာ ဟောကြားပြီး စိန့်မိုက်ကယ် ကက်သလစ်အသင်းတော်မှ Rev.Fr. ဦးအားသိုက်က ခရစ္စမတ်ဆုတောင်းမေတ္တာပို့သသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ခရစ္စမတ်အကြိုဓမ္မတေး သီချင်းများသီဆိုကြသည်။

ယင်းနောက် နေပြည်တော်ခရစ်ယာန်အသင်းတော်များ ကောင်စီဝင်ဆရာတော်များက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများအား ခရစ္စမတ်လက်ဆောင်များ ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နေပြည်တော်ခရစ်ယာန် အသင်းတော်များကောင်စီအား ခရစ္စမတ်လက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည်တို့သည် အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် မြန်မာနှစ်ခြင်း ခရစ်ယာန်အသင်းတော် မေခန်းမ၌ ကျင်းပသည့် မိတ်သဟာယညစာစားပွဲသို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်ရေး မြန်မာနိုင်ငံ၏ ပြည့်ဝသော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းအတွက် ဆက်လက်ကူညီသွားရေး ဆွေးနွေးခဲ့

## သတင်းကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ရန်နှင့် တိုကျိုမြို့တွင် ကျင်းပပြုလုပ်သည့် Universal Health Coverage Forum 2017 အဆင့်မြင့်ခေါင်းဆောင်များ ဆွေးနွေးပွဲသို့ တက်ရောက်ရန် ၁၂-၁၂-၂၀၁၇ ရက်နေ့တွင် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ၁၇-၁၂-၂၀၁၇ ရက်နေ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

၂။ နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၁၂-၁၂-၂၀၁၇ ရက်နေ့ ၂၂:၁၀ နာရီတွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ All Nippon Airways လေကြောင်းဖြင့် ထွက်ခွာလာရာ ၁၃-၁၂-၂၀၁၇ ရက်နေ့ ဒေသစံတော်ချိန် ၀၆:၃၀ နာရီတွင် တိုကျိုမြို့ Narita လေဆိပ်သို့ ရောက်ရှိခဲ့ပါသည်။

၃။ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ၁၃-၁၂-၂၀၁၇ ရက်နေ့ ညနေပိုင်းတွင် တိုကျိုမြို့ Imperial Hotel ၌ မြန်မာသံရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးနှင့်ပညာရေး အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြပါသည်။

၄။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ၁၄-၁၂-၂၀၁၇ ရက်နေ့ နံနက်ပိုင်းတွင် တိုကျိုမြို့ Tokyo Prince Hotel ၌ ကျင်းပပြုလုပ်သည့် Universal Health Coverage Forum 2017 အဆင့်မြင့် ခေါင်းဆောင်များဆွေးနွေးပွဲသို့ တက်ရောက်၍ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. António Guterres၊ ဆီနီဂေါလ်နိုင်ငံ သမ္မတ Mr. Maky Sall တို့နှင့်အတူ မိန့်ခွန်းများ အသီးသီးပြောကြားခဲ့ကြပါသည်။

၅။ ယင်းနေ့ညနေပိုင်းတွင် ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဝန်ကြီးချုပ်ရုံး၌ တရားဝင်ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုခဲ့ပါသည်။ ထို့နောက် ၁၈း၁၅ နာရီတွင် နိုင်ငံတော်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်ရေး၊ မြန်မာနိုင်ငံ၏ ပြည့်ဝသော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းအတွက် ဆက်လက်ကူညီသွားရေး၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီပံ့ပိုးရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဂျပန်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကတို့ပူးပေါင်း၍ ဂျပန်ယန်း (၈၀၀) ဘီလီယံဖြင့် ကူညီပံ့ပိုး အကောင်အထည်ဖော် ဆောင်ရွက်မည့် မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍ၊ အထူးသဖြင့် ရန်ကုန်မြို့တွင် နှလုံးရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါ အထူးကုဆေးရုံကြီး တည်ဆောက်ရေး၊ ဆေးရုံသုံးကိရိယာများထောက်ပံ့ပေးရေး၊ ကျွမ်းကျင်ဆရာဝန်နှင့် ပညာရှင်များအား လေ့ကျင့်သင်ကြားပေးရေးနှင့် ထားဝယ်မြို့ဆေးရုံ၌ အထွေထွေရောဂါကု ဆေးရုံတည်ဆောက်ရေး၊ ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးနှင့် သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အားအစရှိသည့် ကဏ္ဍများတွင် အလေးပေးပူးပေါင်း ဆောင်ရွက်ရေး၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် အင်ဒို-ပစိဖိတ် မဟာဗျူဟာ ချိတ်ဆက်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

၆။ ယင်းနောက်တွင် နိုင်ငံတော်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဝန်ကြီးချုပ် မစ္စတာ အာဘေးနှင့် ဇနီးတို့မှ ဝန်ကြီးချုပ်ရုံး၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၇။ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ၁၅-၁၂-၂၀၁၇ ရက်နေ့တွင် အိုဆာကာမြို့သို့ ကျည်ဆန်ရထားဖြင့်သွားရောက်ခဲ့ပြီး အိုဆာကာတက္ကသိုလ် နိုင်ငံခြားလေ့လာရေးကျောင်း၊ မြန်မာစာဌာနသို့ သွားရောက်လေ့လာကာ မြန်မာစာ သင်ကြားပေးလျက်ရှိသော ပါမောက္ခများ၊ မြန်မာဘာသာ သင်ယူလျက်ရှိကြသော ဂျပန်နိုင်ငံသား ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံခဲ့ပါသည်။ ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကျိုတိုစီရင်စု၊ အုပ်ချုပ်ရေးမှူး၊ ကျိုတိုမြို့တော်ဝန်နှင့် ကျိုတိုကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌတို့မှ ကျိုတိုနိုင်ငံတော်ဧည့်ဂေဟာတွင် တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၈။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိုကျိုမြို့တွင် ကမာကုရဘုရားကြီးသို့ သွားရောက်ဖူးမြော်ခဲ့ကြပြီး ကျိုတိုမြို့တွင် သမိုင်းဝင်အဆောက်အအုံ ရွှေကျောင်းတော်သို့လည်းကောင်း၊ ကာနာဂါဝါခရိုင်၌ ဟာကိုးနဲရေကန်သို့ သွားရောက်ခဲ့ပြီး Mt. Fuji ကို လေ့လာခဲ့ကြပါသည်။ ၁၆-၁၂-၂၀၁၇ ရက်နေ့ ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် မြန်မာနိုင်ငံ အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးဆိုင်ရာ ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပ္ပွန်ဖောင်ဒေးရှင်း၊ ဥက္ကဋ္ဌ မစ္စတာ ရောဟဲအိ ဆာဆာကာဝါမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၉။ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၇-၁၂-၂၀၁၇ ရက် (တနင်္ဂနွေနေ့) ဒေသစံတော်ချိန် နံနက် ၁၁း၀၀ နာရီတွင် တိုကျိုမြို့ နာရီတာအပြည်ပြည်ဆိုင်ရာလေဆိပ်မှ All Nippon Airways (ANA) လေကြောင်းဖြင့် ပြန်လည်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ၁၆း၃၀ နာရီခွဲတွင် ပြန်လည်ဆိုက်ရောက်ခဲ့ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်။**

# မြန်မာစာအုပ်စာစဉ် ၁၀၀ ထုတ်ဝေရေး အစည်းအဝေးနှင့် မြန်မာ့ စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၁၇

**စာကောင်းပေမွန်များ လေ့လာလိုသူများအတွက် မကြာခင်ထုတ်ဝေ ဖြန့်ချိသွားမည့် မြန်မာစာအုပ်စာစဉ် ၁၀၀ ထုတ်ဝေရေး ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲ က ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တက်ရောက် အမှာစကားပြောကြားသည်။**

ထို့နောက် ဒေါက်တာဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်တို့က မြန်မာစာအုပ်စာစဉ် ၁၀၀ ထုတ်ဝေရေးနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**ပြန်လည်ဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသည့် ပညာရှင်များက ပြန်လည်ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သုတရသကဏ္ဍစုံ စာကောင်းပေကောင်းများ ပါဝင်ရေး၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ထွက်ရှိနိုင်ရေးအတွက် ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

မြန်မာစာအုပ်စာစဉ် ၁၀၀ တွင် ကနဦးအနေဖြင့် မြန်မာဝတ္ထုရှည် စာစဉ်တွဲများကို စတင်ထုတ်ဝေမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖြန့်ချိရန် စီစဉ်ထားသည်။ ဝတ္ထုရှည်တွဲများ ထွက်ရှိပြီးပါက ကဗျာတွဲများကို စတင်ရွေးချယ်သွားမည်ဖြစ်ကာ ဆက်လက်၍လည်း တစ်လလျှင် နှစ်တွဲနှုန်းဖြင့် မြန်မာစာအုပ်စာစဉ် ၁၀၀ ကို ထုတ်ဝေသွားရန် စီစဉ်ထားကြောင်း သိရသည်။

**ပြန်လည်ထုတ်ဝေ**

ထို့နောက် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသည့် စာပေဗိမာန်မှ တာဝန်ရှိသူများနှင့် ပညာရှင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရာ၌ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ အချက်အလက်ဆိုင်ရာ ကိစ္စရပ်များတွင် မှားယွင်းမှု မရှိစေရေး၊ ခေတ်ကာလနှင့် ဆီလျော်သည့် အကြောင်းအရာ၊ အချက်အလက်များ မကျန်ရှိစေရေး၊ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးလုပ်ငန်း ဆောင်ရွက်ရန် ဝန်ထမ်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့် စွယ်စုံကျမ်း အမြန်ဆုံးထွက်ရှိရေးအတွက် ဆွေးနွေး မှာကြားပြီး ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**



မြန်မာစာအုပ်စာစဉ် ၁၀၀ ထုတ်ဝေရေး ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ငါးသိန်း ပေးအပ်လှူဒါန်း



**နေပြည်တော် ဒီဇင်ဘာ ၁၇**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။

**အလှူငွေပေးအပ်**

အလှူငွေပေးအပ်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiangက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တရုတ်နိုင်ငံက ထောက်ခံပါကြောင်း၊ တရုတ်နိုင်ငံက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ သုံးသန်း လှူဒါန်းမည်ဖြစ်ပါကြောင်း၊ လာမည့်နှစ်တွင် ကျန်သည့် အမေရိကန် ဒေါ်လာ တစ်သန်း ထပ်မံလှူဒါန်းမည် ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံက မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်း ဖြစ်ပါကြောင်း၊ လှူဒါန်းမှုမှာ ပမာဏအားဖြင့် မကြီးမားသော်လည်း စေတနာကို ဖော်ပြရာ ရောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လိုအပ်ချက်ကိုလည်း ထပ်မံကူညီသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ အမေရိကန်ဒေါ်လာ ငါးသိန်းကို ပေးအပ်လှူဒါန်းရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

**ငြိမ်းချမ်းရေးသည် အဓိကဖြစ်**

ယင်းနောက် ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက မြန်မာပြည်သူများနှင့်အာလုံး လိုလားကြသည်မှာ ငြိမ်းချမ်းရေးပင် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ၁၉၄၈ ခုနှစ်မှ စခဲ့သည့် ပြဿနာကို ဖြေရှင်းရန် ကြိုးစားနေပါကြောင်း၊ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့ကလည်း ငြိမ်းချမ်းရေးသည် အဓိကဖြစ်သည်ဟု ပြောကြားထားပါကြောင်း၊ တရုတ်နိုင်ငံ အစိုးရက မိတ်ဆွေအား အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်သည့်အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အားတက်ရပါကြောင်း၊ တရုတ်နိုင်ငံက မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အလှူငွေများ ပေးအပ်နေမှုမှာ မိတ်ဆွေနိုင်ငံ၏ အထိမ်းအမှတ် ဖြစ်ပါကြောင်း၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အားလုံးနှင့် ပြည်သူများက ငြိမ်းချမ်းရေးကို လိုလားပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ဆက်လက် ကူညီပေးသွားစေလိုကြောင်း ပြောကြားသည်။

အလှူငွေပေးအပ်ပွဲသို့ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှ တာဝန်ရှိ သူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




# ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာနည်းပညာ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Pramila Patten သည် မြန်မာနိုင်ငံသို့ ဒီဇင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ လာရောက်ခဲ့သည်။

၎င်း၏ ခရီးစဉ်အတွင်း ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် နေပြည်တော်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ်၊ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

၎င်းသည် ဒီဇင်ဘာ ၁၆ ရက်တွင် ရန်ကုန်မြို့၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးဘုတ်အဖွဲ့၊ အဖွဲ့ဝင် အငြိမ်းစားကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် ဦးထွန်းမြတ်တို့နှင့် တွေ့ဆုံခဲ့သည်။ ထို့အပြင် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံတမန်များ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။

၎င်း၏ ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံစဉ်များတွင် အမျိုးသမီးများ အခွင့်အရေး ကာကွယ်မြှင့်တင်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံသို့ နည်းပညာအကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင်လည်း ဘေးဒဏ်ခံစားခဲ့ရသူများအား စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးခြင်း၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများပေးခြင်းတို့နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများအား ဆွေးနွေးခဲ့ကြသည်။

အထူးကိုယ်စားလှယ်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ခြင်းသည် အမျိုးသမီးများ အကြမ်းဖက်မှု စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးရန်အတွက်မဟုတ်ဘဲ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာနည်းပညာ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စ အကူအညီပေးနိုင်ရေး နည်းလမ်းများ၊ ဤကဏ္ဍများတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မှုများနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန်ဖြစ်ပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်သည် ဒီဇင်ဘာ ၁၇ ရက် နံနက်အစောပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**သတင်းစဉ်**

# အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၀၄ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။ **မိုး/ဇလ**

# ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုအသင်း နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၇

**ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် ညစာစားပွဲကို ယနေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပသည်။**




အခမ်းအနားတွင် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုအသင်း ဥက္ကဋ္ဌ ဒေါ်စုစုလှိုင်က အသင်းအကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင် ဦးစန်းလွင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးသိန်းနိုင်က အသင်း၏တစ်နှစ်တာလှုပ်ရှားမှုအကြောင်းနှင့် အတွင်းရေးမှူး ဒေါ်ဝါဝါမင်းက ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပုဂ္ဂလိကလုံခြုံရေးဥပဒေပြုရေးအတွက် အလှူငွေ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုအသင်းမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိက လုံခြုံရေးဥပဒေပြုရေးအတွက် အလှူငွေ လှူဒါန်းခဲ့ကြသည့် အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုအသင်းသည် ၂၀၁၆ ခုနှစ်တွင် အသင်းအဖွဲ့ဖွဲ့စည်းခွင့် တရားဝင်မှတ်ပုံတင်ခွင့်ရရှိထားသည့် အသင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၇၅၇ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ၊ အားကစားပွဲများနှင့် ပျော်ပွဲရွှင်ပွဲများပါဝင်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

၂၇၅၇ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပရေး ဗဟိုကော်မတီ (မဟာရန်ကုန်) က ကြီးမှူးကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မဟာဆေး ဝက်ပါအာလိန်ငါးဆင့်ကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ညနေ ၆ နာရီတွင် နှစ်သစ်ကူးပွဲတော်အခမ်းအနားကို စတင်ဖွင့်လှစ်ရာ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပရေး ဗဟိုကော်မတီ (မဟာရန်ကုန်) ဥက္ကဋ္ဌ မန်းရွှေပြည်အေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဖျော်ဖြေရေး အစီအစဉ်ကိုစတင်ရာ ကရင်ရိုးရာ ဒုံးယိမ်းပြိုင်ပွဲများ၊ ဝါးထောက်၊ ဝါးညှပ်အကများနှင့် ကရင်ရိုးရာ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။




အဆိုပါ နှစ်သစ်ကူးပွဲတော်တွင် ကရင်တိုင်းရင်းသားတို့၏ ရိုးရာအသုံးအဆောင်ပစ္စည်းပြခန်းများနှင့် ယဉ်ကျေးမှုပြခန်းများကို ဖွင့်လှစ်ပြသထားသည့်အပြင် အားကစားပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ၊ တိုင်းရင်းသားရိုးရာအထိမ်းအမှတ် အမှတ် တရ ပစ္စည်း အရောင်းဆိုင်များ၊ ရိုးရာအစားအစာအရောင်းဆိုင်များ ပါဝင်ရာ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါပွဲတော်ကို ဒီဇင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယနေ့ နံနက် ၆ နာရီတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံအား အလေးပြုခြင်းအခမ်းအနားကို ကျင်းပသွားမည်ဖြစ်သည့်အပြင် နှစ်သစ်ကူးနေ့ ဟောပြောပွဲများကို ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အပြင် မွန်းတည့် ၁၂ နာရီတွင် အားကစားနှင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ကရင်ရိုးရာပျားဖွပ်ပြိုင်ပွဲများအပြင် အင်းစိန်မြန်မာ့မီးရထားကွင်းအတွင်း၌ ကရင်ရိုးရာလက်ရည်ယှဉ်ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ညနေ ၆ နာရီတွင် ဒုံးအဖွဲ့များက ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်သွားမည်ဖြစ်သည့်အပြင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ (Myanmar Convention Center–MCC) ခန်းမ၌ "ကရင်ရိုးရာယဉ်ကျေးမှုနှင့် တေးဂီတပဒေသာ ဖျော်ဖြေရေး"အစီအစဉ်ကို ကျင်းပသွားမည်ဖြစ်ပြီး ယင်းဖျော်ဖြေရေးအစီအစဉ်တွင် Attachment of the Clouds တယောအဖွဲ့က ဖျော်ဖြေခြင်း၊ ကရင်တေးဂီတအဆိုရှင်များက ခေတ်ပေါ်ကရင် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ကရင်ရိုးရာ ဒုံးယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ပိုးကရင် ဓမ္မတက္ကသိုလ်က ကျွဲဒုံးဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မြောက်ဥက္ကလာ ကရင်လူငယ်များ၏ ကရင်ကဗျာရွတ်ဆို သရုပ်ဖော်ခြင်း၊ ကရင်ကလေးငယ်အဆိုရှင်များက တေးသီချင်းဖြင့် ဖျော်ဖြေခြင်းတို့အပြင် ကရင်ရိုးရာပျားဖွပ်သရုပ်ပြ ဖျော်ဖြေတင်ဆက်ခြင်းတို့ပါဝင်ကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၁၉ ရက် ညနေ ၆ နာရီတွင် ဖျော်ဖြေရေးအစီအစဉ်များအပြင် ဆုပေးပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ပေါ်ဒေသတွင် ရောက်ရှိနေထိုင်ကြသော ကရင်မိဘဘိုးဘွားများက တောင်ယာခုတ်ထွင်ရှင်းလင်းကြပြီး မြေပြန့်သို့ရောက်လာကြသော ကရင်မိဘဘိုးဘွားများက လယ်ယာများတီထွင်ကာ ရေးအခါမှစ၍ စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ကြရာမှ နှစ်စဉ်ကောက်ပဲသီးနှံများ ရိတ်သိမ်းသည့် နွေဦးကာလတွင် မိသားစုအလိုက် ကောက်သစ်စားပွဲတော်များစုပေါင်း၍ တပျော်တပါး ကျင်းပကြရာမှ "ကရင်နှစ်သစ်ကူး" ပွဲတော်အဖြစ် အစဉ်အလာတစ်ရပ်အဖြစ် နှစ်စဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

### ❄ ရှေ့ဖုံးမှ

ကျန်းမာရေးကို အထောက်အကူပြုတယ်၊ ကုန်ကျစရိတ်က သက်သာတယ်၊ စက်ဘီးစီးပြီး ကျန်းမာသန်စွမ်းတဲ့သူတွေဖြစ်လာအောင် ရည်ရွယ်ပါတယ်၊ လောင်စာလည်း မလိုတော့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်ပါတယ်၊ စက်ဘီးစီးနင်းတာက အဖော်မလိုဘူး၊ ကွင်းမလိုဘူး၊ အားလုံးလုပ်နိုင်တယ်"ဟု အတွင်းရေးမှူး ဦးဘတင့်က ပြောပြသည်။

အဆိုပါအဖွဲ့အနေဖြင့် စက်ဘီးခရီးရှည်စီးနင်းမှုများမှာ ၂၀၀၈ ခုနှစ်တွင် မန္တလေး-တောင်ကြီး (ခုနစ်ညအိပ်)၊ ၂၀၀၉ တွင် မန္တလေး-ပုဂံ(လေးညအိပ်)၊ ၂၀၁၀ ပြည့်နှစ်တွင် နောင်ချို-ကျောက်မဲ-မိုးကုတ် (လေးညအိပ်)၊ ၂၀၁၁ ခုနှစ်တွင် ပုဂံ-ဝိတိုရိယတောင်(ခြောက်ညအိပ်)၊ ၂၀၁၂ ခုနှစ်တွင် ဟားခါး-ရိဒ်ရေကန်-ကလေး(ကိုးညအိပ်)၊ ၂၀၁၃ ခုနှစ်တွင် ကလော-ပင်လောင်း- နေပြည်တော်(သုံးညအိပ်)၊ ၂၀၁၅ ခုနှစ်တွင် ကလော-ပင်လောင်း- နေပြည်တော်(သုံးညအိပ်)၊ ၂၀၁၅ ခုနှစ်တွင် ရွှေညောင်-မိုးကုတ်-ပြင်ဦးလွင်(နှစ်ညအိပ်)တို့ဖြစ်ပြီး ယခု စီးနင်းမည့် ခရီးစဉ်သည် မန္တလေး-ရဲရွာ-ပြင်ဦးလွင် တောင်တက်လမ်းခရီးစဉ်ဖြစ်သည်။

စက်ဘီးစီးနင်းပြီး ခရီးရှည်ထွက်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ကို ကြည့်ရှုခံစားနိုင်သကဲ့သို့ ကျန်းမာရေးအတွက် လိုအပ်သည့် လေကောင်းလေသန့်များ ရှူရှိုက်နိုင်သည်။ ထို့အပြင် အခြားသော အားကစားများကဲ့သို့ သီးသန့်နေရာများ မလိုအပ်ခြင်းကြောင့် လူတိုင်းပါဝင်နိုင်သည့် ကျန်းမာရေးအထောက်အကူပြု အားကစားတစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ထီးချိုင့်မြို့နယ်တွင် ဆောက်လက်စကွန်ကရစ်တံတားကြီးအတွက် အလှူငွေများ လာရောက်လှူဒါန်း

**ကသာ ဒီဇင်ဘာ ၁၇**

ကသာခရိုင် ထီးချိုင့်မြို့နယ် ကြက်တကောင်းကျေးရွာအုပ်စုနှင့် အင်ဒေါင်းကျေးရွာအုပ်စုကို ဆက်သွယ်ပြီး တည်ဆောက်လျက်ရှိသည့် ကိုယ့်အားကိုယ်ကိုး သံကူကွန်ကရစ် တံတားကြီးအတွက် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

တံတားကြီးအတွက် အလှူငွေ လာရောက်လှူဒါန်းမှုနှင့် ပတ်သက်ပြီး ဦးစီးဆောင်ရွက်နေသည့် ကြက်တကောင်း ဆရာတော် ဘဒ္ဒန္တဇာဂရက "တံတားကြီးအတွက် ငွေကြေးက အများကြီးလိုအပ်နေပါတယ်၊ စေတနာရှင် အလှူရှင်တွေက အခုလို တတ်အားသရွေ့ လှူဒါန်းပေးကြတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ဆက်လက်လှူဒါန်းပေးဖို့လည်း ဖိတ်ခေါ်ပါတယ်" ဟု မိန့်ကြားသည်။

အဆိုပါ ကွန်ကရစ်တံတားကြီးအတွက် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အလှူရှင်များထံမှ လက်ခံရရှိသည့် စုစုပေါင်း ငွေကျပ်သိန်း ၃၀ ကို ဒေသခံ စာရေးဆရာတစ်ဦးဖြစ်သူ အကြီးကိုကို (ကသာ)က ကြက်တကောင်းဆရာတော်ထံ ဒီဇင်ဘာ ၁၀ ရက်က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ဆောက်လက်စ ယင်းကွန်ကရစ်တံတားကြီးသည် အရှည် ပေ ၅၇၀၀နှင့် အကျယ် ၁၁ ပေရှိကာ လက်ရှိတွင် ငွေကြေးလိုအပ် ချက်ကြောင့် လုပ်ငန်းများ အခက်အခဲဖြစ်နေကြောင်း သိရသည်။ **မောင်မွှေး**



### ❄ ရှေ့ဖုံးမှ

| | | |
|---|---|---|
| ၁၄-၃-၂၀၁၈ ဗုဒ္ဓဟူးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | [ ဇီဝဗေဒ ဘောဂဗေဒ |
| ၁၅-၃-၂၀၁၈ ကြာသပတေးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | ပထဝီဝင် |
| ၁၆-၃-၂၀၁၈ သောကြာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | သမိုင်း |

**သတင်းစဉ်**

# လာနီညာဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတွင် ညအပူချိန် လျော့နည်းခြင်း၊ အအေးပိုခြင်းများ ပိုမိုဖြစ်ပေါ်လာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ လာနီညာအခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

လာနီညာ ဖြစ်ပေါ်မှုခန့်မှန်းသည့် သင်္ချာပုံစံမော်ဒယ်များအရ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ လာနီညာဖြစ်ပေါ်မှု ရာခိုင်နှုန်းမှာ ၉၂ အထိ ရှိလာပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လတွင် ၈၂ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလတွင် ၆၆ ရာခိုင်နှုန်းသို့ ပြန်လည်လျော့ကျနိုင်ကြောင်း နိုင်ငံတကာပစိဖိတ်သမုဒ္ဒရာ ပင်လယ်ရေမျက်နှာပြင်အပူချိန် လေ့လာစောင့်ကြည့်ရေး ဗဟိုဌာနများမှ ထုတ်ပြန်ထားသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် ဆောင်းရာသီကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဆောင်းရာသီကာလ အရှေ့မြောက်မုတ်သုံလေ အားကောင်းမှုကြောင့် မြန်မာနိုင်ငံတွင် ညအပူချိန်များလျော့နည်းခြင်း၊ အအေးပိုခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်သည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။ **မိုး/ဇလ**

# မြင်းခင်းသဘင်ဆင်ကာနွှဲ အချမ်းပိုတဲ့ ပြာသိုပွဲ

**ဝိသဇ္ဇက (ပဲခူး)**

ထွန်ယက်စိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကထားသော မြန်မာတို့သည် ပတ်ဝန်းကျင်ရှိ တောတောင်၊ ရေမြေ မြန်မာ့ခလေ့သဘာဝအလှကို အမြဲတစေ ထိတွေ့နေကြခြင်းသည် ဆယ့်နှစ်လရာသီအကြောင်းကို စကားပြေဖြင့်ဖြစ်စေ၊ ကဗျာလင်္ကာဖြင့်ဖြစ်စေ စာဆိုတို့က ဖွဲ့နွဲ့ကြရာတွင် မည်သည့်ရာသီ၌ မည်သည့်ပန်းပွင့်သည်ဟူသော အချက်ကို အဓိကထား၍ ဖွဲ့နွဲ့လေ့ရှိကြ၏။

**စာပန်းချီခြယ်သ**

ပြာသိုလသည် ထက်ကောင်းကင်တွင် မိုးတိမ်ကင်းစေ၏။ စိမ်းမြမြမြက်ခင်းတွင် မြူနှင်းများစိုကာ ခွာညိုတို့သင်းသည့် သာယာသော လရာသီဖြစ်၏။ မင်းကြီး မဟာအတုလ ဓမ္မိကရာဇာက ပြာသိုလဘွဲ့လွမ်းချင်းတွင် မကာရရာသီ၌ ရွှေရောင်ရှိသော ဖုသျှနက္ခတ်နှင့် စန်းယှဉ်ပုံ၊ လုံပွဲ၊ မြင်းခင်းကျင်းပပုံတို့ကို ပြဆိုထား၏။ သာယာသည့် ပြာသိုလ၏ သဘာဝကို "တိမ်ခြေငယ်ရှင်းပါလို့ မြူနှင်းငယ်စိုစို၊ လပြာသိုမှာ၊ နွယ်ခွာညိုပြိုင်ပြိုင်နှင့်၊ လှိုင်လှိုင်သင်းတဲ့ လကိုလေး" ဟူ၍ စာပန်းချီခြယ်သခဲ့၏။

"ပန်းကံ့ကော်ရွှေစံကား၊ ငွေသားနုစံပယ်မှန်၊ မြတ်လေးခတ္တာနှင့်၊ ရွှေရင်းမာကြာခဝဲ၊ ဖွဲ့စနှင်းလျှံ သဇင်ကျန်ခွာတံနှင့် ပေါက်လဲ၊ ပွင့်ဝတ်မှုန်ရွှေဖီမင်းရယ်၊ သင်းထုံနံ့ကဲ" ဟု ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်ရာသီပွင့်ကြသော ပန်းတို့ကို လေးဆစ်သဖြန်ဖြင့် မှတ်သားဖွယ်ကောင်းအောင် စပ်ဆိုထားခဲ့၏။ ဖိုးသူတော်ဦးမင်းက မုလေးပန်း၊ မြတ်လေးပန်းကို "ရွှေစာတော်ပြန်မေးလို့၊ မြတ်လေးတဲ့စမွယ်၊ မေထုန်ဆိုရာသီကူးလို့၊ ပွင့်ဖူးဝတ်မှုန်နဲ့၊ သင်းပျံ့တော့တယ်" ဟူ၍ ဆိုထား၏။ နယုန်လသဖြန်တွင် နယုန်လမှာ ပွင့်သောပန်းဟု ပြဆိုပြန်သည်။ ကင်းဝန်မင်းကြီးကဗျာကမူ ဝါဆိုလဟု ပြသည်။ ထိုကဲ့သို့ စာဆိုတစ်ဦးနှင့်တစ်ဦး အာဘော်ချင်းမတူသည်တို့လည်း ရှိ၏။ တချို့က ဝါဆိုလမှာ သရဖီပန်းဟုပြဆိုရာ တချို့ကလည်း သရဖီပန်းက တပေါင်းလ၌ ပွင့်သည်ဟု ဆို၏။ အလားတူပင် တော်သလင်းနှင့် တပေါင်းလ နှစ်လအတွက် အင်ကြင်းပန်းဟူ၍ ချည်း ဖော်ပြသည်လည်းရှိ၏။ သို့သော် ယေဘုယျအားဖြင့် မှတ်သားရန်ကား တန်ခူးလ ကံ့ကော်ပန်း၊ ရင်ခတ်ပန်း၊ ကဆုန်လ စံကားပန်း၊ နယုန်လ စံပယ်ပန်း၊ မြတ်လေးပန်း၊ ဝါဆိုလ ပုန်းညက်ပန်း၊ ဝါခေါင်လ ခတ္တာပန်း၊ တော်သလင်းလ ရင်းမာပန်း၊ သီတင်းကျွတ်လ ကြာမျိုးငါးပါး၊ တန်ဆောင်မုန်းလ ခဝဲပန်း၊ နတ်တော်လ သဇင်ပန်း၊ ပြာသိုလ ခွာညိုပန်း၊ တပို့တွဲလ ပေါက်လဲပန်း၊ တပေါင်းလ ပိတောက်ပန်း၊ သရဖီပန်း၊ အင်ကြင်းပန်း စသည်တို့ဖြစ်၏။

**ပန်းခွာညို**

ကဗျာတွင် ဖော်ပြထားသော ပြာသိုလတွင် ပွင့်သော ခွာညိုပန်းသည် နှစ်ကြာကြာခံသော နွယ်ပင်မျိုးဖြစ်၍ ယင်းပန်းကို အုတ်နံရံ ခြံစည်းရိုးစသည်တို့၌ အလှစိုက်ကြသောကြောင့် လူသိများ၏။ ခွာညိုဟုဆိုခြင်းကြောင့် အပြာရောင်ရှိလိမ့်မည်ဖြစ်၏။

"ပြာသိုမကာရ ကြယ်ဖုသျှ ယှဉ်တထူနှစ်ဖော်" ဆိုသော ကင်းဝန်မင်းကြီး၏ သံပေါက်အရ ပြာသိုသည် မကာရရာသီဖြစ်၏။ မကာရဆိုသော ပါဠိစကားသည် ရေသတ္တဝါ မကန်းငါးကို ဆိုလိုခြင်းဖြစ်၏။ ရှေ့ကသမင်နှင့် နောက်တွင် မကန်းငါးရုပ်သဏ္ဍာန်ရှိသော ရာသီရုပ်ဖြစ်သည်။ ကောင်းကင်တွင် လမင်းသည် ဖုသျှနက္ခတ်နှင့် ယှဉ်ပြည့်ကာ ဥတ္တရာသာဠ်နက္ခတ်နှင့် နေမင်းတို့ ယှဉ်ကြ၏။ ပုစ္ဆန်တာရာထွန်းပသော လပြာသိုဖြစ်၏။ မြန်မာပြည်ရာသီဥတု၊ မြန်မာတို့၏ တစ်ဆယ့်နှစ်လသည် တစ်လနှင့်တစ်လ မိုးရွာသွန်းပုံ မတူညီကွဲပြားခြားနား၏။ ကွဲပြားခြားနားသည့် အလျောက် "ပြာသိုချမ်းပြင်း၊ မိုးညင်းညင်း၊ ဆီးနှင်း ရေယုက်၊ နှမ်းပုံဖျက်" ဟူ၍ ရှေးပညာရှင်များက သီးနှံစိုက်တောင်သူတို့အား သတိပေးခဲ့၏။ အချမ်းပိုသော လပြာသိုအခါ "ပြာသိုမှာ ဖြာစိုနှင်းရယ်နှင့်၊ ခါအလို ခွာညိုသင်းပါဘိ၊ မြင်းခင်းမြတ်တော်သဘင်မှာ၊ ပျော်ရွှင်ကြပြည်လုံး" ဟု ဆရာကြီး ဦးပုံးချို၏ လေးဆစ်သဖြန်အရ ခွာညိုပန်း ပွင့်ချိန်မြင်းခင်းသဘင်ပွဲတော် ကျင်းပကြောင်း ဖော်ပြထား၏။

**အမည်ကိုအစွဲပြု**

ရှေးခေတ်ပုဂံသားတို့သည် ထိုလရာသီတွင် ဖယောင်းများကို စုဆောင်းကြသည်။ ပုဂံသားတို့သည် မီးထွန်းရန် ပျားဖယောင်းများကိုသာ အားထားရကြောင်းကို သမိုင်းသုတေသီများက ဆို၏။ ပျားအုံမှ ထုတ်ယူရသော ပျားဖယောင်းများသည် ပြာသိုလတွင် အမြောက်အမြားထွက်လေ့ရှိ၏။ ပျားဖယောင်းရှာဖွေရန် အကောင်းဆုံးလ၏ အမည်ကို အစွဲပြု၍ ပြာသိုလဟု မှတ်ယူရာ၏။

အမရကောသ အဘိဓာန်ကျမ်းတွင် မကာရရာသီ၌ ဖုသျှနက္ခတ်နှင့် ယှဉ်သော လပြည့်နေ့ကို "ပေါသျှီ" ဟုလည်းကောင်း၊ ရာဇမတ္တံကျမ်းတွင် ပေါသီပြာသိုလဟုလည်းကောင်း ဖွင့်ဆိုထား၏။ ထိုသို့ ဖွင့်ဆိုချက်များအရ ရှေးခေတ်ရာသီဖွဲ့စာဆိုတစ်ဦးက "မာဃဓေလို၊ ပေါသီဆို၊ နဂိုရင်းစကား၊ သတ္တိတလုစ်ပြောသီဖြစ်၊ မြန်ခေတ်ပြာသိုထား" ဟူ၍ သံပေါက်စပ်ဆိုထားခဲ့၏။ တချို့ပညာရှိများက ပရသီတလ ဟူသော ပါဠိမှ မြန်မာဘာသာ ပြာသိုလသို့ ပြောင်းလဲလာသည်ဟု မှတ်ယူထားကြ၏။ ပရသီတဆိုသည်မှာ အခြားသော လများထက် ပိုလွန်းချမ်းအေးသောလဆို၏။ ဤသည်မှာ ကျမ်းဂန်တို့၌ တိုက်ရိုက်မရှိသော်လည်း ယုတ္တိရှိ၏။

**အဓိကအားထား**

ပြာသိုလကို ပုဂံခေတ်ကျောက်စာတို့၌ ပ္လသေဝ်၊ ဗ္လ သို၊ ပ္လ သိုင် ဟူ၍ ရေးထိုးထားသည်။ အဓိပ္ပာယ်မှာ တောက်လောင်ထွန်းညှိခြင်း အနက်ကိုဟော၍ "လ" သဒ္ဒါသည် ချိပ်၊ ဖယောင်းအနက်ကို ဟော၏။ ဤနေရာတွင် "ပ" နှင့် ယှဉ်တွဲနေသည့် "လ" သဒ္ဒါမှာ ဖယောင်းကိုသာ ဟောနိုင်၏။ ထို့ကြောင့် ပျားဖယောင်းစု၍ အများဆုံးရသော လဟု အဓိပ္ပာယ်ယူဆကြရာ၏။ ရှေးပုဂံခေတ်တွင် ယခု မျက်မှောက်ခေတ်ကဲ့သို့ မီးထွန်းရန် ပစ္စည်းကိရိယာများ မပေါများ၊ မလွယ်ကူ၊ မီးထွန်းရေးကိစ္စများတွင် ပျားဖယောင်းများကိုသာ အဓိကမှီခိုအားထားခဲ့ဟန်ရှိ၏။

အလွန်ချမ်းအေးသောလ ဆောင်းကာလတွင် ရှေးရှေးဘုရင်မင်းများ လက်ထက်ကတည်းက မြန်မာတို့၏ ဇွဲသတ္တိ၊ ဗျူဟာ၊ လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် ပြည့်စုံသူတို့အား ပွဲသဘင်ခင်းလျက် ချီးမြှောက်သောဓလေ့အဖြစ် မြင်းခင်းသဘင် ပြုလုပ်ပေးခြင်းသည် မြန်မာတို့ မမေ့ကောင်း၊ လေးစားဖွယ်ကောင်းသော မှတ်သားဖွယ်ဖြစ်ပေ၏။ ရှေးဘုရင်တို့ ဤသို့ မြင်းခင်းသဘင်ကျင်းပပုံကို မဟာအတုလမင်းကြီး ရေးသားသီကုံးခဲ့သည့် ဆယ့်နှစ်လရာသီ လွမ်းချင်းများထဲမှ ပြာသိုလမကာရရာသီ၏ သရုပ်ကို ဖော်ဆောင်ထားသည့် လွမ်းချင်းမှာ "ရောင်သိင်္ဂီငယ်ကြယ်ဖုသျှ၊ မကာရမို့၊ ရွှေဝဥကင်၊ နန်းရင်ပြင်မှာ၊ လုံလျှင်မြင်းခင်း၊ သဘင်ကျင်းလို့၊ ရာမင်းတွက်ဗိုလ်ညီလာခံသောအခါ၊ ဆဒ္ဒန်ပိုင်ပြောင်မုန်မှာ၊ အောင်တံခွန်တေဇာမြူးလို့၊ ထူးလှတယ်လေး" ဟု ဆိုထားပေ၏။ အတုလမင်းကြီး လွမ်းချင်းက မြန်မာများ အစွမ်းသတ္တိဇွဲရှိသည်ကို ဖော်ညွှန်းထားသည်။ ဗိုလ်ပါစုံလင်စွာဖြင့် မြင်းခင်း၊ ဆင်ခင်း၊ ဓားရေး၊ လှံရေး၊ အတတ်ပညာတို့အား ယှဉ်ပြိုင်သည့် စွမ်းပကားဇာတိမာန်တို့ကို ပုံဖော်ကာ ရဲရင့်ခြင်း ဝီရိယကို ပေးဆောင်ထားခြင်းဖြစ်၏။

**ဆန်းပြားစွာဖွဲ့ဆို**

ပြာသိုလ၏ လှပဆန်းကြယ်ပုံကို စာဆိုရှင် ဖိုးသူတော်ဦးမင်းက "ငွေသော်တာစန္ဒနှင့်၊ ဖုသျှလမ်းဆုံ၊ တိမ်လွှာမှာ ရောင်ဝါကျင့်လို့၊ နှစ်မင်းတူပြိုင်ပ၊ မြန်းကွခိုက်ကြုံ၊ သရဝဏ် မြိုင်စုံမြနန်း၊ နုစိမ်းစိုစိုနှင့်၊ ပန်းခွာညိုငုံတံထူးတယ်၊ ဖူးပွင့်ချက်ဆန်း" ဟူ၍ ဆန်းပြားစွာ ဖွဲ့ဆိုထားခဲ့၏။

မြန်မာတို့သည် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနှင့်၊ ကိုယ့်ဘာသာ တရားတော်တို့အား လေးစားယုံကြည်ကြကာ တွန်းလှန်တိုက်ခိုက်မှုများသည် ရှေးခေတ်ကပင် ရှိနေခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရမည်ဖြစ်ပေသည်။ ကာယစွမ်းရည်၊ လက်ရုံးရည်ပြိုင်ပွဲများကို ပြုလုပ်ခဲ့ခြင်းဖြင့် ခေတ်အဆက်ဆက် ရှေးဘုရင်မင်းများ လက်ထက်တော်ကတည်းက မြန်မာတိုင်းပြည်၌ တာဝန်ထမ်းဆောင်သော စစ်သည်ရဲမက်တို့အား ပြာသိုလအခါသမယတွင် ချီးမြှောက်သူကောင်းပြုသော ပွဲတော်ကြီးကို ခမ်းနားစွာ ဆင်ယင်ကျင်းပခဲ့ကြောင်း လေ့လာမှတ်သားဖွယ်မှတ်တမ်းက ဖော်ပြနေ၏။

**ဇာတိမာန်ကို ဖော်ကျူး**

"ခွာဝါနွယ်ဖွဲ့၊ ပြာညိုလဲ့နှင့် နွဲ့နွဲ့ငုံတံ၊ စိန်ချယ်ရံလို့၊ ဝတ်ဆံငွေပျော်၊ သည်ပန်းတော်ကို၊ ညာမော်နန်းသူ၊ ဆွတ်ခြွေယူလျက်" ဟူ၍ ဖွဲ့ဆိုထားခဲ့သည်။ ပြာသိုလကို ချစ်မြတ်နိုးတွယ်တာသည့် သိင်္ဂါရရသကို ဖော်ဆောင်ထားသကဲ့သို့ ဖော်ပြထားသည်။ ကုန်းဘောင်မင်းလက်ထက် စာဆိုရှင် လှူဦးမင်း၏ ရာသီဖွဲ့လေးချိုးကြီးကလည်း ပြာသိုလ၏ အလှသရုပ်၊ ဇာတိမာန်ကို ပုံဖော်ကျူးထားသည်ကို ကောက်နုတ်တင်ပြရလျှင် "ခါသဘင်မှာ ရာဇဉ်မှန်ပုံနတ်သူမလည်း၊ ဗိုလ်ထုငယ်လေးအင်၊ စစ်ရေးအင်လို့၊ သေနင်္ဗျူဟာ၊ ယတြာနှင့်" ဟူသော ဖွဲ့ဆိုမှုကို ထောက်ရှုခြင်းဖြင့် မင်းများသည် ပျော်ပွဲသဘင်သဖွယ် စစ်ရေး၊ စစ်တတ်၊ ဆင်ခင်း၊ မြင်းခင်း စသည့်အတတ်ပညာတို့အား ပွဲလမ်းသဘင်ခံကာ ကျင်းပပုံကို လေ့လာတွေ့ရှိရစေ၏။

"----လပြာသိုကား၊ မိန်ညိုချပ်ဝတ်၊ လျောက်ပတ်ဆောင်ယောင်၊ မျှးခေါင်မတ်ဖျား၊ မင်းသား မင်းမြေး၊ ဆုန်းရေးမှတ်လျက်၊ စွယ်ယှက်ချိုင်၊ မွမ်းဖြင့်တိုက်လွတ်၊ ပတ်ဝန်းကျင်၊ ခြေလျင်ခြေချင်း၊ မြင်းလည်းမြင်းလျောက်၊ ထိုးမြှောက်လှံလေး၊ ခုန်ထွေးသံရှင်၊ စိုင်းနှင့်ကြွားကြွား၊ ဓားသွားနုတ်ငင်၊ သဘင်မြင်းခင်း၊ စစ်အင်ကျင်းသည်" ဟူ၍ လူးတားစာဆို ဦးအောင်ကြီးက အင်းဝမြို့ဖွဲ့၊ ပြာသိုလမြင်းခင်းသဘင်အား မှတ်တမ်းပြုခဲ့၏။ နိုင်ငံတော်၏ စွမ်းရည်မြင့်မားမှု၊ စည်းလုံးညီညွတ်မှု စသည်များကို ပြသသော သဘင်မျိုးဖြစ်၏။ နိုင်ငံကာကွယ်ရာတွင် ထိရောက်စွာ ဖော်ထုတ်နိုင်ခဲ့ကြောင်း သမိုင်းသုတေသီများက ဆို၏။

**စတင်ပေါ်ပေါက်လာ**

အမြော်အမြင်ကြီးလှသော ရှေးမြန်မာတို့၏ စစ်ရေးအဖုံဖုံအတွက် သူရဲကောင်းမျိုးစုံကို မွေးထုတ်သည့် စစ်ရေးပြပွဲဖြစ်၏။ မြင်းခင်းသဘင်တစ်မျိုးတည်းသာ ကျင်းပသည်မဟုတ်၊ ဆင်ခန်း၊ လေးခန်း၊ ဓားခုတ်၊ လှံထိုး၊ သိုင်းအမျိုးမျိုးတို့ကိုပါ တစ်လလုံးလုံး ဆက်တိုက်ကျင်းပသောပွဲဖြစ်၏။ မြင်းကို ပဓာနပြုသောကြောင့် မြင်းခင်းသဘင်ဟု ခေါ်ဆိုခြင်းဖြစ်၏။ ဤပွဲတော်သည် ပင်းယတစ်စီးရှင် သီဟသူလက်ထက်၊ သက္ကရာဇ် ၆၇၄ ခုနှစ်ခန့်က စတင်ပေါ်ပေါက်လာသည်ဟု သိရ၏။

မြန်မာမင်းတို့၏ မြင်းခင်းသဘင်သည် မင်းအဆက်ဆက် ကျင်းပပြုလုပ်လာခဲ့သည်။ စနေမင်း၊ တနင်္ဂနွေမင်း၊ ဟံသာဝတီမင်းအထိ မင်းသုံးဆက်တိုင်တိုင် အမှုထမ်းခဲ့သော အင်ရုံဝန်ကြီးက အင်းဝခေတ် မြင်းခင်းသဘင်အစီအစဉ်ကို လောကဗျူဟာကျမ်းတွင် မှတ်တမ်းတင်ထားခဲ့၏။

**များစွာ အကျိုးရှိ**

မြန်မာမင်းများသည် ဤပွဲတော်ကို အပျော်အပါး သက်သက် ကျင်းပပြုလုပ်ခဲ့ကြသည်မဟုတ်ပါ။ တိုင်းပြည်စည်ပင်ဝပြောရန်နှင့် တိုင်းပြည်ကာကွယ်ရေးအတွက် လူစွမ်းကောင်းများ ပေါ်ထွက်လာစေရန်စသည်တို့ကို ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်၏။ ဤပွဲတော်ကြောင့် ကျန်းမာကြံ့ခိုင်သူ၊ မြင်းရေး၊ ဆင်ရေးကျွမ်းကျင်သူနှင့် ဓားခုတ်၊ လှံထိုးအမျိုးမျိုးတို့ကို ထူးချွန်စွာ ကျွမ်းကျင်သူ လူရည်ချွန်သူရဲကောင်းများ အမြောက်အမြား ပေါ်ထွက်ခဲ့၏။ အထူးသဖြင့် ဤပွဲသဘင်ကျင်းပခြင်းသည် အမျိုးသားကာကွယ်ရေးအတွက် များစွာ အကျိုးရှိကြောင်း တွေ့ရမည်ဖြစ်၏။ ။

> **"မြန်မာမင်းများသည် ဤပွဲတော်ကို အပျော်အပါးသက်သက် ကျင်းပပြုလုပ်ခဲ့ကြသည်မဟုတ်ပါ၊ တိုင်းပြည်စည်ပင်ဝပြောရန်နှင့် တိုင်းပြည်ကာကွယ်ရေးအတွက် လူစွမ်းကောင်းများ ပေါ်ထွက်လာစေရန်စသည်တို့ကို ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်၏၊ ဤပွဲတော်ကြောင့် ကျန်းမာကြံ့ခိုင်သူ၊ မြင်းရေး ဆင်ရေးကျွမ်းကျင်သူနှင့် ဓားခုတ်၊ လှံထိုးအမျိုးမျိုးတို့ကို ထူးချွန်စွာ ကျွမ်းကျင်သူ လူရည်ချွန်သူရဲကောင်းများ အမြောက်အမြားပေါ်ထွက်ခဲ့"**

# ရှားတောမြို့နယ် တိုင်းရင်းဆေးကုဌာန ဝန်ထမ်းမရှိ၍ လုပ်ငန်းများ မဆောင်ရွက်နိုင်သေး

**လွိုင်ကော် ဒီဇင်ဘာ ၁၇**

ကယားပြည်နယ် ရှားတောမြို့နယ် အလယ်ပိုင်းကျေးရွာအုပ်စု မြောက်ရွာကျေးရွာအနီး၌ မြို့နယ်တိုင်းရင်းဆေးကုဌာန အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ တည်ဆောက်ပြီးစီးခဲ့သည်မှာ နှစ်နှစ်ခန့် ကြာပြီဖြစ်သော်လည်း ဝန်ထမ်းများ စေလွှတ်တာဝန်ချထားခြင်း မရှိသေးသောကြောင့် တိုင်းရင်းဆေးကုဌာန ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

"အဆောက်အအုံတွေ ဆောက်လုပ်ပြီးစီးတာ နှစ်နှစ်လောက်ရှိပြီ၊ ဝန်ထမ်းတွေ မရောက်သေးတော့ တိုင်းရင်းဆေးကုဌာန မဖွင့်နိုင်သေးဘူး၊ အဆောက်အအုံတွေက စောင့်ရှောက်သူမဲ့အခြေအနေဖြစ်နေပြီး ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးအုပ်ကုန်ပြီ၊ ပျက်စီးကုန်မှာ စိုးရိမ်ရတယ်၊ ဝန်ထမ်းတွေ အမြန်ဆုံးစေလွှတ်တာဝန်ချထားပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးချင်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ပေ ၃၀ ပတ်လည်အကျယ် သံကူကွန်ကရစ်အမျိုးအစား မြို့နယ်တိုင်းရင်းဆေးကုဌာန အဆောက်အအုံကို ငွေကျပ် ၂၄၃ သိန်း အကုန်အကျခံ၍လည်းကောင်း၊ အလျားပေ ၆၀၊ အနံ ပေ ၃၀ ရှိ သုံးခန်းတွဲ သံကူကွန်ကရစ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံကို ငွေကျပ် ၄၈၅ ဒသမ ၅ သိန်း အကုန်အကျခံ၍လည်းကောင်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးခဲ့ကြောင်း မြို့နယ်တိုင်းရင်းဆေးကုဌာန တည်ဆောက်ရေးလုပ်ငန်းမှတ်တမ်းအရ သိရသည်။

မြို့နယ်တိုင်းရင်းဆေးကုဌာနအတွက် ဝန်ထမ်းများ တာဝန်ချထားမည်ဆိုပါက ဝန်ထမ်းဖွဲ့စည်းပုံအင်အားအခြေအနေမှာ ဒုတိယတိုင်းရင်းဆေးမှူးတစ်ဦး၊ လက်ထောက်တိုင်းရင်းဆေးမှူးတစ်ဦး၊ ဒုတိယလက်ထောက်တိုင်းရင်းဆေးမှူး တစ်ဦး၊ ရုံးအကူတစ်ဦးနှင့် လုပ်သားလုံခြုံရေးတစ်ဦး စုစုပေါင်း ငါးဦးဖြစ်ပြီး ယခုအခါ အဆိုပါ ဝန်ထမ်းအင်အားအတိုင်း တာဝန်ချထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ သိရသည်။

ဤကဲ့သို့ တိုင်းရင်းဆေးကုဌာန ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် အဆောက်အအုံများ တည်ဆောက်ပြီးစီးခဲ့သည်မှာ နှစ်နှစ်ခန့်ကြာပြီဖြစ်၍ ဝန်ထမ်းများအမြန်ဆုံးတာဝန်ချထားပေးကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင် (လွိုင်ကော်)**

# လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့အား အလှူငွေများ လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၇

**လူရည်ချွန်( ၁၉၆၄-၈၈)အဖွဲ့နှစ်ပတ်လည် ညစာစားပွဲနှင့် ၂၀၁၇ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်များအား ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၆ ရက် ညက ရန်ကုန်မြို့ပြည်လမ်း ဆေးတက္ကသိုလ်(၁) မြက်ခင်းပြင်၌ ကျင်းပသည်။**

ရှေးဦးစွာ လူရည်ချွန်(၁၉၆၄-၈၈) အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအောင်ဇော်မျိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ထို့နောက် ၂၀၁၇ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ် ရမှတ်အများဆုံး ၁၁ ဦးတို့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လူရည်ချွန်(၁၉၆၄-၈၈) အဖွဲ့ နာယက ဒေါက်တာ တင်မျိုးဝင်း၊ ဥက္ကဋ္ဌ ဒေါက်တာ အောင်ဇော်မျိုး၊ နိုင်ငံတော် အတိုင်ပင်ခံရုံး ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဧည့်သည်တော်များက ဆုများ ချီးမြှင့်ပေးကြသည်။

ယင်းနောက် လူရည်ချွန်(၁၉၆၄-၈၈) အဖွဲ့အား အလှူငွေများ လှူဒါန်းရာ ကမ္ဘောဇကုမ္ပဏီများအုပ်စုက ငွေကျပ်သိန်း ၅၀၀၊ အောင်မြင်သူ ကုမ္ပဏီအုပ်စုက ငွေကျပ် ၂၅ သိန်း၊ စွယ်စုံမီဒီယာမှ MD လူရည်ချွန်လေးထပ်ကွမ်း ဒေါက်တာ တင်ထွန်းဦးက ငွေကျပ်သိန်း ၂၀၊ လားရှိုး လူရည်ချွန်မှ ဒေါက်တာအေးအေးက ငွေကျပ် ၁၀ သိန်း၊ လားရှိုးလူရည်ချွန်မှ ဒေါက်တာကြူကြူက သုံးသိန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်စိုး(ငြိမ်း) UPDJC နှင့် ဇနီး လူရည်ချွန် ဒေါ်ခင်မြဦးက နှစ်သိန်း၊ ဒေါ်မြတ်မြတ်အုန်းခင် ပြည်ထောင်စုဝန်ကြီး(ငြိမ်း)က လူရည်ချွန်တက္ကသိုလ် ပညာသင်ဆုအတွက် ငွေကျပ်ခြောက်သိန်း၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာ အောင်သူက ငွေကျပ်တစ်သိန်း၊ (၇၂) လူရည်ချွန် ဒေါက်တာ လှသိန်းအေးက ငွေကျပ်တစ်သိန်းတို့အား ပေးအပ်လှူဒါန်းကြရာ လူရည်ချွန် (၁၉၆၄-၈၈) အဖွဲ့နာယက၊ ဥက္ကဋ္ဌတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**



# ထိုင်းဘုရင့်သမီးတော် မွေးနေ့အထိမ်းအမှတ် ပထမအကြိမ် ဆိုလာကင်းထောက် ဂျမ်ဘူရီပွဲတော်သို့ တက်ရောက်ခဲ့သည့် မြန်မာကင်းထောက် ကိုယ်စားလှယ်များ ပြန်လည်ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၇

**ထိုင်းဘုရင့်သမီးတော်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့အစည်းမှ ပထမအကြိမ် ကျင်းပခဲ့သည့် ဆိုလာကင်းထောက် ဂျမ်ဘူရီပွဲတော် (The 1st Solar Scouts Jamboree) တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ သီဟကင်းထောက်ကြီး ဦးကျော်၊ ဦးတင်မောင်လတ်၊ ဦးမြင့်စိန်၊ ဒေါ်သစ်သစ်ဦး တို့ဦးဆောင်သော မြန်မာကင်းထောက်ကိုယ်စားလှယ်အဖွဲ့ဝင် ၁၂ ဦးတို့သည် ယမန်နေ့ညပိုင်းက ထိုင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အစီအစဉ်မှူးချုပ် ဦးအေးကြိုင်နှင့် ကင်းထောက်ကြီးများ၊ ကင်းထောက် လူငယ်မောင်မယ်များက ကြိုဆိုနှုတ်ဆက်ကြသည်။**



**ထိုင်းဘုရင့်သမီးတော် မွေးနေ့အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ပထမအကြိမ် ဆိုလာကင်းထောက် ဂျမ်ဘူရီပွဲတော် တက်ရောက်ခဲ့သည့် မြန်မာကင်းထောက်ကိုယ်စားလှယ်များအား နိုင်ငံတကာကင်းထောက်ကိုယ်စားလှယ်များနှင့်အတူ တွေ့ရစဉ်။** မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်

မြန်မာကင်းထောက် ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ထိုင်းနိုင်ငံ ဗာဂျာရာဗူဒါ(Vajiravudh Camp) ကင်းထောက်စခန်းတွင် ထိုင်းနိုင်ငံအပါအဝင် အထူးဖိတ်ကြားခံထားရသည့် ပါကစ္စတန်၊ ဗီယက်နမ်၊ သီရိလင်္ကာ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဘူတန်နိုင်ငံများမှ ကင်းထောက်ခေါင်းဆောင်များ၊ ကင်းထောက်လူငယ်မောင်မယ် ၁၀၀၊ ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ကင်းထောက်မောင်မယ် ၁၅၀၀၀ တို့နှင့်အတူ "ပိုမိုကောင်းမွန်သော ကမ္ဘာကြီးဖြစ်ရန် စွမ်းအင်ကို စုဆောင်းကြပါစို့" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ပထမအကြိမ် ဆိုလာကင်းထောက် ဂျမ်ဘူရီပွဲတော် (The 1st Solar Scouts Jamboree) ကို တက်ရောက်ခဲ့ကြသည်။

**လေ့ကျင့်ဆောင်ရွက်**

ယင်းပထမအကြိမ် ဆိုလာကင်းထောက်ဂျမ်ဘူရီပွဲတော်တွင် ဘဝတစ်သက်တာ ဆိုလာ(Solar for Life)၊ ကျန်းမာရေးအတွက် ဆိုလာ (Solar for Health)၊ သဘာဝပတ်ဝန်းကျင် ဆိုလာ (Solar for Environment)၊ ခေါင်းစဉ်သုံးမျိုးကို စခန်းအလိုက် အဖွဲ့များခွဲကာ ကင်းထောက်ကိုယ်စားလှယ်များက ဆွေးနွေးပြီး လက်တွေ့လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ တေးသီချင်းများ သီဆိုခြင်းနှင့် ကစားနည်းများ လေ့ကျင့်ဆောင်ရွက်နည်းများကို ပြုလုပ်ခဲ့ကြသည်။

**အမှတ်တရလက်ဆောင် ပေးအပ်**

ထို့ပြင် စခန်းကာလအတွင်း နိုင်ငံအသီးသီးမှ ကင်းထောက်ကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံမှ ကင်းထောက်လူငယ်မောင်မယ်များသည် ကင်းစိတ်အလိုက် တဲများထိုးကာ နေထိုင်ခြင်း၊ ကင်းထောက်လုပ်ငန်းဆိုင်ရာများကို ဆောင်ရွက်ခြင်း၊ ထိုင်းနိုင်ငံ အလံတင်အခမ်းအနား၊ နိုင်ငံအလိုက် အလံတင်အခမ်းအနားများကို ဆောင်ရွက်ခဲ့ပြီး ဂျမ်ဘူရီစခန်းဖွင့်ပွဲနှင့် စခန်းသိမ်းပွဲတွင် ထိုင်းနိုင်ငံ ကင်းထောက်အဖွဲ့ အထွေထွေအတွင်းရေးမှူး Mr.Prasert Boon Zeung နှင့် ဂျမ်ဘူရီ စခန်းမှူး Mr.Kongnut Phai Boon Sil တို့က နိုင်ငံတကာမှ ကင်းထောက် ကိုယ်စားလှယ်များကို အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး စခန်းသိမ်းမီးပုံပွဲ ကျင်းပရာတွင်လည်း နိုင်ငံအလိုက် ရိုးရာသီချင်းများ၊ အကများဖြင့် ဖျော်ဖြေကြသည်။

**ဂုဏ်ပြု**

စခန်းကာလအတွင်း အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ ဒါရိုက်တာ Mr.J R က အမှာစကားပြောကြားရာ၌ ဩဂုတ်လမှ စတင်၍ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံဖြစ်လာသည့် မြန်မာနိုင်ငံ ကင်းထောက်ချုပ် ဒေါက်တာတင်ညို ခေါင်းဆောင်သည့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ ဂျမ်ဘူရီ ကင်းထောက် ကိုယ်စားလှယ်များမှာ အခြားနိုင်ငံများမှ ကိုယ်စားလှယ်များထက် စခန်းအတွင်း စည်းကမ်းရှိမှု၊ တက်ကြွမှု၊ ဖျတ်လတ်မှု၊ ပေါင်းသင်းဆက်ဆံစုပေါင်းလုပ်ဆောင်မှုများ ကောင်းမွန်သည်ကို လေ့လာတွေ့ရ၍ မြန်မာနိုင်ငံ ကင်းထောက် ကိုယ်စားလှယ်များကို ဂုဏ်ပြုပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ကင်းထောက်ကိုယ်စားလှယ်အဖွဲ့သည် ဆိုလာကင်းထောက် ဂျမ်ဘူရီပွဲတော်သို့ တက်ရောက်ဆွေးနွေးခဲ့ကြပြီး ရရှိလာသောအတွေ့အကြုံများအား မြန်မာနိုင်ငံရှိ ကင်းထောက် လူငယ်များကို ဂျမ်ဘူရီစခန်း အတွေ့အကြုံများ၊ လေ့လာတွေ့ရှိခဲ့မှုကို ပြန်လည်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✪ *ကျောဖုံးမှ*

၀ ဒသမ ၇၆၆ သန်း၊ ကျောက်စိမ်း ၁၈၁၂ တွဲမှ ယူရိုငွေ ၈၇ ဒသမ ၈၀၆ သန်းဖြစ်ကြောင်း သိရသည်။

ပြပွဲဆဋ္ဌမနေ့သို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် စုစုပေါင်းဦးရေ ၄၄၁၆ ဦး တက်ရောက်ခဲ့ကြပြီး ကျောက်မျက်၊ အချောထည်ကျောက်စိမ်းအတွဲများအား စိတ်ကြိုက် ကြည့်ရှုလေ့လာကြသည်။



**ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းတုံးများ ကြည့်ရှုနေစဉ်။**

၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဒီဇင်ဘာ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၂၃၀၁)မှ (၃၄၅၀)ထိလည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၃၄၅၁)မှ (၄၆၀၀)ထိလည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၄၆၀၁)မှ(၅၇၅၀)ထိ လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် (၅၇၅၁) မှ(၆၆၈၅)ထိ လည်းကောင်း ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အခြေခံဈေး ယူရိုငွေ ၄၀၀၀ နှင့်အထက် တန်ဖိုး သတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲနှင့် အခြေခံဈေး ယူရိုငွေ ၁၀၀၀ နှင့် အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲ စုစုပေါင်း ၆၆၈၅ တွဲ ကို ခင်းကျင်းပြသထားပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။

**သတင်းစဉ်**

# သီပေါ သဘာဝရေပူစမ်းသို့ ရေချိုးလာရောက်သူများပြား

**သီပေါ ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အတွင်း ယခုရက်ပိုင်းတွင် အပူချိန်လျော့နည်းပြီး အအေးပိုလာသဖြင့် ဆွန်အိုက်ကြံခင်းကျေးရွာရှိ သဘာဝရေပူစမ်းသို့ လာရောက်လည်ပတ်ကာ ကျန်းမာရေးအတွက် ရေပူချိုးကြသူ များပြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆွန်အိုက်ကြံခင်း ရေပူစမ်းသည် မန္တလေး၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမကြီးမှ ဆွန်အိုက်ရွာသို့ ငါးမိနစ်ခန့် သွားရသောလမ်းတွင်ရှိသည်။ ယင်းရေပူစမ်းတွင် သဘာဝအလျောက် စိမ့်ထွက်လာသော ရေပူများကို အလျားပေ ၃၀၊ အနံ ၁၅ ပေ၊ အနက် လေးပေရှိ အုတ်ရေကန်ကြီးဖြင့် သိုလှောင်ထားကာ ရေဝင်၊ ရေထွက်နှင့် အမျိုးသား၊ အမျိုးသမီးများ ရေချိုးကန် နှစ်ခုထားရှိပေးထားသည်။

သဘာဝရေပူကို စိမ်ချိုးခြင်းဖြင့် ယားယံခြင်းနှင့် ညောင်းညာကိုက်ခဲခြင်းများ ပျောက်ပြီး လန်းဆန်းစေသဖြင့် လာရောက် ရေချိုးကြကြောင်း၊ ယခုရက်ပိုင်းတွင် ရေပူချိုးရန် လာရောက်သူများ ပိုများလာပြီး တစ်ရက်လျှင် လူဦးရေ ၂၀၀ ထက်မနည်းရှိကာ ညအိပ်ညနေစခန်းချ လာရောက်သူများဖြင့် ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင်များ ဖွင့်လှစ်ရောင်းချကာ စည်ကားလျက်ရှိသည်။ ရေချိုးသူများထံမှ တစ်ဦးလျှင် ငွေကျပ် ၂၀၀ ကောက်ခံပြီး ရရှိသော ရန်ပုံငွေဖြင့် ရေပူစမ်းပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် ပညာပါရမီကုသိုလ်ထူး ဆည်းပူးနိုင်ပါကြောင်း နှိုးဆော်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာမှာပင် ကျော်ကြား၍ စာမေးပွဲရက်အရှည်ကြာဆုံးသော အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက ကြီးမှူး၍ ကျင်းပမည်ဖြစ်သည်။

**သက်တမ်းကြာမြင့်**

၁၉၄၈ ခုနှစ် (မြန်မာသက္ကရာဇ် ၁၃၁၀ ခုနှစ်)တွင် စတင်ကျင်းပခဲ့သော တိပိဋကဓရ တိပိဋကကောဝိဒစာမေးပွဲကြီးသည် မြန်မာနိုင်ငံလွတ်လပ်ရေး၏ ဖွားဖက်တော်ဖြစ်သည်နှင့်အညီ မြန်မာ့လွတ်လပ်ရေးသက်တမ်းနှင့်အမျှ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ သာသနာ့အာဇာနည်လောင်းလျာ ပညာပါရမီရင့်သန်ကြသည့် သောတုဇန (စာသင်သား)အရှင်မြတ်တို့၏ သီလ၊ သမာဓိ၊ ပညာ၊ ဝီရိယစွမ်းအားတို့ကို အမြင့်မားဆုံး ထုတ်နုတ်ပြသရာ စာမေးပွဲကြီးဖြစ်သောကြောင့် မြန်မာနိုင်ငံ ပရိယတ္တိစာမေးပွဲများအနက် အထင်ရှားဆုံးသောပရိယတ္တိစာမေးပွဲကြီး ဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒစာမေးပွဲကြီး၏ အဓိက ရည်ရွယ်ချက်မှာ တစ်ဖက်ပါအတိုင်း ဖြစ်သည်-

**(က) ဗုဒ္ဓသာသနာတော်အတွင်း၌ ဘုန်းကံပါရမီထူး၊ ဉာဏ်ပညာထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး၊**

**(ခ) ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အထက်တန်း အကျဆုံး ချီးမြှောက်ရေး၊**

**(ဂ) သာသနာတော်၌ ဓမ္မစေတီထိုက်သော ပိဋကန္ဓတ်ငုံဆောင် ပုဂ္ဂိုလ်ထူး တို့ကို ဖော်ထုတ်ရေး။**

**တိပိဋက ကောဝိဒဘွဲ့ ရရှိတော်မူ**

ယင်းသို့ ရည်ရွယ်ချက် ကြီးကျယ် မြင့်မြတ်လေးနက်သော စာမေးပွဲကြီးတွင် စာဖြေသံဃာတော်များသည် ဘုရားဟောပါဠိတော် ဝိနည်းပိဋက စာမျက်နှာ ၂၂၆ဝ၊ သုတ္တန်ပိဋကစာမျက်နှာ ၇၇၉၊ အဘိဓမ္မာပိဋကစာမျက်နှာ ၄၉၈၇၊ စုစုပေါင်း စာမျက်နှာ ၈ဝ၂၆ တို့ကို အာဂုံပြန်ဆိုကြရပြီး အောင်မြင်လျှင် တိပိဋကဓရဘွဲ့နှင့် အဆိုပါ ပိဋကတို့၏ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို သဘောရေးဖြေအောင်မြင်လျှင် တိပိဋက ကောဝိဒဘွဲ့ ရရှိတော်မူကြသည်။

စာဖြေသံဃာများသည် အာဂုံပြန်ဆိုရာတွင် တစ်ရက်လျှင် ပျမ်းမျှအားဖြင့် ဆဋ္ဌသင်္ဂါယနာမူ စာမျက်နှာ ၁၀၀ မှ ၁၅၀ ခန့်ပြန်ဆိုကြရပြီး ယင်းတစ်ရက်တွင် စာမရပါက အများဆုံး ငါးကြိမ်သာ စာထောက်ပေးသည်။ ငါးကြိမ်ထက်ပိုလျှင် စာရသော်လည်း ကျရှုံးသတ်မှတ်သည်။ သဘောရေးဖြေစာမေးပွဲတွင် ၇၅ မှတ်ရမှသာ အောင်မြင်သည်။

ဤမျှ ခက်ခဲနက်နဲသော တိပိဋကဓရ တိပိဋကကောဝိဒစာမေးပွဲကြီးကို ၁၉၄၈ ခုနှစ်မှစတင်၍ ကျင်းပလာခဲ့ရာ ယခုအခါ ၆၉ နှစ်တိုင်တိုင်ရှိခဲ့ပြီး ၎င်းနှစ်များအတွင်း တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် ဆရာတော်ကြီး ၁၄ ပါးသာ ပေါ်ထွက်ခဲ့သည်။

**နှိုးဆော်ထား**

ယခုအခါ ၂၀၁၇ ခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးသို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီး ၁၇ ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီး ၁၁ ပါး၊ ပုစ္ဆကဆရာတော်ကြီး သုံးပါး၊ စာထောက် စာမဆရာတော် ၁၂၄ ပါး၊ ကြီးကြပ်ရေးဆရာတော် လေးပါး၊ အာဂုံဖြေဆို သံဃာ ၂၁၀ ပါး၊ သဘောရေးဖြေသံဃာအပါး ၁၇၀ တို့ ကြွရောက်ကြမည်ဖြစ်သောကြောင့် ပညာပါရမီရှင် ဆရာတော်သံဃာတော် အရှင်မြတ်တို့အား ပညာပါရမီကုသိုလ်ထူး ပြုလုပ်လိုကြသော အလှူရှင်များအနေဖြင့် နဝကမ္မ၊ လှူဖွယ်ဝတ္ထုများကို ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး တောင်ဘက်မုခ် အလှူခံဌာနနှင့် ညွှန်ကြားရေးမှူး၊ စာမေးပွဲဌာနခွဲ၊ ဖုန်း ၀၁-၆၆၀၇၆၆၊ ၀၉-၇၃၁၅၇၉၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ထားကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဆံတော်ရပ်ကွက် စာတိုက်တန်းလမ်းတွင် ကျင်းပသော ပြည်မြို့နယ်လုံးဆိုင်ရာ (၉၈)ကြိမ်မြောက် သံဃိကဒါနစာရေးတံမဲ အလှူတော်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က စာတိုက်တန်းလမ်း အလှူတော်မင်္ဂလာမဏ္ဍပ်၌ ကျင်းပစဉ်။

မောင်ရွှေဝင်း ( ပြည် )

# အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အောင်မြေသာယာ ဘုရားဝင်းအတွင်းရှိ သာသနာ့မကုဋ္ဌ အတုလဗိမာန်တော်ကြီး၌ သီလရှင်နှင့် လူပုဂ္ဂိုလ် စုစုပေါင်း ၂၇၃ ဦး ဖြေဆိုလျက်ရှိကြောင်း သိရသည်။



ပထမဆုံးအဖြစ် ကျင်းပသော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် အဘိဓမ္မာဖြေဆိုသူ ၂၄၃ ဦး၊ ဝိသုဒ္ဓိမဂ်ဖြေဆိုသူ ၂၃ ဦးနှင့် ဂုဏ်ထူးဆောင်ဖြေဆိုသူ ခုနစ်ဦးတို့ဖြင့် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ သုံးရက်တိုင်တိုင်ဖြေဆိုလျက်ရှိပြီး မြို့နယ်သံဃနာယကဆရာတော်နှင့် ကျောင်းတိုက်များမှ ဆရာတော်ကြီးများ၊ မြို့နယ်ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်သင်တန်းဌာနများမှ လူပုဂ္ဂိုလ်တို့က စာမေးပွဲဖြေဆိုကြခြင်းဖြစ်၍ လူပုဂ္ဂိုလ် ၂၇၀ နှင့် သီလရှင် သုံးပါး ဖြေဆိုလျက်ရှိကာ ယခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် လှိုင်သာယာ စာဖြေဌာနတွင် ကျင်းပခြင်းဖြစ်ပြီး ယခင်က အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်တွင် အဘိဓမ္မာစာမေးပွဲကို အကြိမ်(၆၀)မြောက်၊ ဂုဏ်ထူးဆောင်စာမေးပွဲကို (၆၂)ကြိမ်မြောက်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို (၆၂)ကြိမ်မြောက် ဖြေဆိုပြီးဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

**ဓာတ်ပုံ - သန်းစိုး**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော နိုဝင်ဘာလ ၇ ရက်နေ့မှ ဒီဇင်ဘာလ ၁၃ ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဘဝတိုးတက်အောင်မြင်ရေး မေးခွန်းများ-၁ | ကျော်ကျော်လှိုင် | ၂၅၀၀ | SMART စာပေ |
| ၂ | မြန်မာအစ--- မြန်မာက | ဒေါက်တာခင်မောင်လွင် | ၃၀၀၀ | SMART စာပေ |
| ၃ | လိုအပ်နေသော ရှေ့ဥပဒေ | ဒေါက်တာခင်မောင်လွင် | ၃၅၀၀ | SMART စာပေ |
| ၄ | လမ်းထိပ်ကဘိုလင်မယားနှင့် အခြားဝတ္ထုတိုများ | မောင်အောင်မွန် | ၃၀၀၀ | SMART စာပေ |
| ၅ | ဆုံစည်းခဲ့ရသော တစ်ခါကပန်ထွာဘုရင်မ | သန်းထွန်း(ရေနံ) | ၂၅၀၀ | SMART စာပေ |
| ၆ | ၂၁ ရာစုတစ်လွှား လူသားအကျိုးပြု၍ ချမ်းသာ အောင်မြင်လာသူများ | ကျော်ကျော်လှိုင် | ၂၀၀၀ | SMART စာပေ |
| ၇ | အဝါရောင် သစ်တောက်ငှက် (ဝတ္ထုတိုစုစည်းမှု) | လူသာမန် | ၂၅၀၀ | SMART စာပေ |
| ၈ | ခေါင်းဆောင်ကောင်း တစ်ယောက်အတွက် မရှိမဖြစ်လိုအပ်သော အရည်အသွေး ၂၁ ခု | ကျော်ကျော်လှိုင် | ၂၅၀၀ | SMART စာပေ |
| ၉ | နှလုံးသားကို ဖြူစင်အောင်ထားပါ | ကျော်ကျော်လှိုင် | ၃၀၀၀ | SMART စာပေ |
| ၁၀ | ရိုးမအလင်္ကာ စာပေဝိုင်း ဝတ္ထုတို စုစည်းမှု (၃) | ကလောင်စုံ | ၂၀၀၀ | ဘဝပင်လယ်စာပေ |
| ၁၁ | ရိုးမကမ်းခြေ ဇာတ်လမ်းများ | ကျွန်းစဉ်မြေ စောသက်၊ ခိုင်နန်းစံ၊ မွန်(ကျောက်ဖြူ) (အမျိုးသားစာပေဆုရ) | ၂၀၀၀ | ဘဝပင်လယ်စာပေ |
| ၁၂ | ငါတို့အနောက်တံခါး | ဖိုးကျော့ | ၄၀၀၀ | ရွှေအိမ်သူစာပေ |
| ၁၃ | အများနဲ့မတူ တစ်မူထူးခြားတဲ့သူများ | ဘိုဘိုဟန် | ၄၀၀၀ | လပြည့်ဟိန်းစာပေ |
| ၁၄ | သိမှတ်ဖွယ်ရာ ကမ္ဘာ့နိုင်ငံများ | မောင်ကျော်ဇော(သံတမန်) | ၄၀၀၀ | ကြယ်စင်စာပေ |
| ၁၅ | ဝရိန်းကောင်းတဲ့မိသားစု | အောင်ကျော်ဦး၊မေရီလင်း၊ ရိုးပြေပြစ်အောင် | ၃၀၀၀ | Academic |
| ၁၆ | အနာဂတ်အတွက် ပြင်ရအောင် | ဟန်စိုး | ၃၀၀၀ | ပဋ္ဌာဂံ |
| ၁၇ | Only me ကဗျာနှင့် အက်ဆေးများ | နွေသစ်ငြိမ်း | ၂၀၀၀ | ယဉ်မျိုး |
| ၁၈ | ဥရောပမှ ပေးစာများ | အေးအေးဝင်း | ၅၀၀၀ | စိတ်ကူးချိုချို |
| ၁၉ | ပါဝဲလ်မှုများ | ဦးတင်ဦး(ကျူရှင်) | ၁၈၀၀ | စိတ်ကူးချိုချို |
| ၂၀ | အရှေ့ကိုလျှောက်ပါလို့ အီသီယိုးပီးယားကိုတဲ့ မျှော်လိုက်ရင် | မင်းဒင် | ၅၀၀၀ | လွင်ဦး |
| ၂၁ | သူ | ဂျာနယ်ကျော်ဦးချစ်မောင် | ၃၅၀၀ | ကံ့ကော်ဝတ်ရည် |
| ၂၂ | ဆယ့်တစ်မိနစ် | ဒီနိုဗို | ၄၂၀၀ | ကံ့ကော်ဝတ်ရည် |
| ၂၃ | မြန်မာ့ဂန္ထဝင် လျှို့ဝှက်ဆန်းကြယ် ဝတ္ထုတိုများ | ခွန်းချိုဆွေရည် | ၂၇၀၀ | စိတ်ကူးချိုချို |
| ၂၄ | မုန်တိုင်းထဲကနဖူးစာနှင့် အခြားဝတ္ထုတိုများ | မောင်ထင် | ၁၅၀၀ | ဇေယျာမိုး |
| ၂၅ | လွယ်ကူလေ့လာ အင်္ဂလိပ်စာ လေ့ကျင့်ခန်း ဖြေနည်း(၁) | ရဲကျော်မြင့် | ၁၅၀၀ | မဇ္ဈိမ |

ဆက်လက်ဖော်ပြပါမည်

# မဲခေါင် -လန်ချန်း သတင်းမီဒီယာအဖွဲ့ တာ့လီမြို့လေ့လာ

တာ့လီ ဒီဇင်ဘာ ၁၇

**မဲခေါင် - လန်ချန်း သတင်းမီဒီယာအဖွဲ့သည် ပေကျင်းမြို့မှ ယူနန်ပြည်နယ် တာ့လီမြို့သို့ ရောက်ရှိကြပြီး ဒီဇင်ဘာ ၁၅ ရက်တွင် တာ့လီတက္ကသိုလ်သို့ သွားရောက်လေ့လာခဲ့ကြသည်။**



အောင်ပြည့်ဖြိုးဦး (ညှော့ပါမောက္ခ)



မဂျီယွန်းလော့

အဆိုပါ တက္ကသိုလ်တွင် ညှော့ပါမောက္ခအဖြစ် လာရောက်သင်ကြားပေးနေသည့် ဦးအောင်ပြည့်ဖြိုးဦးအား စာသင်ကြားပေးနေမှုနှင့် စပ်လျဉ်း၍ သိလိုသည်များ မေးမြန်းရာ “ ဒီတာ့လီတက္ကသိုလ်မှာ အရှေ့တောင်အာရှဘာသာရပ်တွေကို စတင် ဖွင့်လှစ်ထားပါတယ်။ ဒါပေမယ့် အရှေ့တောင်အာရှ ဘာသာရပ်တွေထဲက ထိုင်းဘာသာနဲ့ မြန်မာဘာသာ နှစ်ဘာသာပဲ သင်ကြားနေပါသေးတယ်။ မြန်မာဘာသာစကားကိုတော့ ဒီနှစ်မှ စတင်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူ ၃၇ ယောက် သင်ယူနေပါတယ်။ ကျောင်းအနေနဲ့ ရန်ကုန်တက္ကသိုလ်နဲ့ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့နဲ့ ချိတ်ဆက်ပြီး မြန်မာဘာသာသင်ယူမယ့် ကျောင်းသားကျောင်းသူတွေ အနေနဲ့လည်း တရုတ်နိုင်ငံမှာ သုံးနှစ် သင်ယူပြီးတော့ နောက်ဆုံးတစ်နှစ်ကို မြန်မာနိုင်ငံမှာ သွားရောက်သင်ယူဖို့ ဆောင်ရွက်ထားပါတယ်။ မြန်မာနိုင်ငံ မြန်မာစာဌာနက ဆရာဆရာမတွေကလည်း ဒီကိုလာရောက်လဲလှယ်ပြီး မြန်မာဘာသာ သင်ကြားဖို့အတွက် စီစဉ်ထားပါတယ်။ တာ့လီတက္ကသိုလ်ဟာ မြန်မာနိုင်ငံ ကချင်ပြည်နယ်နဲ့ နယ်နိမိတ်ချင်း ထိစပ်နေတဲ့အပြင် ယူနန်ပြည်နယ်ကလည်း မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ပါဝင်မှု များပြားတဲ့အတွက် မြန်မာဘာသာကို သင်ယူရမယ်လို့ သတ်မှတ်ထားတဲ့အတွက် အများဆုံး မြန်မာဘာသာစကားကို သင်ကြားပေးနေတာပါ”ဟု ပြောကြားသည်။

**ရွေးချယ်တက်ရောက်**

ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံ ကချင်ပြည်နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသောကြောင့် ရာသီဥတု ကောင်းမွန်ပြီး သဘာဝတောတောင်ရှုခင်းများဖြင့် ပြည့်စုံနေသောကြောင့် တာ့လီတက္ကသိုလ်သို့ ကျောင်းသားကျောင်းသူများ ရွေးချယ် တက်ရောက်ကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တက္ကသိုလ်သို့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ လာရောက်ပညာသင်ကြားနေသည့် ကချင်တိုင်းရင်းသူ မဂျီယွန်းလော့က “ကျွန်မကတော့ အင်ဂျင်နီယာဒီဇိုင်းဘာသာရပ်ကို အထူးပြုသင်ကြားနေပါတယ်၊ အခုနှစ်နဲ့ဆို လာရောက် ပညာသင်ကြားနေတာ ငါးနှစ်နီးပါး ရှိပါပြီ၊ ကျောင်းကို ရောက်ရောက်ချင်းကတော့ တရုတ်စာ တစ်နှစ် သင်ခိုင်းတယ်၊ ပြီးမှ အဓိက ဘာသာရပ်ကို သင်ကြားရပါတယ်၊ ဒီကျောင်းမှာ လာတက်ချင်တဲ့သူတွေကို ပြောချင်တာကတော့ ပျော်စရာလည်းကောင်းသလို၊ စာသင်တာလည်း ကောင်းပါတယ်”ဟု ပြောသည်။



**ဆေးပညာဘွဲ့မဟာတန်း**

တာ့လီတက္ကသိုလ်သည် အာရှနှင့် အရှေ့တောင်အာရှတွင် ဆေးပညာရပ်နှင့် ပတ်သက်၍ နာမည်ကြီးသည့် တက္ကသိုလ်တစ်ခု ဖြစ်သည့်အတွက် သီရိလင်္ကာ၊ အိန္ဒိယနိုင်ငံနှင့် အာရှနိုင်ငံများမှ ကျောင်းသား ကျောင်းသူများ လာရောက် ပညာသင်ကြားနေပြီး ဆေးပညာဘွဲ့ကို လာရောက်သင်ယူနေသူ ပေါင်း ၁၀၀၀ ခန့်ရှိကာ ၎င်းတို့ထဲတွင် ဆေးပညာဘွဲ့မဟာတန်းကို တက်ရောက်နေသူ ကျောင်းသား ကျောင်းသူ ၁၀၀ ခန့်ရှိကြောင်း သိရသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် တက္ကသိုလ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ လက်တွေ့ပြုလုပ်ထားသည့် တက္ကသိုလ်မျိုးစုံတို့၏ ပြခန်းများ၊ အနုပညာ ပြခန်းများကို လေ့လာကြည့်ရှုကြ၍ သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး မွန်းလွဲပိုင်းတွင် တာ့လီမြို့ရှိ PROJEN မော်တော်ကား ထုတ်လုပ်သည့် စက်ရုံသို့ သွားရောက်ခဲ့ကြကာ ထုတ်လုပ်ပုံ အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ယင်းနောက် ညနေပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် တတိယအကြိမ် မဲခေါင် - လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးတို့ပူးတွဲကျင်းပရာ သတင်းမီဒီယာအဖွဲ့က တက်ရောက် သတင်းရယူခဲ့ကြသည်။ **(အပေါ်ပုံ)**



တာ့လီမြို့၌ လေ့လာရေးခရီး သတင်းရယူနေသည့် သတင်းမီဒီယာအဖွဲ့စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဒီဇင်ဘာ ၁၆ရက် နံနက်ပိုင်းတွင် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ပတ်သက်သည့် ရှင်းလင်းပွဲကို ကျင်းပရာ တက္ကသိုလ်အသီးသီးတို့မှ တာဝန်ရှိသူများက သတင်းမီဒီယာများအား ရှင်းလင်းပြောကြားသည်။

ညနေပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် ယူနန်ပြည်နယ် ဘုရားသုံးဆူနေရာနှင့် တာ့လီမြို့ဟောင်းနေရာတို့သို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**ကျော်သူဝင်း၊**

**အောင်ရဲသွင် (ခေတ္တ- တာ့လီ)**

# မိုးညှင်းမြို့တွင် မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များ တွေ့ဆုံပွဲကျင်းပ

မိုးညှင်း ဒီဇင်ဘာ ၁၇

**ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**



တွေ့ဆုံပွဲတွင် မြန်မာ့အသံသို့ ဒေသဆိုင်ရာ သတင်းများ ပေးပို့ပြီး ထူးချွန်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာ့အသံချစ်သူအဖွဲ့ဝင် သတင်းထောက်များကို ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးဇေယျာက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(အပေါ်ပုံ)**

**ပါဝင်ဖျော်ဖြေ**

ဆက်လက်၍ မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းတင်ဗွီဒီယိုကို ပြသပြီး ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲတွင် အထူးဆုရရှိခဲ့သူ တေးသံရှင်စလား၊ ငြိမ်းချမ်းရေးဂီတပွဲတော်တွင် ပြည်နယ်လက်ရွေးစင်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ မင်းဇိုင်းဂျုံးဇယ်တို့က မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြပြီး မိုးညှင်းမြို့အထက (၁)မှ ကျောင်းသူလေးများက စံတော်ချိန်အက၊ မိုးဇာပြောအကတို့ဖြင့်လည်း ပါဝင်ဖျော် ဖြေကြသည်။

**အမှတ်တရလက်ဆောင်များပေးအပ်**

ထို့နောက် မြန်မာ့အသံ အစီအစဉ်များဖြစ်သည့် ပြည်သူ့အသံ၊ မုသားနောက်ကွယ်ကဘဝများ၊ ရှင်သန်ခြင်းကမ်းလက်များ၊ ကျွမ်းထိုးလိုက်ပါ ဟာသဇာတ်လမ်းနှင့် လေလှိုင်းကြားက ပွဲတင်သံ အစီအစဉ်တို့ကိုလည်း ကောက်နုတ် မိတ်ဆက်သရုပ်ပြပြီး ပြည်သူ့အတွက် ထာဝရမြန်မာ့အသံ သီချင်းကို အဖွဲ့လိုက် သီဆိုဖျော်ဖြေကြကာ တက်ရောက်လာသူ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

**၁၀၀၀ ခန့် တက်ရောက်**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးနှင့် ခရိုင်စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြန်မာ့အသံချစ်သူ အဖွဲ့ဝင်များ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်ကြသည်။

**ဆက်သွယ်ဝင်ရောက်နိုင်**

မြန်မာ့အသံချစ်သူများ အဖွဲ့ကို အနယ်နယ်အရပ်ရပ်မှ အမာခံသောတရှင်များဖြင့် ဖွဲ့စည်းခဲ့ရာ ယခုအခါ အဖွဲ့ဝင် ၉၅၀၀ ခန့်ရှိပြီး အဖွဲ့ဝင်လိုသူများ အနေဖြင့် မြန်မာ့အသံ ဖုန်းနံပါတ် ၀၆၇-၇၉၂၁၅၊ ၀၉-၄၂၆၉၇၉၆၄၇၊ ၀၉-၄၂၆၉၇၉၆၄၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝင်ရောက်နိုင်ကြပြီး သက်ဆိုင်ရာမြို့နယ် ပြန်/ဆက်ရုံးများတွင် ဝင်ခွင့်လျှောက်လွှာပုံစံများ အခမဲ့ ထုတ်ယူဖြည့်စွက်ကာ အဆိုပါ ရုံးများသို့ ပြန်လည်ပေးပို့ခြင်းဖြင့် အဖွဲ့ ဝင်နိုင်ကြသည်။

အလားတူ မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲ အခမ်းအနားများကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့တွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် လည်းကောင်း အသီးသီးကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

**သတင်းစဉ်**

# နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ဆယ်မားအူးလ်အွန်ဒုန် စီမံကိန်းဖြင့် သောက်သုံးရေဖြန့်ဝေပေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွာမအုပ်စု မြောက်ကျောင်းစုကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်သည့် ဆယ်မားအူးလ်အွန်ဒုန် ဒုတိယနှစ် လုပ်ငန်းစီမံကိန်းအရ ကျေးရွာနေပြည်သူများအား သောက်သုံးရေဖြန့်ဝေခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၁၅ ရက်က ဆောင်ရွက်နေပြီဖြစ်သည်။

**အကျိုးပြု**

အဆိုပါ သောက်သုံးရေဖြန့်ဝေခြင်းလုပ်ငန်းကို အလျား ၁၁ ပေ၊ အနံ ၁၁ ပေ၊ အမြင့် ကိုးပေခွဲ ရှိအဆောက်အအုံနှင့် အလျား ခုနစ်ပေ၊ အနံ ငါးပေ၊ အမြင့်သုံးပေခွဲ ရေကန်တို့ကို တည်ဆောက်၍ ရေသန့်စက်တပ်ဆင်ကာ **(အောက်ပုံ)** ရေပေးဝေခြင်းဖြစ်ပြီး ကျေးရွာအတွင်းရှိ အိမ်ထောင်စု ၁၈၁ စု၊ လူဦးရေ ၅၅၈ ဦးအား အကျိုးပြုကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်**

ဆယ်မားအူးလ်အွန်ဒုန် ဒေသဖွံ့ဖြိုးရေးစီမံကိန်းအား ကျေးရွာသူကျေးရွာသားများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားရေးဟူသော ကဏ္ဍကြီးသုံးရပ်ကို ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**



# ကျွန်တော်တို့က မြန်မာပြည် အရေး၊ ကိုယ့်ဆွေမျိုးသားချင်း အရေးကို ပြည်တွင်းအားကိုယူပြီး ပြန်လည်ထူထောင်ရေး လုပ်ပေးတာပါ၊ ဒါက အနှစ်သာရပါပဲ

ဒေါက်တာ ဇော်မြင့်မောင်
မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်

ဇေယျာ၊ မြင့်မောင်၊ ဓာတ်ပုံ - နေဝင်းထွန်း


ဒေါက်တာ ဇော်မြင့်မောင်
မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်


ဒေါက်တာမြင့်နိုင်
စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်


ဒေါက်တာအောင်မိုးညို
မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်


ဒေါက်တာခက်အောင်
ကချင်ပြည်နယ်ဝန်ကြီးချုပ်


ဦးဆလိုင်းလျန်လွှယ်
ချင်းပြည်နယ်ဝန်ကြီးချုပ်

**မောင်တော ဒီဇင်ဘာ ၁၇**
ရခိုင်ပြည်နယ် မောင်တောဒေသ၌ လူသားချင်းစာနာမှု ကူညီထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**ဒေါက်တာဇော်မြင့်မောင်**
**မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်**

ဒီကို ရောက်လာရတဲ့ အကြောင်းရင်းက ဝန်ကြီးချုပ်တွေကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ခေါ်တွေ့ပါတယ်၊ ရခိုင်ပြည်နယ်မှာ ဖြစ်ခဲ့တဲ့ ပြဿနာတွေမှာ ကိုယ့်တိုင်းရင်းသားတွေကို လူသားချင်းစာနာမှု အထောက်အပံ့ပေးရမယ်၊ ပြန်လည်ထူထောင်ရေးပါ အပါအဝင်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေက ပါဝင်ကူညီရမယ်လို့ လမ်းညွှန်မှုပေးခဲ့တယ်၊ ဒါကြောင့် ကျွန်တော်တို့ အလှူငွေကောက်ခံခဲ့ပါတယ်၊ ရလာတာကို လူသားချင်းစာနာမှုအတွက် ထောက်ပံ့ဖို့ရယ်၊ ပြန်လည်ထူထောင်ဖို့ရယ်ပါ၊ ကျွန်တော်တို့ တိုင်းဒေသကြီးက အိမ်အလုံး ၆၀ တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်၊ ပုံစံတူလေးတွေပါ၊ ကျောင်း၊ ဆေးပေးခန်း၊ ရေ၊ မီး စသဖြင့် စနစ်ကျအောင် တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်၊ အလှူခံရငွေက သိန်းပေါင်း တစ်သောင်းကျော်လောက်ရပါတယ်၊ အခု တည်ဆောက်တဲ့အပိုင်းက ခုနစ်ထောင်ကျော်လောက် ကုန်မှာဖြစ်ပါတယ်၊ ကျွန်တော်တို့က မြန်မာပြည်အရေး၊ ကိုယ့်ဆွေမျိုးသားချင်းအရေးကို ပြည်တွင်းအားကိုယူပြီး ပြန်လည်ထူထောင်ရေး လုပ်ပေးတာပါ၊ ဒါက အနှစ်သာရပါပဲ၊ ကိုယ်တိုင်လာတယ်၊ ကိုယ်တိုင်ပန္နက်ရိုက်တယ်၊ လိုအပ်တာတွေကြည့်ပြီး ထောက်ပံ့မယ်၊ ပြည်တွင်းအားဟာ ပြည်တွင်းမှာပဲရှိတယ်ဆိုတာကိုလည်း ပြချင်တာဖြစ်ပါတယ်၊ ဒီတစ်ခါတည်းနဲ့ မပြီးပါဘူး၊ ပြန်လည်ထူထောင်ဖို့ ဆက်လက် လုပ်သွားကြရမှာပါ။

**“ဒေသခံတိုင်းရင်းသားတွေအတွက် အများကြီး အထောက်အပံ့ဖြစ်ပါတယ်၊ ရေရှည်မှာ ဒီဒေသက တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝတွေ ပြောင်းလဲတိုးတက်လာမယ့်အနေအထားရှိတဲ့အတွက် ကောင်းတဲ့အနေအထားပါပဲ၊ စိတ်ပိုင်းဆိုင်ရာအနေနဲ့လည်း ဒီလို ဝေးလံလှတဲ့နေရာတွေကို တာဝန်ရှိသူတွေက လာရောက်ကူညီကြတဲ့အတွက် စိတ်ခွန်အားတွေ အမှန်တကယ်ဖြစ်စေမှာပါ”**

**ဦးညီပု၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်**

**ဒေါက်တာမြင့်နိုင်**
**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်**

တို့ဒေသကြီးအနေနဲ့က မြို့နယ်တွေရော၊ ကုမ္ပဏီတွေရော အလှူခံလိုက်တာ ငွေကျပ်သိန်းပေါင်း ၃၅၀၀ လောက်ရတယ်၊ မင်းကြီးရွာမှာ အိမ် ၄၅ လုံးကို တည်ဆောက်ပေးသွားမယ်၊ ကုန်ကျငွေ အတွက်လည်း ဘဏ်ကငွေလွှဲထားပြီးပါပြီ၊ ကျန်တဲ့ ငွေကိုလည်း လိုအပ်တဲ့နေရာတွေမှာ ထပ်ကူညီ သွားမှာပါ၊ တို့တစ်တွေဟာ ဥမကွဲ သိုက်မပျက် နေထိုင်လာကြတာ ဖြစ်တဲ့အတွက် လိုအပ်တာတွေ ကူညီပေးသွားဦးမှာပါ။

**ဒေါက်တာအောင်မိုးညို**
**မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်**

မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်က စေတနာရှင်ပြည်သူတွေက ရခိုင်ပြည်သူတွေအတွက် လှူဒါန်းတာ ငွေကျပ် သိန်း ၆၀၀ နီးပါးလောက်ရတယ်၊ ကုမ္ပဏီတွေက လှူတာရှိတယ်၊ ဒီလို တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေနဲ့ပေါင်းစပ်လိုက်တဲ့အခါ ငွေကျပ် သိန်း ၁၉၀၀ လောက်ရတယ်၊ ဒီမှာ RC နှစ်ထပ် ကျောင်းဆောက်လုပ်ဖို့ စီစဉ်ထားပါတယ်၊ ဒီနေရာက လမ်းပန်းဆက်သွယ်ရေး အင်မတန် ခက်ခဲနေတာကိုလည်း တွေ့ရတယ်၊ နောင်ကိုလည်း တတ်နိုင်သလောက် ကူညီနိုင်ဖို့ လုပ်သွားမှာပါ။

**ဒေါက်တာခက်အောင်**
**ကချင်ပြည်နယ်ဝန်ကြီးချုပ်**

ကျွန်တော်တို့ ကချင်ပြည်သူတွေကလည်း ပြည်ထောင်စုစိတ်ဓာတ်၊ လူသားချင်းစာနာတဲ့ စိတ်ဓာတ်တွေနဲ့ အခုလို ရခိုင်ပြည်သူတွေ ဒုက္ခရောက်နေတဲ့နေရာမှာ တတ်နိုင်သလောက် ကူညီရခြင်းဖြစ်ပါတယ်၊ အိမ်အလုံး ၂၀ ကို ပထမအကြိမ်အဖြစ် တည်ဆောက်ပေးဖို့ အစီအစဉ်ရှိပါတယ်။ ပြည်သူတွေရော၊ ကုမ္ပဏီတွေရော ထည့်ဝင်လှူဒါန်းတာ ငွေကျပ်သိန်းပေါင်း ၂၈၀၀ ကျော် ရပါတယ်၊ နောက်လည်း ပြည်နယ်အစီအစဉ်အနေနဲ့ရော ပြည်သူတွေအနေနဲ့ရော လိုအပ်ရင် လိုအပ်သလို ကူညီသွားဖို့ အစီအစဉ်ရှိပါတယ်။

**ဦးဆလိုင်းလျန်လွှယ်**
**ချင်းပြည်နယ်ဝန်ကြီးချုပ်**

ပြန်လည်ထူထောင်ရေးလုပ်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ချင်းပြည်နယ်က ပညာရေးအပိုင်းမှာ ပံ့ပိုးသွားမှာ ဖြစ်ပါတယ်၊ စာသင်ကျောင်းတွေ တည်ဆောက်သွားဖို့စီစဉ်ထားတယ်၊ ဒီကို ပထမဆုံးအကြိမ် ရောက်ဖူးတာပါ၊ ပင်လယ်ကမ်းခြေတွေရှိတဲ့အတွက် ချင်းပြည်နယ်ထက်တောင် တချို့နေရာတွေက သာယာလှပတယ်လို့ မြင်မိပါတယ်။ ***စာမျက်နှာ ၁၁ သို့***

---

❍ **ကျောဖုံးမှ**

ဆက်လက်၍ မင်းကြီးကျေးရွာ တည်ဆောက်မည့်နေရာ၌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ကျေးရွာသစ်သို့ ပြောင်းရွှေ့နေထိုင်ကြမည့် တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အလှူရှင်များက ပန္နက်တိုင်များကို စိုက်ထူပေးကြသည်။

**တည်ဆောက်သွားမည်**

အဆိုပါ မင်းကြီးရွာကို ခမောင်းဆိပ်-တောင်ပြိုသွားသည့် လမ်းဘေး၌ တည်ဆောက်နေခြင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ရခိုင်တိုင်းရင်းသားများအတွက် နေအိမ် ၄၅ လုံး တည်ဆောက်သွားမည်ဖြစ်သည်။

**ပန္နက်တိုင်များ စိုက်ထူ**

ထို့နောက် မြဝတီကျေးရွာ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့က တိုင်းရင်းသားများအား အားပေးစကားပြောကြားကြကာ တိုင်းရင်းသားများ၏ ရိုးရာအတီးအမှုတ်များဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုငွေများ ချီးမြှင့်ကြသည်။ ယင်းနောက် နေအိမ်များဆောက်လုပ်မည့်မြေနေရာ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ စာသင်ကျောင်း ဆောက်လုပ်မည့် မြေနေရာ၌ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ပန္နက်တိုင်များ စိုက်ထူပေးကြသည်။

အဆိုပါ ကျေးရွာတွင် မြို၊ ခမီ၊ ဒိုင်းနက်၊ ချင်းတိုင်းရင်းသားများအတွက် နေအိမ်များတည်ဆောက်ပေးသွားမည်ဖြစ်သည်။

**အားပေးစကားပြောကြား**

ဆက်လက်၍ သစ်တုံးနားခွဆုံကျေးရွာ၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က နေအိမ်ဆောက်လုပ်မည့် မြေနေရာ၌လည်းကောင်း၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က ကျောင်းဆောင်ဆောက်လုပ်မည့် မြေနေရာ၌ လည်းကောင်း၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့်အတူ ပန္နက်တင်ပေးကြကာ ဒေသခံတိုင်းရင်းသားများအား နှုတ်ဆက်အားပေးစကားပြောကြားသည်။

အဆိုပါ ကျေးရွာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က မြိုတိုင်းရင်းသားများအတွက် နေအိမ်များ တည်ဆောက်ပေးသွားမည်ဟု သိရသည်။

**ဇေယျာ၊ မြင့်မောင်**
**ဓာတ်ပုံ-နေဝင်းထွန်း**



**မင်းကြီးကျေးရွာ တည်ဆောက်မည့်နေရာ၌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အလှူရှင်များက ပန္နက်တိုင်များကို စိုက်ထူပေးကြစဉ်။**

စာမျက်နှာ ၁၀ မှ


ဒေါက်တာလင်းထွဋ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်


ဦးညီပု၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်

**ဒေါက်တာလင်းထွဋ်**
**ရှမ်းပြည်နယ်ဝန်ကြီးချုပ်**

ကျွန်တော်တို့ ရှမ်းပြည်နယ်က ပြည်ထောင်စုစိတ်ဓာတ်နဲ့ ရှမ်းပြည်သူတွေကိုယ်စား ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ဖို့ လာရောက်တာဖြစ်ပါတယ်၊ ကျွန်တော်တို့ ကူညီမှုကြောင့် ရခိုင်ပြည်သူတွေ အလုပ်အကိုင် အခွင့်အလမ်းတွေရော၊ ဘဝအနေအထားတွေရော အများကြီး အဆင်ပြေသွားမယ်လို့ ထင်ပါတယ်၊ ဒီလိုဖြစ်စေဖို့လည်း ကျွန်တော်တို့က ပါဝင်ကူညီရခြင်းဖြစ်ပါတယ်၊ ဒီမှာ ကျွန်တော်တို့က လူနေအိမ်တွေ၊ စာသင်ကျောင်းတွေကို ပြည်သူတွေရဲ့ လှူဒါန်းငွေ၊ လုပ်ငန်းရှင်တွေနဲ့ ပြည်နယ်အစိုးရရဲ့ ထည့်ဝင်ငွေတွေနဲ့ လာရောက် ကူညီပံ့ပိုးခြင်းဖြစ်ပါတယ်။

**ဦးညီပု၊ရခိုင်ပြည်နယ် ဝန်ကြီးချုပ်**

ကျွန်တော်တို့ဒေသကို အခုလို ဝန်ကြီးချုပ်တွေ လာရောက်ကူညီပေးတဲ့အတွက် ဝမ်းသာပါတယ်၊ အခုလို လာရောက် ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒေသခံတိုင်းရင်းသားတွေအတွက် အများကြီး အထောက်အပံ့ဖြစ်ပါတယ်၊ ရေရှည်မှာ ဒီဒေသက တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝတွေ ပြောင်းလဲတိုးတက်လာမယ့် အနေအထားရှိတဲ့အတွက် ကောင်းတဲ့အနေအထားပါပဲ၊ စိတ်ပိုင်းဆိုင်ရာအနေနဲ့လည်း ဒီလို ဝေးလံလှတဲ့ နေရာတွေကို တာဝန်ရှိသူတွေက လာရောက်ကူညီကြတဲ့အတွက် စိတ်ခွန်အားတွေ အမှန်တကယ် ဖြစ်စေမှာပါ။ ။

## ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရေး မြောက်ဦးမြို့နယ်လုံးကျွတ် သန့်ရှင်းရေးပြုလုပ်

**မြောက်ဦး ဒီဇင်ဘာ ၁၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦး မြို့အား ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် UNESCO အဖြစ် စာရင်း ဝင်နိုင်ရေးအတွက် မြို့နယ်လုံးကျွတ် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၈ နာရီက မြို့တွင်းရှိ နေရာအနှံ့အပြားတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ **(ယာပုံ)**



**စုပေါင်းသန့်ရှင်းရေးပြုလုပ်**

အဆိုပါ မြို့နယ်လုံးကျွတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြောက်ဦးမြို့ပေါ်အတွင်းရှိ အထင်ကရနေရာများဖြစ်သော သျှစ်သောင်းပုထိုးတော်၊ ထုက္ကံသိမ်ပုထိုးတော်၊ ရတနာပုံစေတီ၊ ဇိနမာရ်အောင်စေတီတော်၊ လက်ဆည် ကန်တံတိုင်း၊ စန္ဒမုနိဘုရား၊ နန်းတော်ရာကုန်း တတိယထပ်ရှိ ချုံနွယ် ပိတ်ပေါင်းများ၊ အမှိုက်သရိုက်များနှင့် ပလတ်စတစ်အိတ်ခွံများကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။ ယင်းသို့ မြို့နယ်လုံးကျွတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အမှတ် (၃၁) ရဲတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်း အဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်နေပြည်သူများပါဝင်၍ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။

**မြို့နယ်လုံးကျွတ်**

ထို့နောက် မြောက်ဦးမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများ၊ မြို့ပေါ်ရပ်ကွက်အတွင်းရှိ ရပ်ကွက်နေပြည်သူများကလည်း မိမိတို့အိမ်ရှေ့ လမ်းဘေးဝဲယာများ၌ ပေါက်ရောက်နေသော ချုံနွယ်မြက်ပင်များ၊ သာသနိကအဆောက်အအုံများ၊ ဘုရား၊ ပုထိုး၊ စေတီများ၊ တံတိုင်းများ၊ စာသင်ကျောင်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံ စသည့်နေရာများ၌ မြို့နယ်သန့်ရှင်းသာယာလှပရေးနှင့် မြောက်ဦးမြို့အား ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် မြို့နယ်လုံးကျွတ် စုပေါင်းပါဝင်သန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သွားနှင့် ခံတွင်းဆရာဝန်ကြီးများ မောင်တောကျေးရွာများတွင် ကွင်းဆင်းကုသ



**မောင်တော ဒီဇင်ဘာ ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆေးကောင်စီတို့ပူးပေါင်းပြီး မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်ကာ သွားနှင့်ခံတွင်းဝေဒနာရှင်များအား ယနေ့ နံနက်ပိုင်းတွင် နယ်လှည့်ကွင်းဆင်းကုသမှုများ ပြုလုပ်ပေးသည်။

**အခမဲ့ဖြန့်ဝေ**

ဆရာဝန်ကြီးများအဖွဲ့သည် ကိုင်းကြီး(မြို)ကျေးရွာသစ်၌ ကလေးငယ်များအား သွားတိုက်နည်း သင်ကြားပေးပြီး သွားတိုက်ဆေးနှင့် သွားတိုက်တံများ အခမဲ့ဖြန့်ဝေပေးသည်။ သွားနှင့်ခံတွင်းရောဂါ ဝေဒနာခံစားနေရသူများကိုလည်း အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။ ကိုင်းကြီးကျေးရွာ၌ အိမ်ခြေ ၅၀ ခန့်၊ လူဦးရေ ၂၀၈ ဦးရှိသည့်အနက် လူပေါင်း ၁၀၀ ခန့်အား သွားနှင့်ခံတွင်း အသိပညာပေးဟောပြောခြင်း၊ စနစ်ကျသော သွားတိုက်နည်းများ သင်ကြားပေးခြင်း၊ သွားတိုက်ဆေးနှင့် သွားတိုက်တံများ အခမဲ့ဖြန့်ဝေပေးခြင်းများ ပြုလုပ်ခဲ့သည်။**(အပေါ်ယာပုံ)**

အဆိုပါ ဆရာဝန်အဖွဲ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆရာဝန်များ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆေးကောင်စီမှ ပြင်ပဆရာဝန်များ၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ စုစုပေါင်း ဆရာဝန် ၁၂ ဦး ပါဝင်ကြောင်း သိရသည်။

"ကုသတာနဲ့စာရင် ကာကွယ်တာကို ဦးစားပေးလိုပါတယ်၊ သွားပိုးစားရောဂါတွေ၊ သွားဖုံးရောင်ရောဂါတွေ ဖြစ်ရတဲ့ အဓိကအကြောင်းအရင်းက နည်းစနစ်မှန်တဲ့ သွားတိုက်နည်း မသိလို့ပါ၊ တချို့ဆိုရင် လုံးဝသွားမတိုက်ကြဘူး၊ သွားကျန်းမာရေး မသိကြဘူး၊ အဓိကကတော့ သွားတိုက်နည်းမှန်ပြီး နေ့စဉ်ပုံမှန် သွားတိုက်တဲ့ အလေ့အကျင့်ရှိဖို့ပါ"ဟု မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒေါက်တာမျိုးသန့်က ပြောသည်။

ဆရာဝန်ကြီးများအဖွဲ့သည် မောရဝတီ အခြေခံပညာ အလယ်တန်းကျောင်း၌လည်း သွားရောဂါခံစားနေရသူ ၅၀ ခန့်ကို သွားနုတ်ခြင်း၊ ဆေးဝါးများပေးခြင်းများဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့သည်။

ထို့မှတစ်ဆင့် လေးမိုင်ရှိ အမှတ် (၂) နယ်ခြားစောင့်တပ်ဖွဲ့ခွဲရဲမေတ္တာဆေးပေးခန်းတွင် မိသားစုဝင် ၇၀ ခန့်အား စနစ်ကျသော သွားတိုက်နည်းများ သင်ကြားပေးသည့်အပြင် သွားတိုက်ဆေးနှင့် သွားတိုက်တံများ အခမဲ့ပေးဝေခဲ့သည်။ ယမန်နေ့က ဘူးသီးတောင် ဒပြုချောင်းကျေးရွာတွင်လည်း လူပေါင်း ၁၇၁ ဦးအား သွားနှင့်ခံတွင်း ကုသမှုများ၊ ပညာပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အခမဲ့ ခွဲစိတ်ကုသပေး**

ဆရာဝန်ကြီးများအဖွဲ့သည် သွားနှင့်ခံတွင်းကုသမှုများ၊ ပညာပေးမှုများပြုလုပ်ပေးသည့်အပြင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးများကိုပါ ကုသပေးခဲ့သည်။ ဘူးသီးတောင်တွင် လူပေါင်း ၁၀ဦးအား နှုတ်ခမ်းကွဲ ၊ အာခေါင်ကွဲရောဂါများ အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဖြစ်ပွားရခြင်းအကြောင်းမှာ ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်သည့် ပထမသုံးလအတွင်း ဆေးပြင်းများ သုံးစွဲမိခြင်း၊ အာဟာရချို့တဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ- နေဝင်းထွန်း**

## UEHRD ၏ တတိယအကြိမ် စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ်အတွက် လုပ်ငန်းခွင်အကြိုသင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ စတင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ UEHRD ၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် စေတနာ့ဝန်ထမ်း လူငယ်အစီအစဉ် ပထမအကြိမ်ကို နိုဝင်ဘာ ၅ ရက်မှ ၂၄ ရက် အထိလည်းကောင်း၊ ဒုတိယအကြိမ်ကို နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၁၃ ရက် အထိလည်းကောင်း ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၆ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိဆောင်ရွက်မည့် တတိယအကြိမ်အစီအစဉ်တွင် ပါဝင်ကြမည့် လူငယ်များအတွက် လုပ်ငန်းခွင်အကြိုသင်တန်းဖွင့်ပွဲအား ရန်ကုန်မြို့ သံလွင်လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။




အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး၊ သင်တန်းနည်းပြများနှင့် စေတနာ့ဝန်ထမ်း လူငယ်သင်တန်းသား ၄၅ ဦးတက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြမ်းဖက်ဖြစ်စဉ်များ စတင်ဖြစ်ပွား ချိန်မှစ၍ ယနေ့အချိန်ထိ အစိုးရမှ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများကို ဘက်စုံထောင့်စုံမှနေပြီး ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ထောက်ပံ့ပေးရာတွင် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ၊ ထိခိုက်လွယ်သော အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးပံ့ပိုးမှု များပါ ဆောင်ရွက်ပေးမှုရှိပါကြောင်း၊ UEHRD စေတနာ့ဝန်ထမ်း လူငယ် အစီအစဉ်သည် လူငယ်များ၏ ရည်ရွယ်ချက်ကောင်း၊ လုပ်ငန်းစဉ်ကောင်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ မြန်မာပြည်တစ်ဝန်းရှိ လူငယ်များ၏အင်အားကို အခြေပြုပြီး ဖြစ်ပေါ်လာသည့် စီမံကိန်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးသည် ရခိုင်ပြည်နယ်အစိုးရနှင့်အတူ ပြည်သူများပူးပေါင်းပြီး ဒေသ၏လိုအပ်ချက်၊ ခံစားချက်များကို ဖော်ထုတ်ရန် ဆောင်ရွက်ရသည့်အတွက် တစ်နိုင်ငံလုံးပါဝင်နိုင်ရန် ပြည်ထောင်စုစီမံကိန်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယနေ့ လူငယ်အစီအစဉ်သည် ရခိုင်ပြည်နယ်တွင် လူသားချင်း စာနာထောက်ထားမှု ကူညီပံ့ပိုးမှုလုပ်ငန်းများ၊ စာရင်းကောက်ယူမှုလုပ်ငန်းများကို ရက်ပေါင်း ၂၀ ကြာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လူငယ်များသည် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်သော အနာဂတ်ကို ပုံဖော်ပေးမည့်သူများ ဖြစ်ခြင်းကြောင့် ယခုခရီးစဉ်တွင် အတွေ့အကြုံကောင်းများကို ရှာဖွေဆည်းပူးသွားကြရန် လိုအပ်ပါကြောင်း၊ ခရီးစဉ်အတွင်း လူငယ်အချင်းချင်း တစ်ဦးကိုတစ်ဦး မောင်ရင်းနှမသဖွယ် ချစ်ခင်စည်းလုံးစွာဖြင့် ဝိုင်းဝန်းစောင့်ရှောက်ကူညီကြရန်နှင့် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် စုပေါင်း ဆောင်ရွက်တတ်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က ဤလူငယ်အစီအစဉ်သည် လူငယ်များအတွက် စွမ်းဆောင်ရည်မြင့်မားအောင် လေ့ကျင့်ပျိုးထောင်ခြင်းဟု ယူဆ၍ ခံယူထားရှိရမည့် သဘောထားများနှင့် ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် အထက်တန်းကျောင်းအရေအတွက်




■ ဖွဲ့စည်းပုံအရခွင့်ပြုပြီး အထက်တန်းကျောင်းအရေအတွက်

ဓာတ်မြစ်။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

# တာချီလိတ်၌ ပထမဆုံးအကြိမ် လမ်းကြမ်းကီလို ၅၀ Mountain Bike ဖိတ်ခေါ်စက်ဘီးစီးပြိုင်



**တာချီလိတ် ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်စက်ဘီးကော်မတီ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် တာချီလိတ် Mountain Bike Group တို့မှ ပူးပေါင်းကျင်းပသည့် ပထမဦးဆုံးအကြိမ် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို တာချီလိတ်မြို့ဆန်ဆိုင်း(ခ)ရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီး၌ ဒီဇင်ဘာ ၁၇ ရက်က ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်းထွန်းက စက်ဘီးအားကစားသမားများအား ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စက်ဘီးအားကစားသမား ၇၀၀ ကျော်ခန့်တို့က ဆန်ဆိုင်း(ခ)ရပ်ကွက် ရှမ်းရိုးမကွင်းရှေ့မှ ဗိုလ်ချုပ်လမ်းမကြီးအတိုင်း ဟောင်လိတ်မီးပွိုင့်လမ်းဆုံသို့လည်းကောင်း၊ တာချီလိတ်-ကျိုင်းတုံသွား လမ်းမကြီးအတိုင်း မယ်ယန်းကျေးရွာဘက်သို့လည်း ကောင်း၊ မယ်ယန်းကျေးရွာဘက်မှ မိုင်းဖုန်းလမ်းခွဲ လမ်းမကြီးအတိုင်း မိုင်းဖန်း(က)အုပ်စု ဝမ်ပုံကျေးရွာ၊ အထက်တန်းကျောင်းခွဲသို့လည်းကောင်း လမ်းကြမ်းကီလို ၅၀ Mountain Bike စီးနင်းခဲ့ကြကြောင်း၊ ယင်းနောက် အဆိုပါ ကျောင်းဝင်းတွင် ၂၅ နှစ်အောက်၊ ၂၅ နှစ်မှ ၃၅ နှစ်၊ ၃၅ နှစ်မှ ၄၅ နှစ်၊ ၄၅ နှစ်အထက်၊ အဖွဲ့လိုက် ဆုရပြိုင်ပွဲဝင် အားကစားသမားများအား တာဝန်ရှိသူများက ဆုများ ပေးအပ် ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်းထွန်း၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်း များ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ထိုင်းနိုင်ငံမှ အပျော်စီးနှင့် ပြိုင်ပွဲဝင်မည့် စက်ဘီး စီး ဝါသနာရှင်များ၊ ကျိုင်းတုံ၊ မန္တလေးနှင့် တာချီလိတ်မှ အပျော်စီးနှင့် ပြိုင်ပွဲဝင်မည့် စက်ဘီးစီး ဝါသနာရှင်ပြည်သူများ စုစုပေါင်း ၈၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် အပတ်စဉ်ဆောင်ရွက်လျက်ရှိသော ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ၁၉.၁၂.၂၀၁၇ (အင်္ဂါနေ့)နှင့် ၂၁.၁၂.၂၀၁၇ (ကြာသပတေးနေ့)တို့တွင် အချိန်ပိုင်းယာယီ ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

အထက်ဖော်ပြပါလုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပိုမိုပြည့်ဝစွာ ရရှိစေရေးနှင့် ယူနစ်ပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် မဖြစ်မနေ ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်ရခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်စဉ် အချိန်အတွင်း အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ ထောက်ကြန့်၊ တိုက်ကြီး၊ အဖျောက်၊ ဥက္ကံ၊ ဖောင်ကြီး၊ ဒါးပိန်၊ အင်းတိုင်၊ မြောင်းတကာ၊ ထန်းတပင်၊ ရွှေလင်ပန်း၊ လှိုင်၊ အလုံ၊ ကမာရွတ်၊ မရမ်းကုန်း၊ ဗဟန်း၊ ဒဂုံ၊ လသာ၊ လမ်းမတော်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်မြို့နယ်များရှိ ရပ်ကွက်အချို့ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါကြောင်းနှင့် ယာယီဓာတ်အား ပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# ဗီယက်နမ် ယူ- ၂၁ ဖိတ်ခေါ်ပြိုင်ပွဲ စတုတ္ထနေ့ မြန်မာအသင်းနှင့် ယိုကိုဟားမားအသင်းတို့ ယနေ့ကစားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ Thanh Nien သတင်းစာ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပလျက်ရှိသည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အုပ်စုစတုတ္ထနေ့ကို ဒီဇင်ဘာ ၁၈ ရက် **(ယနေ့)** ကျင်းပမည်ဖြစ်ပြီး မြန်မာယူ-၂၁ အသင်းသည် ဂျပန်ကလပ် ယိုကိုဟားမားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စတုတ္ထနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲတွင် မြန်မာယူ-၂၁ အသင်းနှင့် လက်ရှိချန်ပီယံ ယိုကိုဟားမား ယူ-၂၁ အသင်း၊ ညနေ ၆ နာရီတွင် ဗီယက်နမ် ယူ-၂၁ အသင်းနှင့် ဗီယက်နမ်ယူ-၁၉ အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ် သည်။

ဒီဇင်ဘာ ၁၆ ရက် ပွဲစဉ်များအပြီးတွင် ယိုကိုဟားမား ယူ-၂၁ အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ မြန်မာ ယူ-၂၁ အသင်းက သုံးပွဲကစား လေးမှတ်၊ ဗီယက်နမ် ယူ-၂၁ အသင်းက နှစ်ပွဲကစား သုံးမှတ်၊ ထိုင်း ယူ-၂၁ အသင်းက သုံးပွဲကစား သုံးမှတ်၊ ဗီယက်နမ် ယူ-၁၉ အသင်းက နှစ်ပွဲကစား တစ်မှတ်ရထားသည်။ မြန်မာ ယူ-၂၁ အသင်းသည် နောက်ဆုံးပွဲတွင် ဗီယက်နမ်ယူ-၂၁ အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ဗိုလ်လုပွဲတက်ရန် ရှုန်းကန်ရတော့မည်ဖြစ်ပြီး ယနေ့ ယှဉ်ပြိုင်မည့်ပွဲတွင် ယိုကိုဟားမားအသင်းကို အနိုင်ရမှသာ ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ နှစ်ပွဲဆက်အနိုင်ရထားသည့် ယိုကိုဟားမားအသင်းမှာလည်း မြန်မာအသင်းကို အနိုင်ရခဲ့ပါက ပွဲမကုန်မီ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်မည်ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ယခုပြိုင်ပွဲတွင် ထိုင်း ယူ-၂၁ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗီယက်နမ် ယူ-၁၉ အသင်းနှင့် တစ်ဂိုးစီ သရေကျကာ ဗီယက်နမ်ယူ-၂၁ အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

**သတင်း-ရဲရင့်ရှိန်း**

## မြောက်ဦးမြို့နယ်လုံးကျွတ်မြတ်ဆရာပူဇော်ပွဲ(ရန်ကုန်) ဖိတ်ကြားလွှာ

မြောက်ဦးမြို့နယ်အတွင်း ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၅)နှစ်ပြည့်ပြီး ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြောက်ဦးမြို့နယ်အတွင်း ပညာသင်ကြားခဲ့သောကျောင်းသား ကျောင်းသူဟောင်း များအားလုံး မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

၃၁-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီ စိတ္တသုခကျောင်း လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်၊ တာမွေမြို့နယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**၁။ ဦးရွှေမြသာ-ဖုန်း-၀၉-၇၃၀၁၉၉၈၅**
**၂။ ဒေါ်ခင်ရွှေ-ဖုန်း-၀၉-၅၁၇၄၀၇၃**
**၃။ ဦးအောင်ကျော်ဇော-ဖုန်း-၀၉-၅၁၇၁၇၃၀**
**၄။ ဦးမောင်သိန်းဖေ-ဖုန်း-၀၉-၇၉၇၇၀၂၄၀၈**
**၅။ ဦးကျော်နိုင်-ဖုန်း-၀၉-၅၁၄၃၅၇၄**

**မြောက်ဦးမြို့နယ်လုံးကျွတ်မြတ်ဆရာပူဇော်ပွဲ ပံ့ပိုးရေးကော်မတီ(ရန်ကုန်)**

## မိတ္ထီလာတက္ကသိုလ် (၁၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနား ဓာတ်ပုံ/ဗီဒီယိုရိုက်ကူးခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မိတ္ထီလာတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံ/ဗီဒီယိုရိုက်ကူးခွင့်အိတ်ဖွင့်တင်ဒါပါလျှောက်လွှာများကို ၂၂-၁၂-၂၀၁၇ရက်မှစ၍ မိတ္ထီလာတက္ကသိုလ်တွင် ရယူပြီး ၂၉-၁၂-၂၀၁၇ရက် ညနေ ၄နာရီတွင် တင်ဒါပိတ်ပြီး ၂၉-၁၂-၂၀၁၇ရက် ညနေ ၄း၃၀နာရီတွင် အိတ်ဖွင့်ကြေညာမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

| | |
|---|---|
| **ဘွဲ့နှင်းသဘင်ကျင်းပပြုလုပ်မည့်ရက်** | - ၁၂-၁-၂၀၁၈ရက် နံနက်/မွန်းလွဲ (အစမ်းလေ့ကျင့်ခြင်း)၊ |
| | - ၁၃-၁-၂၀၁၈ရက် နံနက်/မွန်းလွဲ(ဘွဲ့နှင်းသဘင်)၊ |
| | - ၁၄-၁-၂၀၁၈ရက် နံနက်/မွန်းလွဲ(ဘွဲ့နှင်းသဘင်)၊ |
| **ဘွဲ့နှင်းသဘင်ကျင်းပမည့်နေရာ** | - မိတ္ထီလာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ။ |
| **ဆက်သွယ်ရန်ဖုန်းနံပါတ်များ** | - ဥက္ကဋ္ဌ၊ ဓာတ်ပုံနှင့် ဗီဒီယိုဆပ်ကော်မတီ၊ မိတ္ထီလာတက္ကသိုလ်၊ ဖုန်း-၀၉-၄၄၄၀၂၃၂၃၂၊ ၀၉-၂၂၀၁၉၅၆ |

**ဥက္ကဋ္ဌ**
**ဓာတ်ပုံနှင့်ဗီဒီယိုဆပ်ကော်မတီ**
**မိတ္ထီလာတက္ကသိုလ်**

## ကျိုက္ခမီမြို့ မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့ပေါ်ရှိ ကျောင်းများတွင် ပညာသင်ကြားပေးခဲ့သော အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ၂၅-၁၂-၂၀၁၇ရက် နံနက် ၉နာရီတွင် (အထက) ကျိုက္ခမီခန်းမဆောင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမကြီးများမှ အပူဇော်ခံကြွရောက်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများမှ လာရောက်ပူဇော်ကန်တော့နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်- ဖုန်း-၀၉-၄၂၅၂၆၃၀၈၀၊**
**၀၉-၂၅၅၇၅၅၄၁၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ လမ်းဦးစီးဌာနလက်အောက်ရှိမြို့နယ်များ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး/ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကတ္တရာများကို မြန်မာငွေ(ကျပ်)ဖြင့်ဝယ်ယူလိုပါသည်။

၂။ လိုအပ်သော ပစ္စည်းအမျိုးအစားနှင့် အသေးစိတ်စာရင်းများကို ရွှေဘိုခရိုင်၊ လမ်းဦးစီးဌာနရုံး ဖုန်း-၀၇၅-၂၁၀၀၇၊ ၀၇၅-၂၂၉၃၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ၂၆-၁၂-၂၀၁၇ရက် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ၃နာရီအထိ
(ခ) **တင်ဒါဖွင့်မည့်ရက်** - ၃-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီ
(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရွှေဘိုမြို့

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-VI)ကွက်ပြင်၆၊ ဦးပိုင်အမှတ်(၆က/၆၃)၊ မြေယာအမှတ်(19/347)၊ မြေဧရိယာ(၀ဒသမ၁၄၇)ဧကရှိ မြေကွက်ကို ဒေါ်ဆုရည်မွန် ၁၄/ပသန(နိုင်)၁၆၉၁၄၉က အမည်ပြောင်းဂရန်သစ်လျှောက်ထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကြည်(LL.B)**
**(စဉ်-၄၈၄၀)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၃၂)၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၈၅-၂၉၇၄၀၊ ၀၉-၂၀၄၄၁၀၃**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန(ဧည့်ရိပ်သာ) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနကွပ်ကဲမှုအောက် ဧည့်ရိပ်သာ၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက် ဧည့်ရိပ်သာ(၁)တွင် 100 KVA Generator (၁)လုံး [WINNIE အမျိုးအစား MODEL;WD-100CS (SILENT)STANDBY POWER;110 KVA/88KW, PRIME POWER 100KVA/80KW,Engine;MAKE; CUMMINS, (Model;6B T5.9-G2), ALTERNATOR;MAKE;ORIGINALSTAMFORD(model: UCl-274C)] ဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်းလုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၁၉-၁၂-၂၀၁၇ရက်မှ ၃၁-၁၂-၂၀၁၇ရက် |
| **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** | - ၁-၁-၂၀၁၈ရက် မွန်းတည့် ၁၂နာရီ |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - ၅-၁-၂၀၁၈ရက် နံနက် ၁၀နာရီ |
| **တင်ဒါတင်သွင်းရမည့်နေရာ** | - အစည်းအဝေးခန်းမ(၂)၊ မြို့တော်ခန်းမ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ။ |

[တင်ဒါတင်သွင်းမည့်ကုမ္ပဏီ/လုပ်ငန်းရှင်များမှ ဧည့်ရိပ်သာ(၁)ရှိ Generator တပ်ဆင်မည့်နေရာအား ကွင်းဆင်းတိုင်းတာ တွက်ချက်ရမည်ဖြစ်ပါသည်။]

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက နေပြည်တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန(ဧည့်ရိပ်သာ)နေပြည်တော် ဖုန်း-၀၆၇-၈၁၀၈၃၅၆၊ ၀၆၇-၈၁၀၈၁၈၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အမည်ပြောင်း

ဦးစိုင်းဝင်းသူ ၇/ကပက(နိုင်)၀၆၄၈၇၅၈၏သား ကြို့ပင်ကောက်မြို့၊ အထက(ပန်းတင်)ဒုတိယတန်း(ခ)မှ မောင်မင်းသန့်မောင်အား မောင်ခွန်းဆက်သာဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

ဦးလင်းလင်းဦး-ဒေါ်အေးမြင့်ခိုင်တို့၏သမီး၊ ရွှေပြည်သာမြို့နယ်၊ အမက(၂)မှ မသဇင်လင်းဦးအား မဟန်သီလင်းဟု ပြောင်းလဲခေါ်ပါရန်။

**မဟန်သီလင်း**

## ပျောက်ဆုံးကြောင်း

ကျွန်မ မသီတာဝင်း ၁၂/လမတ(နိုင်)၀၂၅၇၀၃ အမည်ဖြင့် သွင်းကုန်ပါမစ် ISP 3 12-13 15548 14/09/2012 မူရင်းနှင့် သွင်းကုန်ကြေညာလွှာ ID အမှတ် 778703 28/09/2012 မူရင်းမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၉၉၁၅၂၂**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ ၈လမ်း၊ အမှတ် ၂၅၃နေ (ဦးစံထွန်း)-ဒေါ်မြင့်မြင့်ခင်တို့၏သား၊ မောင်ရဲမျိုးဇော် ၁၂/မရက(နိုင်)၁၅၇၃၄၄သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်မြင့်မြင့်ခင် ၁၂/ဥကမ(နိုင်)၀၃၅၅၄၀**

စာအုပ်စာပေလူ့မိတ်ဆွေ

# ကယ်လီဖိုးနီးယားတောင်ပိုင်း တောမီးအကြီးအကျယ်လောင်ကျွမ်းမှုကြောင့် လူထောင်ပေါင်းများစွာ ထွက်ပြေး

**ဗန်တူရာ ဒီဇင်ဘာ ၁၇**

ပြင်းထန်သည့် လေတိုက်မှုကြောင့် စနေနေ့က ကယ်လီဖိုးနီးယား တောမီးလောင်ကျွမ်းမှုမှာ ကယ်လီဖိုးနီးယားသမိုင်းတွင် တတိယမြောက် အကြီးဆုံး တောမီးလောင်ကျွမ်းမှု ဖြစ်ခဲ့သည်။

အိမ်နီးချင်း ဒေသများတွင် ကယ်ဆယ်ရွှေ့ပြောင်းမှုများ လုပ်ဆောင်ခဲ့ရပြီး မီးခိုးပြာများသည် အချို့ ဧရိယာများတွင် နှင်းများသဖွယ် ထူထပ်စွာ ကျဆင်းခဲ့သည်။

ပြင်းထန်သည့်လေတိုက်နှုန်းနှင့် ခြောက်သွေ့မှုက ကယ်လီဖိုးနီးယား တောင်ပိုင်းတွင် လောင်ကျွမ်းခဲ့သည့် Tomas Fire အမည်ရှိ တောမီးသည် ဆက်လက် အားကောင်းနေလိမ့်မည်ဟု ခန့်မှန်းရသည်။

တောမီးသည် ဒီဇင်ဘာ ၄ ရက်မှ စတင်ကာ အဆောက်အအုံပေါင်း ၁၀၀၀ ကျော်ကို လောင်ကျွမ်းခဲ့ပြီး ဆန်တာဘာဘရာ ကမ်းခြေမြို့အပြင်ဘက် မွန်တီစီတို နယ်မြေရှိ နေအိမ်များ အပါအဝင် နောက်ထပ်အဆောက်အအုံ ၁၈၀၀၀ ကျော်ကို လောင်ကျွမ်းနိုင်သည့် အန္တရာယ်ရှိနေကြောင်း သိရသည်။

တောမီး လောင်ကျွမ်းမှုသည် ရက်စက်ကြမ်းကြုတ်သည့် သတ္တဝါတစ်ကောင်ကဲ့သို့ပင် ကြောက်စရာကောင်းကြောင်း၊ သို့သော်လည်း ကျွန်ုပ်တို့ နှိမ်နင်းနိုင်လိမ့်မည်ဖြစ်ကြောင်း ဆန်တာဘာဘရာ စီရင်စုမီးသတ်ဌာနခွဲအကြီးအကဲ မာတင်ဂျွန်ဆန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဆန်တာဘာဘရာရှိ နေရာအစိတ်အပိုင်းများတွင် ကယ်ဆယ်ရွှေ့ပြောင်းရေးညွှန်ကြားချက် အသစ်တစ်ရပ်ကို စနေနေ့က ထုတ်ပြန်ခဲ့သည်။

လေတိုက်နှုန်း ပြင်းထန်မှုက တောမီးကို ပိုမိုလောင်ကျွမ်းအောင် အင်အားဖြည့်ပေးလျက်ရှိသည်။

တောမီးလောင်ကျွမ်းမှုကြောင့် လေထု အရည်အသွေးကျဆင်းကာ ညစ်ညမ်းလာသည့်အတွက် ကျောင်းအများအပြားကို ရက်များစွာကြာသည့်အထိ ပိတ်ထားခဲ့ရပြီး လမ်းများကိုလည်း ပိတ်ခဲ့ရကာ ထောင်ပေါင်းများစွာသော ပြည်သူများကို ၎င်းတို့၏နေအိမ်မှ ထွက်ပြေးရှောင်တိမ်း စေခဲ့သည်။

တောမီး စတင်လောင်ကျွမ်းခဲ့သည့်အစောပိုင်းရက်များအတွင်း ပြင်းထန်စွာ ထိခိုက်ခံစားခဲ့ရသည့် ဗန်တူရာမြို့တွင်လည်း ကယ်ဆယ်ရွှေ့ပြောင်းမိန့်ထုတ်ပြန်ခဲ့သည်ဖြစ်ရာ စနေနေ့တွင် ယင်းအမိန့်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။



**ရိုက်တာ**

# ပြင်သစ်သမ္မတမက်ခရွန် ပန်ဒါပေါက်လေးနှင့်အတူ မွေးနေ့ပွဲ ဆင်နွှဲ

**ပါရီ ဒီဇင်ဘာ ၁၇**

ပြင်သစ်သမ္မတ မက်ခရွန်သည် စနေနေ့က နိုင်ငံ၏ပထမဦးဆုံးသော ပန်ဒါပေါက်ဖြစ်သည့် Yuan Meng ကို သွားရောက်ကြည့်ရှုခဲ့ပြီး သူ၏အသက် ၄၀ ပြည့် မွေးနေ့ပွဲကို မိသားစုနှင့်အတူ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံ အလယ်ပိုင်းရှိ Beauval တိရစ္ဆာန်ရုံသို့အလည်သွားရောက်စဉ် ယင်းပန်ဒါပေါက်လေးဆီသို့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြင်သစ်သမ္မတသည် သူ၏အသက် ၄၀ ပြည့်မွေးနေ့ပွဲကိုကျင်းပရန် မိသားစုနှင့်အတူ Beauval တိရစ္ဆာန်ရုံသို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အလည်အပတ် သက်သက်သာလာရောက်ခဲ့ခြင်းဖြစ်ကြောင်း တိရစ္ဆာန်ရုံမှ တာဝန်ရှိသူများက ပြောသည်။




လေးလသက်တမ်းရှိ ယင်းပန်ဒါ၏ နာမည်ကို ဒီဇင်ဘာလေးရက်တွင် ပြင်သစ်သမ္မတကတော်က တရုတ်အရာရှိများနှင့်အတူ Yuan Meng ဟု အမည်သတ်မှတ်ပေးခဲ့ပြီး တရုတ်လိုအိပ်မက်များ အမှန်တကယ်ဖြစ်လာခြင်းဟု အဓိပ္ပာယ်ရသည်။

ဩဂုတ်လ လေးရက်ကမွေးဖွားခဲ့သည့်ယင်းပန်ဒါကို မီနီယွမ်ဇီဟုလည်း ခေါ်ဝေါ်ကြပြီး ၎င်း၏ဖခင်ဖြစ်သူ ယွမ်ဇီမှာ ပန်ဒါအမ Huan Huan နှင့်အတူ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ပြင်သစ်နိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ယင်းပန်ဒါပေါက်လေးမှာ အသက်သုံးနှစ်အရွယ်တွင် မူလတိုင်းပြည်သို့ပြန်မည်ဖြစ်ပြီး ဇန်နဝါရီ ၁၃ ရက်အထိ တိရစ္ဆာန်ဥယျာဉ်တွင် အများပြည်သူများ သွားရောက်ကြည့်ရှုနိုင်သည်။

**ဆင်ဟွာ**

# ပါကစ္စတန်အနောက်တောင်ပိုင်းရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ခုကို ဝင်ရောက်တိုက်ခိုက်မှုကြောင့် လူအချို့ဒဏ်ရာရရှိ

**အစ္စလာမ်မာဘတ် ဒီဇင်ဘာ ၁၇**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းကွက်တာမြို့တွင် တနင်္ဂနွေနေ့က ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ခုကို အကြမ်းဖက်သမားများ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူအချို့ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

ဘာလိုချီစတန်ပြည်နယ်မှ ပြည်ထဲရေးဝန်ကြီး ဆာဖရက်ဘတ်တီက ၎င်းသည် ကွက်တာမြို့ဇာဂရက်လမ်းတွင်ရှိသည့် ဘုရားရှိခိုးကျောင်းတစ်ကျောင်းကို အကြမ်းဖက်သမားအချို့တိုက်ခိုက်ခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သတင်းရရှိခဲ့သည်ဟု ပြောခဲ့သည်။

အကြမ်းဖက်သမားများ ဝင်ရောက်လာချိန်တွင် ပြည်သူများဆုတောင်းဝတ်ပြုနေကြပြီး ယင်းအချိန်တွင် ရဲတပ်ဖွဲ့တစ်စုမှာလည်း ဘုရားရှိခိုးကျောင်းကိုစောင့်ကြပ်ရန် ရောက်ရှိနေခဲ့ကြသည်ဖြစ်ရာ အကြမ်းဖက်တိုက်ခိုက်သူများကို ရင်ဆိုင်ခဲ့ကြကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားခဲ့သည်။

လတ်တလောတွင် သေဆုံးသူအရေအတွက်ရှိ မရှိနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း မရှိသေးပေ။ အာဏာပိုင်များသည် မြို့တွင်းရှိ ဆေးရုံများ အားလုံးတို့တွင် အရေးပေါ် ကြေညာမှုပြုလုပ်ခဲ့သည်။

ယင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက်တွင် ကယ်ဆယ်ရေးအဖွဲ့များ၊ လုံခြုံရေးအင်အားစုများနှင့် ရဲတပ်ဖွဲ့တို့သည် အခင်းဖြစ်ပွားရာသို့ အမြန်ဆုံးရောက်ရှိလာခဲ့သည်။ လုံခြုံရေးအင်အားစုများက အခင်းဖြစ်ပွားရာနေရာကို ပိတ်ဆို့ထားမှုများ လုပ်ဆောင်ခဲ့သည်။ ဒေသခံများ၏ပြောပြချက်အရ ဘုရားရှိခိုးကျောင်းအနီးတွင် ပြင်းထန်သည့်ပေါက်ကွဲသံကြီးတစ်ခု ကြားလိုက်ရပြီး အပြန်အလှန်သေနတ်ပစ်ခတ်သံများကြားခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

# မြောက်ကိုရီးယားဒုံးကျည်စမ်းသပ်မှု အမေရိကန်အတွက် ကြီးမားသည့် ခြိမ်းခြောက်မှုမဟုတ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ် ပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၁၇**

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏နျူကလီးယားဒုံးကျည်ဖြင့် အမေရိကန်သို့ ထိမှန်စေနိုင်သည်ဟု သက်သေပြနိုင်ခြင်းမရှိသေးကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားသည် နိုဝင်ဘာ ၂၉ရက်က တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့သည်။ ထိုသို့ပစ်လွှတ်ခဲ့မှုကို မြောက်ကိုရီးယားက ၎င်းသည် တိုက်ချင်းပစ်ဒုံးကျည် ဟွာဆောင်း ၁၅ ကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်ခဲ့ပြီဖြစ်ကြောင်းနှင့် ယင်းဒုံးကျည်သည် အမေရိကန်ကုန်းမြေအထိ ရောက်ရှိနိုင်မည့် ကြီးမားသည့် နျူကလီးယားဒုံးကျည်ထိပ်ဖူးကို သယ်ဆောင်နိုင်ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

သို့သော် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်က ထိုသို့စွမ်းဆောင်နိုင်သည်ဟု အတည်ပြုနိုင်ခြင်းမရှိသေးကြောင်း၊ အသေးစိတ်စိစစ်မှုများ လုပ်ဆောင်နေဆဲဖြစ်ကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။

မြောက်ကိုရီးယားသည် ၎င်းထံတွင် တိုက်ချင်းပစ်ဒုံးကျည်ထိပ်ဖူးကို လေထုအတွင်းသို့ ပြန်လည်ဝင်ရောက်ကာ လွတ်မြောက်စေနိုင်မည့်နည်းပညာရှိကြောင်း၊ ထုတ်ဖော်ပြခဲ့ခြင်း မရှိသေးကြောင်း အမေရိကန်အစိုးရအဖွဲ့သတင်းရင်းမြစ်များက အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့သည်။

ဟွာဆောင်း ၁၅ ဒုံးကျည်သည် အမေရိကန်သို့ရောက်ရှိကောင်း ရောက်ရှိနိုင်မည်ဖြစ်သော်လည်း ပြန်လည်ဝင်ရောက်မှုအပိုင်းတွင် ပြဿနာများရှိနေကြောင်း အမေရိကန်သုတေသနအဖွဲ့က ပြောကြားခဲ့သည်။

သုတေသနအဖွဲ့က မြောက်ကိုရီးယားအနေဖြင့် မြေပြင်ပေါ်ရှိပစ်မှတ်ကို ဒုံးကျည်ထိမှန်နိုင်စေမည့် စွမ်းရည်ပိုင်းတိုးတက်စေရန် ယခုထက်ပိုမိုစမ်းသပ်မှုများပြုလုပ်နိုင်ဖွယ်ရှိကြောင်း သတိပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# နိုင်ငံတကာ သတင်းတိုထွာ

## နှစ်ရက်အတွင်း လစ်ဗျားမှ နိုင်ဂျာသို့ ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့သည့် ဒုက္ခသည် ၇၄ ဦးရှိ

**ထရိပိုလီ ဒီဇင်ဘာ ၁၇**

ပြီးခဲ့သည့် နှစ်ရက်အတွင်း လစ်ဗျားမှ နိုင်ဂျာသို့ ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ရသည့် ဒုက္ခသည်အရေအတွက် ၇၄ ဦးရှိကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂဒုက္ခသည်များ အေဂျင်စီသည် ဒီဇင်ဘာ ၁၄ရက်နှင့် ၁၅ ရက် ညပိုင်းတို့တွင် ကလေးငယ်များနှင့်အမျိုးသမီးများအများစုပါဝင်သည့် ဒုက္ခသည်များကို လစ်ဗျားမှ နိုင်ဂျာသို့ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ကြောင်း ဖော်ပြခဲ့သည်။

နိုင်ဂျာရှိ အန်ကာအဖွဲ့၏လုပ်ဖော်ကိုင်ဖက်များ၏ အကူအညီဖြင့် အီရစ်ထရီးယန်းနှင့် ဆိုမာလီနိုင်ငံသား ဒုက္ခသည်များအား နီယာမီရှိတည်းခိုဆောင်များသို့ စုစည်းထားမည်ဖြစ်ကြောင်း အဖွဲ့က ပြောကြားခဲ့သည်။

ဒုက္ခသည်များအား အသက်ကယ်ဆယ်သည့် ယင်းလုပ်ငန်းစဉ်တွင် ဥရောပကော်မရှင်၏ အကူအညီပေးအပ်ခဲ့မှုကို အန်ကာအဖွဲ့က ချီးမွမ်းဂုဏ်ပြုခဲ့သည်။

**ဆင်ဟွာ**

## ၂၀၁၇ တွင် လက်ဘနွန်ရှိ ဆီးရီးယားဒုက္ခသည်များ ပြင်းထန်သည့်ဆင်းရဲချို့တဲ့မှုကို ခံစားနေရ

**ဘေရွတ် ဒီဇင်ဘာ ၁၇**

လက်ဘနွန်ရှိ ဆီးရီးယားဒုက္ခသည် ထက်ဝက်ကျော်တို့သည် ပြင်းထန်သည့် ဆင်းရဲချို့တဲ့မှုဒဏ်ကို ခံစားနေကြရကြောင်း မကြာသေးမီက ကုလသမဂ္ဂ၏ လေ့လာမှုတစ်ရပ်အရသိရသည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ ကုလသမဂ္ဂကလေးများအရေးပေါ်ရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့က အိမ်ထောင်စုများ၏ ၅၈ ရာခိုင်နှုန်းမှာ နေ့စဉ်တစ်ဦးချင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ဒသမ ၈၇ အောက်လျော့နည်းစွာဖြင့် အလွန်အမင်းဆင်းရဲနွမ်းပါးစွာနေထိုင်နေရကြောင်း ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က ဒုက္ခသည်များ၏ ၅၃ ရာခိုင်နှုန်းခန့် အလွန်အမင်းဆင်းရဲနွမ်းပါးစွာနေထိုင်ခဲ့ရသည်။ ဒုက္ခသည်များအတွက် လစဉ်သုံးစွဲငွေသည် အမေရိကန်ဒေါ်လာ ၉၈ ဒေါ်လာနှင့် ၄၄ ဒေါ်လာခန့်လောက်သာရှိနေပြီး အစားရေစာအတွက် သုံးစွဲနေရခြင်းဖြစ်သည်။

ဆီးရီးယားရှိ ဒုက္ခသည်များသည် အလွန်အမင်း ခက်ခဲကြမ်းတမ်းစွာ အသက်ဆက်နေရကြောင်း လက်ဘနွန်ရှိ အန်ကာအဖွဲ့ကိုယ်စားလှယ် မိုင်ရယ်လီဂီရတ်က ပြောကြားခဲ့သည်။မိသားစုဝင်အများစုသည် လွန်စွာအားနည်းလျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့ကို မှီခိုအားထားရလျက်ရှိသည်။

**ဆင်ဟွာ**

# ဗြိတိန်ခွဲထွက်ရေး နောက်တစ်ဆင့်အတွက် ဥရောပခေါင်းဆောင်များ ခြေလှမ်းပြင်ဆင်

**ကလျာမိုးမြင့်**



ဥရောပသမဂ္ဂခေါင်းဆောင်တွေဟာ ဥရောပသမဂ္ဂကနေ ဗြိတိန်နုတ်ထွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲတွေ နောက်တစ်ဆင့် စတင်ဖို့အတွက် သဘောတူညီလိုက်ပြီ ဖြစ်တယ်လို့ မျှော်လင့်ရပါတယ်။

ဒါဟာ ဘာကိုဆိုလိုသလဲဆိုတော့ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ ပါလီမန်အောက်လွှတ်တော်အတွင်းမှာ ပထမဆုံးအကြိမ် အလဲထိုးခံလိုက်ရပြီးနောက် ရက်အနည်းငယ်အကြာမှာ ကာလကြာရှည် ဆက်ဆံလာခဲ့တဲ့ ဗြိတိန်နဲ့ ဥရောပသမဂ္ဂတို့ ဆွေးနွေးပွဲတွေ ရှေ့ဆက်နိုင်ပြီဆိုတဲ့ အဓိပ္ပာယ်ပဲဖြစ်ပါတယ်။

ဗြိတိန်ထွက်ခွာမယ့် ၂၀၁၉ ခုနှစ် မတ်လအပြီးမှာ အပြောင်းအလဲကာလနဲ့ ပတ်သက်တဲ့ နောက်အကျော့ဆွေးနွေးပွဲတွေကို လာမည့်ရက်သတ္တပတ်လောက် အစောဆုံးစတင်နိုင်ဖွယ်ရှိပါတယ်။

ဥရောပကော်မရှင် ဥက္ကဋ္ဌ ဂျိမ်းကလော်ဒီဂျန်ကာက ဒီဖြစ်စဉ်ဟာ သိသိသာသာ ခက်ခဲလိမ့်မယ်လို့ နိမိတ်ဖတ်ခဲ့ပါတယ်။ ဝန်ကြီးချုပ်မေဟာ ကြာသပတေးနေ့ညက ဘရပ်ဆဲလ်မှာ ပြုလုပ်တဲ့ ညစာစားပွဲမှာ ဖန်တီးနိုင်စွမ်းနဲ့ ရည်မှန်းချက်ကိုစွဲကိုင်ပြီး နှစ်ဖက်စလုံးက ရှေ့တိုးဆောင်ရွက်သွားကြဖို့ တိုက်တွန်းတဲ့ မိန့်ခွန်းတစ်ခုကို ပြောကြားခဲ့ပြီးနောက်မှာတော့ ညစာစားပွဲမှာ အခြား ခေါင်းဆောင်တွေရဲ့ ချီးကျူးဂုဏ်ပြုခြင်းကို ရရှိခဲ့ပါတယ်။

အနာဂတ်ဆက်ဆံရေးမူဘောင်နဲ့ ပတ်သက်ပြီး လှုပ်ရှားဖို့ ပထမအကျော့ဆွေးနွေးမှုမှာ လုံခြုံရေးနဲ့ကုန်သွယ်ရေးကိစ္စရပ်တွေအပါအဝင် လုံလောက်တဲ့ အောင်မြင်ဖြစ်ထွန်းမှုတွေ ရရှိအောင် လုပ်ဆောင်နိုင်ခဲ့တယ်လို့ ဥရောပ ကော်မရှင်ကပြောခဲ့ပါတယ်။

ဥရောပသမဂ္ဂရဲ့ အဓိက ဦးစားပေးကိစ္စရပ်ဟာ ၂၀၁၉ မတ်လမှာ ဗြိတိန်နုတ်ထွက်သွားပြီးနောက် အနာဂတ်ဆက်ဆံရေးနဲ့ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးမှုတွေ မစတင်ခင်မှာ နိုင်ငံသားတွေရဲ့ အခွင့်အရေးလိုမျိုး ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး ကျွန်ုပ်တို့ယခုသဘောတူညီထားတဲ့အချက်တွေကို တရားဝင်ဖြစ်စေဖို့ပါပဲလို့ မစ္စတာဂျန်ကာက ပြောကြားခဲ့ပါတယ်။

ပထမအကြိမ် ဆွေးနွေးမှုဟာ တော်တော်လေး ခက်ခဲခဲ့ပြီး ဒုတိယအကျော့ဟာ ပထမအကြိမ်ထက်တောင် ပိုပြီးခက်ခဲလိမ့်ဦးမယ်လို့ ၎င်းက သတိပေးခဲ့ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်ကလည်း သတင်းထောက်တွေနဲ့ တွေ့ဆုံစဉ်မှာ တိုးတက်မှုရအောင်တော့လုပ်နိုင်ခဲ့ပြီ။ ဒါပေမယ့် ဒီထက်အများကြီး လုပ်ရမှာတွေရှိသေးတယ်။ ပြီးတော့အချိန်က ဒီကိစ္စရဲ့အနှစ်ချုပ်ပဲလို့ ပြောခဲ့ပါတယ်။

ဥရောပသမဂ္ဂရဲ့ စည်းမျဉ်းတွေအောက်မှာ ဆုံးဖြတ်ချက်ကို အတည်ပြုတဲ့ အစည်းအဝေးတွေကို ဝန်ကြီးချုပ်အနေနဲ့ တက်ရောက်နိုင်မှာ မဟုတ်ပါဘူး။ အခုဆိုရင် ဝန်ကြီးချုပ်မေက ဗြိတိန်ကို ပြန်သွားပါပြီ။

အခြား ဥရောပခေါင်းဆောင်တွေနဲ့ ပြုလုပ်ခဲ့တဲ့ ညစာစားပွဲအတွင်းမှာ ဝန်ကြီးချုပ်မေက ဗြိတိန်ခွဲထွက်ရေး ဆွေးနွေးပွဲတွေ ဒုတိယအကျော့ရောက်ရှိလာစေဖို့ သဘောတူညီမှုတစ်ရပ်ကို အတည်ပြုထောက်ခံကြဖို့ တိုက်တွန်းခဲ့ပါတယ်။

မိန့်ခွန်းအကျဉ်းမှာမေက ထူးခြားလေးနက်တဲ့ အနာဂတ်ဆက်ဆံရေးတစ်ရပ်ကို တတ်နိုင်သမျှ အမြန်ဆုံးပုံဖော်သွားဖို့ ၎င်းရဲ့စိတ်အားထက်သန်နေမှုကို အလေးအနက် ဖော်ပြခဲ့ပါတယ်။

၎င်းအနေနဲ့ ဗြိတိန်ခွဲထွက်ရေး လမ်းကြောင်းပေါ်မှာရှိနေတယ်ဆိုတဲ့ ယုံကြည်မှုဟာ သံသယဖြစ်စရာမရှိဘူးလို့လည်း ပြောခဲ့ပါတယ်။

နောက်တစ်ဆင့် ဆက်လှုပ်ရှားနိုင်ဖို့ မေကလိုလားနေပြီး ဒီအဆင့်ကို ရည်မှန်းချက်၊ ဖန်တီးနိုင်စွမ်းတွေနဲ့အတူ မေက ချဉ်းကပ်ချင်နေတာဖြစ်ပါတယ်။ ဝန်ကြီးချုပ်မေကို ချီးကျူးဂုဏ်ပြုခဲ့ရာမှာ ဂျိမ်းကလော်ဒီဂျန်ကာက ၎င်းရဲ့ ဥရောပမိတ်ဆွေဟာ အကြီးအကျယ်အင်အားစိုက်ထုတ်ခဲ့တယ်ဆိုတဲ့ ခံစားချက်ရှိနေပြီး ဒါကို အသိအမှတ်ပြုရမှာ ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

ဒါကိုသြစတြီးယား ဝန်ကြီးချုပ် ခရစ်ရှန်ကန်ကလည်း အသိအမှတ်ပြု ချီးကျူးခဲ့ပါတယ်။ စာရွက်စာတမ်းအထောက်အထားဖော်ပြမှုတွေအရဆိုရင် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်ကို ဗြိတိန်က ဥရောပသမဂ္ဂကနေ နုတ်ထွက်ပြီးချိန်မတိုင်မီအထိ လက်မှတ်ရေးထိုးနိုင်ဦးမှာ မဟုတ်ပါဘူး။

ဆွေးနွေးပွဲတွေဟာ ပထမဦးစားပေးအနေနဲ့ နိုင်ငံသားတွေရဲ့ အခွင့်အရေးကိစ္စတွေ၊ အိုင်ယာလန်နယ်စပ်ကိစ္စနဲ့ ဗြိတိန်ခွဲထွက်မယ့် တရားဝင်နေ့ရက်နဲ့ ကိုက်ညီမယ့် အပြောင်းအလဲကာလကိစ္စရပ်တွေကို အဓိက ဦးစားပေးဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။

နှစ်ရက်ကြာပြုလုပ်မယ့် ထိပ်သီးအစည်းအဝေး နီးကပ်လာပြီဖြစ်တဲ့အတွက် ဥရောပခေါင်းဆောင်တွေဟာ ဥရောပဇုန်နဲ့ ပတ်သက်ပြီး ဆက်လက်ဆွေးနွေးသွားကြဦးမှာ ဖြစ်ပါတယ်။

မြေထဲပင်လယ်ကို ဖြတ်ကျော်လာတဲ့ ရွှေ့ပြောင်းသွားလာသူတွေ ဝင်ရောက်လာမှုနဲ့ ရုရှားအပေါ်မှာ ချမှတ်ထားတဲ့ ပိတ်ဆို့မှုတွေနဲ့ ပတ်သက်ပြီးတော့လည်း ငြင်းခုံနေဆဲဖြစ်ပါတယ်။

ဘရပ်ဆဲလ်မှာ စကားပြောဆိုခဲ့တဲ့ အချိန်မှာ ဝန်ကြီးချုပ်မေက ဥရောပသမဂ္ဂကနေ ထွက်ခွာတဲ့ဥပဒေကို မဲပေးကြရာမှာ အတော်လေး စိတ်ကသိကအောက်ဖြစ်ခဲ့ရတယ်။

ဒါပေမယ့် ဒီဥပဒေဟာ ကောင်းမွန်တဲ့ တိုးတက်မှုတွေရရှိနေတယ်လို့ မေက ပြောပါတယ်။ ဗုဒ္ဓဟူးနေ့ညက ပါလီမန်လွှတ်တော်အတွင်း မဲပေးခဲ့မှုမှာ ၎င်းအတွက် အခြေအနေမကောင်းခဲ့ပေမယ့် ဥရောပကနေ ဗြိတိန်ခွဲထွက်ရေးဖြစ်စဉ်ကတော့ လမ်းကြောင်းပေါ်မှာ ရှိနေဆဲပဲ ဖြစ်တယ်လို့ ဆိုပါတယ်။

ပါလီမန်လွှတ်တော်အဖွဲ့ဝင်များဟာ နောက်ဆုံး ဗြိတိန်ခွဲထွက်ရေး သဘောတူညီချက်နဲ့ ပတ်သက်ပြီး ၎င်းတို့ကို တရားဝင်အာမခံချက်ပေးထားတဲ့ ပြင်ဆင်ဖြည့်စွက်ချက်ကို ကျောထောက်နောက်ခံ ပေးနေပါတယ်။

ဝန်ကြီးများဟာ လာမယ့်အင်္ဂါနေ့မှာ ပြုလုပ်မယ့် အစိုးရအဖွဲ့ဝန်ကြီးများ အစည်းအဝေးမှာ ဗြိတိန်နဲ့ အီးယူတို့ ဆက်ဆံရေးအဆုံးသတ်မှုကို ပထမဆုံးအကြိမ် ဆွေးနွေးသွားကြဖို့ ရှိနေပါတယ်။

မည်သို့ပင်ဆိုစေ ဗြိတိန်ဝန်ကြီးချုပ် မေဟာ လာမယ့်ရက်သတ္တပတ်မှာ ပါလီမန်လွှတ်တော် အဖွဲ့ဝင်တွေက ဥရောပသမဂ္ဂကနေ ဗြိတိန်ခွဲထွက်မယ့် ၂၀၁၉ မတ်လ ၂၉ရက်ကို ဥပဒေနဲ့အညီ အတည်ပြုသတ်မှတ်ဖို့ အစိုးရအဖွဲ့ရဲ့ ပြင်ဆင်ဖြည့်စွက်ချက်နဲ့ ပတ်သက်ပြီး မဲပေးကြတဲ့အခါ နောက်ထပ်စိန်ခေါ်မှုမျိုးနဲ့ ရင်ဆိုင်ရဦးမှာ ဖြစ်ပါတယ်။

**ကိုးကား - ဘီဘီစီ**

> “ဥရောပသမဂ္ဂရဲ့ အဓိက ဦးစားပေး ကိစ္စရပ်ဟာ ၂၀၁၉ မတ်လမှာ ဗြိတိန်နုတ်ထွက်သွားပြီးနောက် အနာဂတ်ဆက်ဆံရေးနဲ့ ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးမှုတွေ မစတင်ခင်မှာ နိုင်ငံသားတွေရဲ့ အခွင့်အရေးလိုမျိုး ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ကျွန်ုပ်တို့ယခု သဘောတူညီထားတဲ့အချက်တွေကို တရားဝင်ဖြစ်စေဖို့ပါပဲ”

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အမြတ်ဝေစုများခွဲဝေပေးချေခြင်းအား ထိခိုက်စေမည့် အခြားကိစ္စရပ်များ**

၁၀၉။ (က) ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့သည် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြတ်ဝေစုအား ခွဲဝေသတ်မှတ်ခြင်းမပြုရ -

(၁) အစုရှယ်ယာအမျိုးအစား တစ်ရပ်တည်းတွင် အစုရှယ်ယာအချို့နှင့်သာ သက်ဆိုင်ပြီး အစုရှယ်ယာအားလုံးနှင့် သက်ဆိုင်ခြင်းမရှိလျှင် သို့မဟုတ်

(၂) အစုရှယ်ယာအမျိုးအစားတစ်ရပ်တည်းတွင် အစုရှယ်ယာအချို့မှ အခြားအစုရှယ်ယာများထက် အမြတ်ဝေစုပမာဏ ပိုမိုရရှိခြင်း၊ တစ်စိတ်တစ်ဒေသငွေပေးချေရန်လိုအပ်သည့် အစုရှယ်ယာများနှင့် သက်ဆိုင်လျှင် အဆိုပါအစုရှယ်ယာအတွက် ခွဲဝေပေးမည့် အမြတ်ဝေစုပမာဏသည် ထိုသို့ပေးချေထားသည့် ငွေပမာဏအချိုးအစားအတိုင်း အမြတ်ဝေစုများအား ခွဲဝေသတ်မှတ်ရမည်။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါအချက်များနှင့် ညီညွတ်လျှင် ကုမ္ပဏီသည် အဆိုပြု အမြတ်ဝေစုအစား ယင်းအမြတ်ဝေစု၏ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစုရှယ်ယာများအဖြစ် လက်ခံရန် သဘောတူညီသည့် အစုရှယ်ယာရှင်များကို အစုရှယ်ယာများအား ထုတ်ပေးနိုင်သည်-

(၁) အဆိုပြုထားသော အမြတ်ဝေစုအစား အားလုံးအတွက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသအတွက်ဖြစ်စေ တူညီသည့်စည်းကမ်းချက်များဖြင့် တူညီသည့်အစုရှယ်ယာ အမျိုးအစားကို ပိုင်ဆိုင်သူသို့ ကမ်းလှမ်းရမည်။

(၂) သဘောတူညီထားသည့် အစုရှယ်ယာရှင်များ၏ လက်ခံသောအစုရှယ်ယာများနှင့် ဆက်စပ်သည့် ဆန္ဒမဲပေးခွင့်နှင့် ခွဲဝေဆောင်ရွက်နိုင်ခွင့်ထားရှိရမည်။

(၃) အဆိုပါကမ်းလှမ်းမှုကို လက်ခံနိုင်ရန်အတွက် အနည်းဆုံး ၂၁ ရက်ကာလထားရှိရမည်။

(၄) အစုရှယ်ယာများကို လက်ခံရန်သဘောတူသည့် အမျိုးအစားတူ အစုရှယ်ယာရှင်တစ်ဦးစီသို့ ထုတ်ဝေသည့် အစုရှယ်ယာများမှာ တူညီသော အခွင့်အရေးများ၊ တူညီသော စည်းကမ်းချက်များဖြင့် ထုတ်ဝေခြင်း ဖြစ်ရမည်။ ၎င်းအပြင်

(၅) ပုဒ်မ ၆၃ နှင့် ပုဒ်မ ၇၁ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ယင်းတို့နှင့် သက်ဆိုင်သမျှ လိုက်နာရမည်။

၁၁၀။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၀၉ ပါသတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်လျှင် ဒဏ်ကြေးငွေကျပ် ၁၀ သိန်းကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်ဖြင့် တမင်ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် အလားတူ ပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

**အကျိုးအမြတ်များကို မတည်ရင်းနှီးမြှုပ်နှံခြင်း**

၁၁၁။ ပုဒ်မ ၁၀၉ ပါပြဋ္ဌာန်းချက်များအား ဆန့်ကျင်ခြင်းမရှိစေဘဲ ကုမ္ပဏီတစ်ခုသည် ယင်း၏အကျိုးအမြတ်များကို ပြန်လည်ရင်းနှီးမြှုပ်နှံနိုင်သည်။ ထိုသို့ ရင်းနှီးမြှုပ်နှံခြင်းသည် အစုရှယ်ယာများ ထုတ်ဝေရန် မလိုပါ။

## အခန်း(၁၅)

## အစုရှယ်ယာမတည်ငွေရင်းကို အကျိုးသက်ရောက်စေမည့် ဆောင်ရွက်ချက်များနှင့် အကြောင်းအရာများ အစုရှယ်ယာ မတည်ငွေရင်းအား ပြောင်းလဲပြင်ဆင်ခြင်း

**အစုရှယ်ယာမတည်ငွေရင်းအား ပြောင်းလဲရန်အတွက် အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ၏အခွင့်အာဏာ**

၁၁၂။ (က) အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုသည် ယင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ယင်း၏အစုရှယ်ယာ မတည်ငွေရင်း ပြောင်းလဲပြင်ဆင်ခြင်းကို အောက်တွင် ဖော်ပြထားသည့်အတိုင်း ပြုလုပ်နိုင်သည်-

(၁) အခန်း (၁၁) ပါပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ မတည်ငွေရင်းအား တိုးမြှင့်ခြင်းအတွက် လိုအပ်သည်ဟု ထင်မြင်သည့် အစုရှယ်ယာ အသစ်များကို ထုတ်ဝေနိုင်သည်။

(၂) အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် သာမန်ဆုံးဖြတ်ချက်ကို အထောက်အထားပြု၍ ကုမ္ပဏီ၏အစုရှယ်ယာ မတည်ငွေရင်းအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေပေါင်းစည်း၍ ပိုမိုများပြားသော အစုရှယ်ယာများအဖြစ် ပိုင်းခြားခြင်း ပြုလုပ်နိုင်သည်၊ လက်ရှိအစုရှယ်ယာများဖြင့် မပေးချေရသေးသော ငွေပမာဏရှိခဲ့လျှင် အဆိုပါ ငွေပမာဏကို အစားဖြည့်စွက်သည့် အစုရှယ်ယာအနက် ညီမျှစွာပိုင်းခြားရမည်။

(၃) အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် သာမန်ဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာများကို သို့မဟုတ် အချို့ကို မူလထုတ်ဝေထားသော ပမာဏထက် နည်းပါးသည့် အစုရှယ်ယာများအဖြစ်သို့ ထပ်မံပိုင်းခြားနိုင်သည်။ သို့ရာတွင် ထိုသို့ထပ်မံပိုင်းခြားသည့်အခါ ပိုင်းခြားခဲ့သော အစုရှယ်ယာအသစ်တစ်ခုတွင် ငွေပေးချေပြီးသည့်ပမာဏနှင့် ငွေပေးချေခြင်းမပြုရသေးသည့် ပမာဏအချိုးအစားသည် မူလအစုရှယ်ယာများကဲ့သို့ပင် တူညီရမည်ဖြစ်သည်။

(၄) အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်ဖြင့် သာမန် အစုရှယ်ယာတစ်ခုကို ဦးစားပေးအစုရှယ်ယာတစ်ခုအဖြစ် ပြောင်းလဲနိုင်သည်။

(၅) အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်ဖြင့် ဦးစားပေး အစုရှယ်ယာတစ်ခုကို သာမန်အစုရှယ်ယာတစ်ခုအဖြစ် ပြောင်းလဲနိုင်သည်။

(၆) ဤအပိုင်း၏ အခန်း (၁၁) ပါပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ရွေးနုတ်ယူနိုင်သော ဦးစားပေးအစုရှယ်ယာတစ်ရပ်ရပ်ကိုပြန်လည်ရွေးနုတ်နိုင်သည်။

(၇) ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်းကို ဤအခန်းတွင် ဖော်ပြပါရှိသော နည်းလမ်းများဖြင့် လျှော့ချနိုင်သည်။

(၈) အစုရှယ်ယာများကို ဤအခန်းတွင်ဖော်ပြပါရှိသော နည်းလမ်းများဖြင့် ပြန်လည် ဝယ်ယူနိုင်သည်။

(၉) ကုမ္ပဏီ၏အစုရှယ်ယာများကို ဝယ်ယူခြင်းနှင့် သက်ဆိုင်သည့် ငွေကြေးအထောက်အပံ့များကို ဤအခန်းတွင်ဖော်ပြပါရှိသော နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)သည် ဤဥပဒေအရသော်လည်းကောင်း၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ကသော်လည်းကောင်း ခွင့်ပြုနိုင်သော အစုရှယ်ယာ မတည်ငွေရင်းကို ပြောင်းလဲပြင်ဆင်နိုင်မည့် အခြားသောအခွင့်အရေးတစ်ရပ်ရပ်ကို ကန့်သတ်ထားခြင်းမရှိသည့်အပြင် ဤဥပဒေ၏ အခြားအခန်းများတွင်ပါရှိသော ပြဋ္ဌာန်းချက်များကိုလည်း ထိခိုက်စေခြင်း မရှိစေရ။

**အစုရှယ်ယာ မတည်ငွေရင်းအား ပေါင်းစည်းသည့်အခါ မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရခြင်း**

၁၁၃။ အစုရှယ်ယာ မတည်ငွေရင်းရှိသော ကုမ္ပဏီတစ်ခုသည် ၎င်း၏အစုရှယ်ယာ မတည်ငွေရင်းကို ပုဒ်မ ၁၁၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂) မှ (၇) အထိတွင်ပြဋ္ဌာန်းထားသည့် နည်းလမ်းများဖြင့် ပြောင်းလဲပြင်ဆင်ခဲ့လျှင် ထိုကုမ္ပဏီသည် ပြောင်းလဲပြင်ဆင်သည့်နေ့မှ ၂၁ရက်အတွင်း အစုရှယ်ယာများကို ပေါင်းစည်းသည်၊ ပိုင်းခြားသည် သို့မဟုတ် ထပ်မံပိုင်းခြားသည် စသည်တို့ကို ဖော်ပြလျက် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားတင်ပြရမည်။

၁၁၄။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၁၃ ပါသတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်လျှင် ဒဏ်ကြေးငွေကျပ် ၁၀ သိန်းကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်ဖြင့် တမင်ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် အလားတူပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

**အစုရှယ်ယာမတည်ငွေရင်းကို လျှော့ချခြင်း**

၁၁၅။ (က) အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေပါ ခွင့်ပြုချက်များကို ကန့်သတ်ခြင်းမရှိဘဲ ယင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါနည်းလမ်းတစ်ခုခုဖြင့် ယင်းကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်းကို လျှော့ချနိုင်သည်-

(၁) ငွေပေးချေထားခြင်းမရှိသေးသည့် အစုရှယ်ယာ မတည်ငွေရင်းအတွက် တာဝန်ရှိမှုကို ပယ်ဖျက်နိုင်သည် သို့မဟုတ် လျှော့ချနိုင်သည်။

(၂) ကုမ္ပဏီ၏ အစုရှယ်ယာတစ်ရပ်ရပ်အတွက် တာဝန်ရှိမှုကို ပယ်ဖျက်ခြင်း သို့မဟုတ်လျှော့ချခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပျောက်ဆုံးသည့် သို့မဟုတ် ပိုင်ဆိုင်ကြောင်းတင်ပြခြင်းမပြုနိုင်သည့် ငွေပေးချေထားသော အစုရှယ်ယာ မတည်ငွေရင်း တစ်ရပ်ရပ်ကို ပယ်ဖျက်နိုင်သည်။

(၃) ကုမ္ပဏီ၏ အစုရှယ်ယာတစ်ရပ်ရပ်အတွက် တာဝန်ရှိမှုကို ပယ်ဖျက်ခြင်း သို့မဟုတ် လျှော့ချခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကုမ္ပဏီက လိုအပ်သောပမာဏထက် ကျော်လွန်သည့် ငွေပေးချေထားသော အစုရှယ်ယာ မတည်ငွေရင်းတစ်ရပ်ရပ်ကို ပြန်လည်ပေးချေနိုင်သည်။

(ခ) အောက်ပါအချက်များနှင့် မကိုက်ညီလျှင် ကုမ္ပဏီသည် မတည်ငွေရင်းလျှော့ချခြင်းမပြုရ -

(၁) ကုမ္ပဏီသည် မတည်ငွေရင်းလျှော့ချပြီးနောက် ချက်ချင်း ကြွေးမြီစစ်ဆေးချက်ကို ကျေနပ်လက်ခံခြင်း၊

(၂) မတည်ငွေရင်းလျှော့ချခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံးအတွက် မျှတလျော်ကန်မှုရှိခြင်း၊

(၃) မတည်ငွေရင်းလျှော့ချခြင်းသည် ကုမ္ပဏီက ယင်း၏မြီရှင်များသို့ ငွေပေးချေရမည့် တာဝန်များကို အများစုထိခိုက်မှုမရှိခြင်းနှင့်

(၄) ပုဒ်မ ၁၁၆ အရ အစုရှယ်ယာရှင်များမှ အတည်ပြုခြင်း၊

(ဂ) ဤပုဒ်မအရ ကုမ္ပဏီမှ မတည်ငွေရင်းလျှော့ချခြင်းကို အညီအမျှသော်လည်းကောင်း၊ ရွေးချယ်၍သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

(ဃ) မတည်ငွေရင်း အညီအမျှလျှော့ချခြင်းသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီရမည်-

(၁) သာမန်အစုရှယ်ယာများနှင့် သာသက်ဆိုင်သည်။

(၂) သာမန်အစုရှယ်ယာပိုင်ဆိုင်သူတစ်ဦးစီအတွက် ၎င်းတို့ပိုင်ဆိုင်သည့် သာမန် အစုရှယ်ယာအရေအတွက် အချိုးအစားအလိုက်ဖြစ်စေရမည်။ ၎င်းအပြင်

(၃) သာမန်အစုရှယ်ယာရှင်တစ်ဦးစီအတွက် တူညီသည့်စည်းကမ်းချက်များဖြင့် ဆောင်ရွက်ရမည်။

(င) ပုဒ်မခွဲ (ဃ) မှအပ ဤပုဒ်မအရ အခြားနည်းဖြင့် မတည်ငွေရင်းလျှော့ချခြင်းများသည် ရွေးချယ်လျှော့ချခြင်းဖြစ်သည်။

**အစုရှယ်ယာရှင်များ၏ အတည်ပြုချက်**

၁၁၆။ (က) မတည်ငွေရင်းလျှော့ချခြင်းမှာ အညီအမျှလျှော့ချခြင်းဖြစ်ပါက ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်သော သာမန်ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုရမည်။

(ခ) မတည်ငွေရင်းလျှော့ချခြင်းမှာ ရွေးချယ်လျှော့ချခြင်းဖြစ်ပါက ယင်းအား အောက်ပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အတည်ပြုရမည် -

(၁) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင်ချမှတ်သည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့်အတည်ပြုခြင်း၊ ထိုအထူးဆုံးဖြတ်ချက်သည် မတည်ငွေရင်းလျှော့ချခြင်းအတွက် အဖိုးစားနားအား လက်ခံသူပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ လျှော့ချမည့် အစုရှယ်ယာနှင့် စပ်လျဉ်း၍ မပေးချေရသေးသော ငွေပမာဏများကိုပေးချေရန် တာဝန်ရှိသူ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ ၎င်းတို့၏ တွဲဖက်လုပ်ကိုင်သူပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဆုံးဖြတ်ချက်ကို ထောက်ခံ၍ ဆန္ဒမဲပေးခြင်းမပါရှိသည့် အထူးဆုံးဖြတ်ချက်ဖြစ်ရမည်။ သို့မဟုတ်

(၂) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် သာမန်အစုရှယ်ယာရှင်အားလုံးက သဘောတူညီသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း။

(ဂ) မတည်ငွေရင်းလျှော့ချခြင်းတွင် အစုရှယ်ယာများပယ်ဖျက်ခြင်းပါရှိခဲ့လျှင် ပယ်ဖျက်မည့်အစုရှယ်ယာများအား ပိုင်ဆိုင်သောအစုရှယ်ယာရှင်များ၏ အစည်း အဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်ဖြင့် ထိုသို့လျှော့ချခြင်းကို အတည်ပြုရမည်။

(ဃ) ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပုဒ်မ ၁၁၅၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) မှ (၃) တို့တွင်ပါရှိသော သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ထားကြောင်း အတည်ပြုဖော်ပြချက်အပါအဝင် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မည်သို့ ဆန္ဒမဲပေးရန်ဆုံးဖြတ်ခြင်းနှင့် သက်ဆိုင်သောကုမ္ပဏီမှ သိရှိထားသည့် အရေးကြီးသော အချက်အလက်များအားလုံးကို ဖော်ပြထားသည့် တင်ပြချက်တစ်ရပ် ပါရှိစေရမည်။

(င) အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးအကြောင်းကြားစာအား ပေးပို့ခြင်း မပြုမီ ကုမ္ပဏီသည် အောက်ပါစာရွက်စာတမ်း မိတ္တူတစ်စုံစီကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည် -

(၁) အစည်းအဝေးအကြောင်းကြားစာနှင့်

(၂) အစုရှယ်ယာရှင်များထံသို့ ပေးပို့မည့် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပူးတွဲပါရှိသည့် မတည်ငွေရင်းလျှော့ချခြင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ။

ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့် ယင်းနှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကို မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ပြီးဖြစ်ကြောင်းကို ဖော်ပြလျက် မတည်ငွေရင်းလျှော့ချခြင်းအား အတည်ပြုမည့် အစည်းအဝေးတစ်ရပ်ခေါ်ယူကျင်းပရန် ရည်ရွယ်သည့် အကြောင်းကြားစာကိုလည်း နိုင်ငံတော်တစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် ထည့်သွင်းဖော်ပြရမည်။

(စ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (င) ပါစာရွက်စာတမ်းများကို လက်ခံရရှိသည့် နေ့ရက်မှစ၍ ၂၈ ရက်အတွင်း အစုရှယ်ယာရှင်များထံသို့ အစည်းအဝေး အကြောင်းကြားစာ ပေးပို့ခြင်းကိုဆောင်ရွက်ရန် သတ်မှတ်ရမည်။ မှတ်ပုံတင်အရာရှိက အကြောင်းကြားစာပေးပို့ရန် သတ်မှတ်ခဲ့လျှင် သို့မဟုတ် ယင်းကာလအတွင်း သတ်မှတ်ချက်ကို မထုတ်ပြန်လျှင် ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာကို ကုမ္ပဏီတွင် ပါဝင်သူများအား ပေးပို့ဆောင်ရွက်နိုင်သည်။

(ဆ) ပုဒ်မခွဲ (စ) အရ သတ်မှတ်ချက်တစ်ရပ်ရပ် ချမှတ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အစုရှယ်ယာရှင်များ သို့မဟုတ် မြီရှင်များအား အကာအကွယ်ပေးရန်အတွက် လိုအပ်သည်ဟုယူဆသည့်အခါ ပုဒ်မခွဲ (င) အရ တင်ပြသော စာရွက်စာတမ်း တစ်ရပ်ရပ်ကို ရှင်းလင်းစွာဖော်ပြရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန်အတွက် ကုမ္ပဏီသို့ ညွှန်ကြားနိုင်သည်။

(ဇ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ဃ) တွင်ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာထားခြင်းမရှိကြောင်း သို့မဟုတ် အလားတူအရေးကြီးသော အကြောင်းများကို တွေ့ရှိရလျှင်ပုဒ်မခွဲ (စ) တွင်ပါရှိသည့်အချိန်ကာလအတွင်း အစည်းအဝေးအကြောင်းကြားစာကို ကုမ္ပဏီမှ ထုတ်ဝေပေးပို့ခြင်းမပြုရန် သတ်မှတ်နိုင်သည်။

(ဈ) ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ပြီးနောက် ၂၁ ရက်အတွင်း ပုဒ်မခွဲ (ခ) အရ ယင်းဆုံးဖြတ်ချက်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ ထို့ပြင် နိုင်ငံတော်တစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်ကြောင်း အကြောင်းကြားချက်နှင့် မတည်ငွေရင်းလျှော့ချသည့် အသေးစိတ်ဖော်ပြချက် အကျဉ်းချုပ်တို့ကို ထုတ်ပြန်ရမည်။ ကုမ္ပဏီသည် မတည်ငွေရင်းလျှော့ချခြင်းကို အဆိုပါသတင်းစာတွင် ထုတ်ပြန်ပြီးနောက် ၂၈ ရက် ကြာမြင့်သည်အထိ မပြုလုပ်ရ။

(ည) ပုဒ်မခွဲ (စ)၊ (ဆ) နှင့် (ဇ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီက လူမွဲခံယူရခြင်း သို့မဟုတ် နစ်နာဆုံးရှုံးမှုတစ်ရပ်ရပ် ပေါ်ပေါက်စေကာမူကုမ္ပဏီ၊ ကုမ္ပဏီတွင် ပါဝင်သူများ သို့မဟုတ် အခြားသူများအပေါ် မှတ်ပုံတင်အရာရှိတွင် တာဝန် မရှိစေရ။

(ဋ) ပုဒ်မခွဲ (ည) အရ မှတ်ပုံတင်အရာရှိတွင် တာဝန်မရှိသော်လည်း မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် ပုဒ်မ ၄၂၈ အရ ကုမ္ပဏီမှရရှိသော အခွင့်အရေးကို ကန့်သတ်ထားခြင်း မရှိစေရ။

**မတည်ငွေရင်းလျှော့ချခြင်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်မှု၏ အကျိုးဆက်များ**

၁၁၇။ (က) ကုမ္ပဏီသည် ပုဒ်မ ၁၁၅ နှင့် ၁၁၆ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ပုဒ်မ ၁၁၅ အရ မတည်ငွေရင်း လျှော့ချခြင်းကို မပြုလုပ်ရ။

(ခ) ပုဒ်မ ၁၁၅ နှင့် ၁၁၆ တို့တွင်ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်၍ ဆောင်ရွက်ခြင်းသည် မတည်ငွေရင်းလျှော့ချခြင်း သို့မဟုတ် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ခုခု သို့မဟုတ် ယင်းပဋိညာဉ်နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက် တစ်ရပ်ရပ်တို့၏အကျိုးသက်ရောက်ခြင်းကို ထိခိုက်စေခြင်း မရှိစေရ။

၁၁၈။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၁၇၊ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင်ဒဏ်ကြေးငွေကျပ် သိန်း ၅၀ ကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်ဖြင့်တမင် ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် အလားတူ ပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

၁၁၉။ ပုဒ်မ ၁၁၈ အပြင် ကုမ္ပဏီသည် မတည်ငွေရင်းလျှော့ချခြင်းနှင့် စပ်လျဉ်း၍ လျှော့ချပြီးနောက် လူမွဲစာရင်းဝင်ခဲ့လျှင်ပုဒ်မ ၁၁၇၊ ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကာ မတည်ငွေရင်းလျှော့ချခြင်းကို သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သောကုမ္ပဏီ၏ ဒါရိုက်တာများ အားလုံးသည်လည်း ကုမ္ပဏီကပြန်လည်ရရှိနိုင်သော ရရန်ပိုင်ခွင့်များထက် ကျော်လွန်သည့် မြီရှင်များသို့ ပေးရမည့်ကြွေးမြီများရှိခဲ့လျှင် မတည်ငွေရင်းလျှော့ချမှုပမာဏနှင့်အညီ ကုမ္ပဏီ၏ မြီရှင်များအပေါ်တွင် တာဝန်ရှိစေရမည်။ မြီရှင်ကသော်လည်းကောင်း၊ မြီရှင်ကိုယ်စား တရားစွဲဆိုသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကသော်လည်းကောင်း အဆိုပါ ငွေပမာဏကို ဖော်ပြပါဒါရိုက်တာများထံမှ တောင်းခံရယူနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြေဧက ၅၀၀၀ တွင် ကော်ဖီအထူးဇုန် ဖော်ဆောင်မည်

မြန်မာနိုင်ငံတွင် အရည်အသွေးမြင့်ကော်ဖီများ ထုတ်လုပ်လာနိုင်ရန်အတွက် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်း လိပ်သို၊ ဘောဂလိ ဒေသများမှ မြေဧက ၅၀၀၀ ပေါ်တွင် ခေတ်မီကင်းလွတ်နည်းစနစ်များဖြင့် ကော်ဖီအထူးစိုက်ပျိုးရေးဇုန်တစ်ခုကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

လက်ရှိ အဆိုပါဒေသများတွင် ကော်ဖီပင် ဧကပေါင်း ၉၅၀၀ ခန့် စိုက်ပျိုးထားသော်လည်း အသီးခူးနိုင်သည့်ဧကမှာ ၅၃၀၀ ခန့်သာရှိ၍ အရည်အသွေးမြင့် ကော်ဖီပင်များ စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့် ပျိုးပင်များနှင့် နည်းပညာများကို ကော်ဖီသုတေသနဌာနမှ ပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောသည်။

“ဒေသခံ စိုက်ပျိုးသူအစုအဖွဲ့တွေနဲ့ ပူးပေါင်းပြီး သုံးနှစ်စီမံကိန်းနဲ့ အကောင်အထည်ဖော်သွားမှာပါ၊ လောလောဆယ်တော့ ကော်ဖီစိုက်ပျိုးမယ့် မြေနေရာသတ်မှတ်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်”ဟု ၎င်းကဆိုသည်။

လက်ရှိတွင် ရှေ့ပြေးစီမံကိန်းအနေဖြင့် မြေဧက ၁၀၀၀ အတွက် ကုန်းမြင့်ကော်ဖီ၊ မြေနိမ့်ကော်ဖီ မျိုးပင်များကို ဒေသတွင်းရှိ အရိပ်ရသစ်ပင်များတွင် ပျိုးထောင်ထားပြီး ပညာရှင်များဖြင့် လိုအပ်သောမျိုးများ ထုတ်ပေးနိုင်ရန်အတွက် ကော်ဖီအထူးဇုန် သုတေသနနှင့် ပျိုးဥယျာဉ်ကို ပြင်ဆင်ဆောင်ရွက်နေကြောင်း ကော်ဖီနှင့် ရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောသည်။

“ဘောဂလိဒေသက ပေ ၃၀၀၀ အထက်မှာ ရှိနေတော့ ကုန်းမြင့်ကော်ဖီ စိုက်ကြတယ်။ နောက် လိပ်သိုဒေသနဲ့ သံတောင်လေးဒေသက ပေ ၃၀၀၀ အောက်နိမ့်တော့ မြေနိမ့်ကော်ဖီတွေကို ဒေသအလိုက် မျိုးတွေခွဲခြားပြီးတော့ တစ်စုတစ်စည်း စိုက်ပျိုးသွားဖို့ရှိတယ်”ဟု ၎င်းကဆက်ပြောသည်။

လက်ရှိ အမေရိကန်ဈေးကွက်တွင် နာမည်ရနေသည့် သံတောင်ဒေသထွက် ကော်ဖီစေ့များကို ယခုထက် ပိုမိုထုတ်လုပ်ပြီး တင်ပို့ရောင်းချနိုင်ရေးအတွက် အမေရိကန်လုပ်ငန်းရှင်များကို လာရောက်ရင်းနှီးမြှုပ်နှံရန်လည်း ဖိတ်ခေါ်ထားကြောင်း သိရသည်။

ယင်းအပြင် ဒေသ၏ ကွဲပြားသောရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထားများအရ ဒေသခံ စိုက်ပျိုးသူများ၏ လိုလားချက်နှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ၊ အအေးဒဏ်ခံ သစ်သီးဝလံ စိုက်ခင်းများကိုလည်း ဒေသခံတောင်သူများနှင့် ပူးပေါင်းသုတေသနပြု စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ ညွှန်ကြားရေးမှူး ဦးသူရစိုးက ပြောသည်။

ကော်ဖီပင်စိုက်ပျိုးလိုသည့် လုပ်ငန်းရှင်များ၊ တောင်သူများအနေဖြင့် သံတောင်ကြီး၊ လိပ်သိုနှင့် ဘောဂလိမြို့နယ်များရှိ စိုက်ပျိုးရေးရုံးများ၊ ပြင်ဦးလွင်မြို့နယ်ရှိ ကော်ဖီသုတေသန ဌာနများနှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့များထံ ဆက်သွယ်စုံစမ်း အကူအညီတောင်းခံနိုင်ကြောင်း ထုတ်ပြန်ထားသည်။

**ဇာလင်းသူ**(AMIA)

# စိမ့်စမ်းရေသွယ်ရေးလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**သီပေါ ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်နေသည့် ပန်လော့ကျေးရွာ စိမ့်စမ်းရေသွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းအတွက် လိုအပ်သော ဘိလပ်မြေ၊ ကျောက်၊ သဲ၊ ပြွန်းများ စုဆောင်းရောက်ရှိမှု အခြေအနေများကို ဒီဇင်ဘာ ၁၆ ရက်က မြို့နယ်ဦးစီးမှူး ဒေါ်နန်းဖြူဖြူအောင်၊ အငယ်တန်း အင်ဂျင်နီယာ ဒေါ်ဖြိုးဖြိုးမြတ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စိမ့်စမ်းရေသွယ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ပန်လော့ကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ကောင်းမွန်သန့်ရှင်းသော သောက်သုံးရေများ သုံးစွဲနိုင်မည်ဖြစ်သဖြင့် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မကွေးတိုင်းဒေသကြီးတွင် ဆောင်းကြက်သွန် တိုးမြှင့်စိုက်ပျိုးမည်



မြန်မာတစ်နိုင်ငံလုံး၏ ကြက်သွန်နီစိုက်ပျိုးမှုတွင် ၂၈ ရာခိုင်နှုန်းခန့်ရှိနေသော မကွေးတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းရာသီအတွင်း ကြက်သွန်စိုက်ဧကများ တိုးမြှင့်သွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ကြက်သွန်စိုက်တောင်သူများကွန်ရက်မှ သိရသည်။

“မိုးရာသီကင်းလွတ် ပွင့်လင်းလာပြီဆိုတာနဲ့ စက်တင်ဘာလကုန်လောက်ကစပြီး ဇော်မှားစိုက်၊ ကုန်းစိုက်၊ ဥစိုက်တွေ စိုက်လာကြတယ်၊ ဒီဇင်ဘာလလောက်မှာ ကြက်သွန်မျိုးစေ့တွေ ပျိုးထောင်ပြီး သဲသောင်စိုက်ဆိုပြီး စိုက်ကြတာဖြစ်ပါတယ်၊ နှစ်စဉ် မကွေးတိုင်းဒေသကြီးအတွင်းမှာ ကြက်သွန်နီ ဧက ၄၀၀၀၀ ကျော် စိုက်ထားတာကြောင့် တစ်နိုင်ငံလုံး စိုက်ပျိုးမှုရဲ့ ၂၈ ရာခိုင်နှုန်း ရှိပါတယ်၊ ဒီနှစ်မှာလည်း ဈေးကောင်း ရရှိတော့ တိုးချဲ့စိုက်နိုင်ဖို့ မြေအကျယ်အဝန်းတိုးချဲ့တာနဲ့ မျိုးပင်တွေလည်း ပိုပြီးထောင်ထားကြတယ်”ဟု ယင်းကွန်ရက်အဖွဲ့ဝင် တောင်သူ ဦးဖြိုးမင်းက ပြောသည်။

ကြက်သွန်နီစိုက်ဧက တိုးမြင့်လာခြင်းမှာ တောင်သူများ လက်လှမ်းမမီသည့် သောင်ခုံအပြင်ပိုင်းနှင့် တိုင်းဒေသကြီးအတွင်းရှိ မြေလွတ်၊ မြေရိုင်းများကို အစိုးရက စက်ယန္တရားများဖြင့် စိုက်ပျိုးမြေများအဖြစ် ပြုပြင်ပေးခဲ့၍ အရင်းအနှီးတတ်နိုင်သည့်သူများက တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

“မကွေးမှာ ဒီနှစ် ဧက ၈၀၀ ကျော် ပိုစိုက်လာတယ်။ ဒီနှစ်မှာ ဝယ်လိုအားကြောင့် လက်ကျန်နည်းလာတော့ ဈေးတွေမြင့်တက်နေတယ်၊ ဒါကြောင့် တောင်သူတွေ ဈေးကောင်းရနေတာမို့ တိုးချဲ့စိုက်ပျိုးသင့်တယ်၊ လက်ရှိ ကုန်သည်တွေလက်ထဲမှာလည်း မိုးကြက်သွန်လှောင်တာ နည်းနေတယ်၊ ဝယ်သမျှကို ဈေးကွက်လိုအပ်ချက်အရ ဈေးကွက်ထဲကိုပဲ ရောင်းချနေပါတယ်”ဟု မကွေးမြို့ရှိ ဝင်းပွဲရုံပိုင်ရှင် ဦးဇော်လတ်က ပြောသည်။

ပြီးခဲ့သည့်နှစ်က ရာသီဥတုဖောက်ပြန်မှုကြောင့် တိုင်းဒေသကြီးအတွင်းရှိ ကြက်သွန်စိုက်တောင်သူများအနေဖြင့် စိုက်ခင်းများရေလွှမ်းမိုးခြင်း၊ စိုက်ခင်းများပျက်စီးခြင်း၊ အထွက်နှုန်းလျော့ကျခြင်းတို့ ကြုံခဲ့ရသည့်အပြင် ဈေးနှုန်းများလည်း ကျဆင်းခဲ့ခြင်းကြောင့် အရှုံးပေါ်ခဲ့ရကြောင်း တောင်သူများကဆိုသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရွှေဖလား၊ ဘောင်စောက်၊ သပိတ်လုံး၊ မင်းတုန်း စသည့်ကြက်သွန်မျိုးစိတ်များကို အများဆုံး စိုက်ပျိုးနေကြကြောင်း သိရသည်။

ပြည်ပသို့ ကြက်သွန်နီ တင်ပို့မှုတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငါးလအတွင်း ၁၆၆၁၅ ဒသမ ၅၃ တန် တင်ပို့ထားပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တင်ပို့မှု တန်ချိန် ၃၀၀၀၀ ကျော် လျော့ကျသွားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**ဇာလင်းသူ**(AMIA)

# မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းသုံးခုမှ ရေထွက်ကုန်တင်ပို့မှု မြင့်တက်လာ




မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းသုံးခုမှ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုသည် မနှစ်ကထက် တိုးလာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ယခုနှစ်အတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် ကော့သောင်း၊ မြဝတီနှင့် မြိတ် ကုန်သွယ်ရေးစခန်းများမှ တစ်ပတ်လျှင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၂၈ သန်းတန်ဖိုးရှိ ရေထွက်ကုန်မျိုးစုံ ၈၈၈၈ တန်ကို တင်ပို့ခဲ့ပြီး မနှစ်ကထက် ၂၁၄ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အတွင်းရေးမှူး ဦးဝင်းကြိုင်က “ထိုင်း-မြန်မာနယ်စပ်စခန်းတွေကနေ ရေထွက်ပစ္စည်းတွေ ပိုမိုတင်ပို့နေတယ်၊ ရေထွက်ပစ္စည်းတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရရှိနိုင်ဖို့ ရည်မှန်းထားတယ်၊ လက်ရှိဘဏ္ဍာနှစ်မှာ မက်ထရစ်တန် ၃၀၀၀၀ ကျော် တန်ဖိုးအနေနဲ့ ကန်ဒေါ်လာ ၃၆ သန်းကျော် ပိုရထားပါတယ်”ဟု ပြောသည်။

လက်ရှိ မြန်မာ့ရေထွက်ကုန်များကို အီးယူနိုင်ငံများ၊ အမေရိကန်၊ ဂျပန်၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ တင်ပို့နေပြီး ရေထွက်ကုန်မွေးမြူရေးကဏ္ဍတွင် အဓိကကြုံတွေ့နေရသည့် အခက်အခဲမှာ တိရစ္ဆာန်အစာကုန်ကြမ်းဈေးနှုန်း မြင့်တက်ခြင်းဖြစ်ကာ ပြည်တွင်းအစာကုန်ကြမ်းဈေးနှုန်း မြင့်တက်လျက်ရှိသည့်အပြင် ပြည်ပနိုင်ငံများမှ ပြန်လည်တင်သွင်းမှာယူနေရကြောင်း ၎င်းက ဆိုသည်။

မွေးမြူရေးကဏ္ဍတွင် အဓိကကျသည့် အခြေခံအချက်တစ်ခုမှာ ကုန်ချောထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုပင်ဖြစ်ပြီး ကုန်ချောထုတ်လုပ်မှုတွင် ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးထိန်းသိမ်းရန် လိုအပ်သကဲ့သို့ ထွက်ကုန်များတင်ပို့နိုင်ရေးအတွက် ပြည်ပနိုင်ငံဈေးကွက်များနှင့် ချိတ်ဆက်နိုင်ရန်လည်း လိုအပ်ကြောင်း မြဝတီနယ်စပ်ကုန်သည် ဦးဇော်ရမ်ဦးက ပြောသည်။

“ဒီဘက်က ထိုင်းဘက်ကိုပို့သလို ထိုင်းဘက်ကလည်း ဒီဘက်ကို ပြန်ပို့တယ်ပေါ့၊ ဒီဘက်လမ်းကြောင်းကနေ တရားမဝင် ဝင်ရောက်မှုကို ထိန်းသိမ်းဖို့ လိုအပ်တယ်၊ မဟုတ်ရင် နိုင်ငံတော်အတွက်လည်း အခွန်အခတွေ နစ်နာတယ်၊ မွေးမြူရေးလုပ်ငန်းရှင်တွေကိုလည်း ထိခိုက်တယ်၊ ကျွန်တော်တို့ရဲ့ ရေထွက်ပစ္စည်းတွေက ထိုင်းကို မမီဘူး၊ နည်းပညာနဲ့ ငွေကြေးလိုအပ်ချက်ပေါ့၊ ဒါတွေကို အစိုးရက ဝင်ရောက်ကြီးကြပ်ပံ့ပိုးပေးတာမျိုး လိုအပ်နေတယ်”ဟု ၎င်းကပြောသည်။

ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က မက်ထရစ်တန်ချိန် ၃၆၉၉၇၀ ဒသမ ၈၉ တင်ပို့မှုမှ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၀၂ ဒသမ ၆၃ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၃၈၇၀၆ တင်ပို့မှုမှ ဒေါ်လာ သန်း ၆၀၀ ကျော် ရရှိခဲ့ပြီး လက်ရှိ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရေထွက်ကုန်စည် မက်ထရစ်တန်ချိန် ၂၆၉၉၈၉ ဒသမ ၉၃၈ တင်ပို့ထားကာ ဒေါ်လာ ၃၈၈ သန်းကျော် ရရှိထားကြောင်း သိရသည်။

**ဇာလင်းသူ** (AMIA)

# စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရှင်နှင့် တောင်သူများ ချိတ်ဆက် ဆောင်ရွက်ရန်လို

**နေပြည်တော် ဒီဇင်ဘာ ၁၇**

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထိရောက်မှုရှိသော စိုက်ပျိုးရေး စီမံခန့်ခွဲမှုကို ရှာဖွေနိုင်ရန်အတွက် ဘာသာရပ်ပေါင်းစုံ သီးနှံစိုက်ပျိုးရေးပညာရှင်၊ အပင်မွေးမြူရေးပညာရှင်၊ အပင်ရောဂါနှင့် ပိုးမွှားပညာရှင်များ၊ လက်တွေ့စိုက်ပျိုးရေးလုပ်ကိုင်သူများ ပူးပေါင်းဆောင်ရွက်ကာ အသိပညာဗဟုသုတများနှင့် သတင်းအချက်အလက်များကို မျှဝေပေးခြင်းသည် အရေးအကြီးဆုံးဖြစ်ကြောင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ တိုကျိုစိုက်ပျိုးရေးတက္ကသိုလ် (Tokyo NODAI)တို့ ပူးပေါင်း၍ ဒီဇင်ဘာ ဒုတိယပတ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၌ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ဂျပန်-မြန်မာ စိုက်ပျိုးရေးဆိုင်ရာ စာတမ်းဖတ်ပွဲတွင် တိုကျိုစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခ Dr.Keiko T.natsuaki က ပြောကြားသည်။

“နယ်ပယ်ပေါင်းစုံက ပြည်သူလူထုကို စိုက်ပျိုးရေးနဲ့သက်ဆိုင်တဲ့ ကွဲပြားခြားနားမှုတွေ သိရှိလာစေဖို့ ဖိတ်ခေါ်ရန် လိုအပ်ပါတယ်၊ ပထမအဆင့်မှာ စိုက်ပျိုးရေး၊ သစ်တောနဲ့ ငါးလုပ်ငန်း၊ ဒုတိယအဆင့်မှာ ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်း၊ တတိယအဆင့်မှာ ဝန်ဆောင်မှုပေးခြင်း စတာတွေကို တိုးမြှင့်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်၊ ထိုသို့လုပ်ဆောင်ပေးခြင်းအားဖြင့် အမျိုးမျိုးသော စိုက်ပျိုးမွေးမြူရေးစီမံခန့်ခွဲမှုတွေ ရှိလာပြီး အကျိုးဖြစ်ထွန်းမှုတွေ တိုးတက်ဖြစ်ပေါ်လာမှာပဲဖြစ်ပါတယ်၊ Green Tourism လုပ်ငန်းတွေမှာ စိုက်ပျိုးမွေးမြူရေးဆိုင်ရာတွေ ပါဝင်လှုပ်ရှားခြင်း၊ ကုန်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဝန်ဆောင်မှုပေးခြင်းနဲ့ သဘာဝနှင့်ဆိုင်ရာ အဖိုးတန်အချက်အလက်တွေကို ထိန်းသိမ်းစောင့်ရှောက်ခြင်း စတာတွေကို လုပ်ဆောင်ကြရပါမယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တောင်သူလယ်သမားများနှင့် သိပ္ပံပညာရှင်များကြား အပြန်အလှန်ဆက်သွယ်နိုင်ခြင်းနှင့် ဖြစ်ပွားလာသော ရောဂါသစ်များ၏ အကြောင်းအရာအချက်အလက်များ ရရှိလာပြီး စောင့်ကြပ်စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်နိုင်ပါက စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်-မြန်မာ စိုက်ပျိုးရေးဆိုင်ရာ စာတမ်းဖတ်ပွဲတွင် ဂျပန်နိုင်ငံ တိုကျိုစိုက်ပျိုးရေးတက္ကသိုလ်မှ ပညာရှင် ပါမောက္ခနှစ်ဦးက စိုက်ပျိုးရေးကဏ္ဍတွင် ပညာရှင်နှင့် တောင်သူများ ပူးပေါင်းဆက်သွယ်ခြင်းဖြင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းစိုက်ပျိုးနည်းစနစ်များနှင့် သုတေသန ရှာဖွေဖော်ထုတ်ခြင်းအကြောင်း စာတမ်းနှစ်စောင်ကို တင်သွင်းဖတ်ကြားသွားခဲ့သည်။

“စိုက်ပျိုးရေးဆိုင်ရာလုပ်ဆောင်ချက်တွေကြောင့်ဖြစ်တဲ့ ဆိုးကျိုးများကတော့ သီးနှံများနှင့် အပင်များအတွက် အာဟာရဓာတ်တွေကို မြေသြဇာအသုံးပြုခြင်းမှ ရရှိခြင်းဖြစ်ပါတယ်၊ မြေသြဇာ၊ နိုက်ထရိုဂျင်နဲ့ ဖော့စဖားရပ်တွေရဲ့ အဓိကဓာတ်တွေဟာ မြေဆီလွှာတွေပျက်သုန်းခြင်းကြောင့် ပြုန်းတီးကုန်ပါတယ်၊ ရေကိုညစ်ညမ်းစေပြီး အာဟာရဓာတ်တွေ ပျက်ပြယ်သွားတဲ့အခါမှာ ကုန်းနေရေနေ သက်ရှိပတ်ဝန်းကျင်ကို ဆိုးကျိုးများ ဖြစ်စေနိုင်ပါတယ်၊ အကြံပြုရမယ်ဆိုရင် တောင်သူလယ်သမားတွေက ဓာတ်မြေသြဇာထည့်သွင်းသုံးစွဲမှုကို လျှော့ချဖို့ လိုအပ်ပါတယ်”ဟု တိုကျိုစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခ Dr.Rie Miyaura က စာတမ်းဖတ်ပွဲတွင် ပြောသည်။

စိုက်ပျိုးရေး ကျောင်းသား ကျောင်းသူများအနေဖြင့် နောင်နှစ်များတွင်ပြုလုပ်မည့် 



သုတေသနများအတွက် နည်းလမ်းကောင်းများ တွေးခေါ်ကြံဆနိုင်ရေး၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ တိုကျိုစိုက်ပျိုးရေးတက္ကသိုလ်တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဂျပန်-မြန်မာ စိုက်ပျိုးရေးဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲများကို ပူးပေါင်းကျင်းပလာသည်မှာ ၅ ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်အရ ဂျပန်စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ လာရောက်သင်ကြားပေးသည့်အတွက် နိုင်ငံတကာမှ စိုက်ပျိုးရေးနည်းပညာများ၊ အတွေ့အကြုံများ၊ မြန်မာနိုင်ငံနှင့် ရေမြေသဘာဝတူသည့် စိုက်ပျိုးရေး သုတေသန တွေ့ရှိချက်များကို ရရှိသည့်အတွက် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် များစွာအကျိုးရှိစေကြောင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကွယ်က ပြောကြားသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ရခိုင်ပြည်နယ်ထွက်စပါးများကို တင်းတစ်ရာလျှင် ကျပ် ၃၁၀၀၀၀ ဖြင့် ဝယ်ယူပေးမည်

ပဋိပက္ခများဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်မှ ထွက်ရှိလာမည့် စပါးများကို ဒေသဆိုင်ရာ ကုန်သည်များက တင်းတစ်ရာလျှင် ၃၁၀၀၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

"ဝယ်တာကတော့ ရခိုင်ပြည်နယ်က ဆန်စပါးကုန်သည်တွေ ဝယ်ပေးမှာပါ၊ ဒေသက ကုန်သည်တွေကို ဦးစားပေး ဝယ်ခိုင်းတာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ဘက်ကတော့ စပါးတွေမပျက်စီးအောင် ရိတ်ခြွေစက်တွေ၊ အခြောက်ခံစက်တွေ သွားထောင်ပေးတာပေါ့၊ စပါးတစ်တင်းကို ကွင်းဈေး ပေါက်ဈေး ကျပ် ၃၁၀၀ နဲ့ ဝယ်မှာပါ၊ ဝယ်တဲ့နေရာမှာတော့ အပိုင်းနှစ်ပိုင်း ရှိတာပေါ့၊ တစ်ပိုင်းကတော့ ပိုင်ရှင်ရှိတဲ့ စပါးကိုတော့ ပိုင်ရှင်ကြိုက်ဈေးနဲ့ ရောင်းပေါ့၊ ပိုင်ရှင်မရှိတဲ့ စပါးတွေကိုတော့ ကုန်သည်တွေက ဝယ်ပြီးတော့ ရလာတဲ့ငွေကြေးတွေ ကို ပြည်နယ်အစိုးရက ထိန်းသိမ်းပေးထားမှာပေါ့၊ နောက် စရိတ်စကတွေနုတ်ပြီးတော့ ပြန်လာတဲ့သူတွေကို ပေးမှာပေါ့၊ ဘယ်သူကို ဘယ်လောက်ပေးမလဲဆိုတာတော့ ပြည်နယ်အစိုးရကပဲ ဆောင်ရွက်မှာပေါ့"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်မှုဆောင် ဦးသောင်းဝင်းက ပြောသည်။

လက်ရှိတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်မှထွက်သည့် စပါးများကို ရာသီဥတုနှင့် အချိန်အခါအရ ရိတ်သိမ်းနေရပြီး လေလွင့်ပျက်စီးစပါးများ ပိုများလာနိုင်သည့်အတွက် စပါးတင်းရေ သိန်း ၂၀ ခန့်သာ ထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းက ဆိုသည်။

"ရိတ်သိမ်း ခြွေလှေ့စက်တွေ ဝင်လို့မရတဲ့နေရာတွေရှိတော့ အကုန်ရိတ်သိမ်းနိုင်မှာ မဟုတ်ဘူး၊ အဲဒီဒေသမှာ အများဆုံး တင်းရေ သိန်း ၂၀ လောက် ထွက်ရှိနိုင်မယ်၊ လက်ရှိတော့ စပါးတင်းရေ နှစ်သောင်းလောက်တော့ ရနေပြီ၊ နောက် လယ်ယာလုပ်သားကလည်း မရှိဘူး၊ ရရှိလာတဲ့ စပါးတွေက ပိုင်ရှင်ရှိ ပိုင်ရှင်မဲ့စပါးတွေ ဖြစ်တော့ လယ်လုပ်ထားတဲ့စပါးတွေ အထောက်အထားမှန်ရင်တော့ တစ်ဧက ဘယ်လောက်ရသလဲ ပြန်တွက်ပြီးရင် ငွေကြေးပြန်ခွဲပေးဖို့ ရိတ်သိမ်းစပါးတွေ ရောင်းပြီးတော့ ပြည်နယ်အစိုးရက ထိန်းသိမ်းပေါ့၊ အစိုးရက ကြီးကြပ်မှာပေါ့၊ နောက်ထွက်ရှိလာတဲ့ စပါးတွေကို ဘင်္ဂလားဒေ့ရှ်ဘက်ကိုပဲ ရောင်းလို့မရနိုင်တော့ ပြည်တွင်းမှာပဲ ကြိတ်ခွဲရောင်းရမှာပေါ့"ဟု ၎င်းက ဆိုသည်။

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ရင့်မှည့်စပါး ဧကပေါင်း နှစ်သောင်းကျော်ရှိကာ သုံးလတာကာလအတွင်း ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ ရိတ်သိမ်းခြွေလှေ့ပြီးသား စပါးများကို သင့်တော်ရာဒေသရှိ သိုလှောင်ရုံများတွင်ထားရှိရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က စီစဉ်ထားရှိပြီး ဒေသခံတောင်သူများက မိမိတို့ စပါးများကို ရောင်းချရန် ဆန္ဒရှိပါက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ရခိုင်ပြည်နယ်အစိုးရနှင့် ညှိနှိုင်းပြီး ကော်မတီတစ်ရပ်ဖြင့် ဈေးနှုန်းသတ်မှတ်ဝယ်ယူပေးရန် စီစဉ်ထားကြောင်းလည်း သိရသည်။

လက်ရှိအချိန်တွင် လယ်တစ်ဧက စိုက်ပျိုးစရိတ်မှာ ကျပ်နှစ်သိန်းနှင့်အထက် ရှိနေသည့်အတွက် ကုန်သည်များက ယခု ဝယ်ယူပေးမည့်ဈေးနှုန်းမှာ တောင်သူများအတွက် ထုတ်လုပ်မှုကုန်ကျစရိတ်ကို ကာမိရုံသာရှိနေကြောင်း ဒေသခံလယ်သမားများက ဝေဖန်ပြောဆိုမှုများလည်း ရှိနေကြသည်။

**ဇာလင်းသူ**(AMIA)



## ပဲလွန်းဖြူအသစ်များ မန္တလေးဈေးကွက်သို့ရောက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁၆**

၂၀၁၈ ပဲရာသီ အကြိုအဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်း မတ္တရာ၊ စဉ့်ကူး၊ ကျောက်ဆည်မြို့နယ်များမှ ပထမဆုံးထွက်ရှိလာသည့် ပဲလွန်းဖြူအသစ်များ မန္တလေးဈေးကွက်သို့ ရောက်ရှိလာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောကြားသည်။

အဆိုပါပဲကို ပြီးခဲ့သည့် စက်တင်ဘာလက စတင်စိုက်ပျိုးခဲ့ပြီး ယခုဒီဇင်ဘာ ဒုတိယပတ်တွင် ၂၀၁၈ ပဲရာသီ အကြိုသီးနှံအဖြစ် ပေါဦးပေါ်ဖျားထွက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။ "အထွက်နှုန်းနဲ့ အဖွင့်ဈေးကလည်း မနှစ်ကအတိုင်း ပုံမှန်ပါပဲ၊ ဒီ Black Eye Bean ခေါ်တဲ့ ပဲလွန်းဖြူက နှစ်ဦးအစမှာ ဦးဦးဖျားဖျားပေါ်ပြီး တောင်သူတွေ ရွှေဝယ်နိုင်တဲ့သီးနှံဖြစ်လို့ ကျောက်ဆည်နယ်ဘက်မှာ ရွှေဆိုင်အမည်တပ်ပြီး ဝိန့်စိန်ပဲလို့တောင် ခေါ်ကြတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိအခြေအနေတွင် မန္တလေးဈေးကွက်၌ သုံးတင်းဝင်တစ်အိတ်လျှင် အဖွင့်ဈေး ကျပ်ကိုးသောင်းဖြင့် တရုတ်ဝယ်လက်များက အဓိကဝယ်ယူလျက်ရှိပြီး ဥရောပနှင့် ကိုရီးယားဈေးကွက်သို့လည်း တင်ပို့ရောင်းချကာ ပြည်ပဝင်ငွေရရှိသည့် သီးနှံဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ၎င်းက အကြံပြုပြောဆိုသည်။

အဆိုပါပဲများကို ဧရာဝတီမြစ်ကမ်းဘေး နေရာများ၌ မြစ်ရေကျချိန်တွင် အဓိကစိုက်ပျိုးကြပြီး လာမည့် ဇန်နဝါရီလလယ်ပိုင်းတွင် ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့မှလည်း လှိုင်လှိုင်ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## နွေစပါးစိုက်ပျိုးရေ ပေးဝေနိုင်ရေးအတွက် တူးမြောင်းမကြီးများ အဆင့်မြှင့်တင်

**ကြံခင်း ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်း ကျေးရွာများ၌ နွေစပါးစိုက်ပျိုးရေးအတွက် ရေပေးဝေနိုင်ရန် ကွန်ချောင်းဆည်မှ တူးမြောင်းမကြီးကို အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

တူးမြောင်းမကြီး အဆင့်မြှင့်တင်မှုအဖြစ် မြောင်းမကြီး ပေတိုင် ၂၉၃၂၀ ၌ ကျေးရွာချင်းဆက် မြောင်းကူးတံတား ပြန်လည်ပြုပြင်ခြင်း၊ ပေတိုင် ၅၉၂၀၀ ၌ ရေကျအဆောက်အအုံသစ် တည်ဆောက်ခြင်း၊ စက်ယန္တရားများဖြင့် တူးမြောင်းမကြီးတစ်လျှောက် သဲနုန်းဆယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကာ ယခုအခါ လုပ်ငန်းများ ပြီးစီးနေပြီဖြစ်ပြီး ကြံခင်းမြို့နယ်အတွင်းမှ နွေစပါးစိုက်ဧက ၄၅၀၀ နှင့် မြန်အောင်မြို့နယ်အတွင်းမှ နွေစပါးစိုက်ဧက ၅၅၀၀ စုစုပေါင်းစိုက်ဧက ၁၀၀၀၀ အတွက် ဒီဇင်ဘာ ၁၅ ရက်မှစ၍ ရေများစတင်ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။



ကွန်ချောင်းဆည်မှ ရေများဖြင့် ကြံခင်းမြို့နယ်အတွင်းရှိ သစ်ဆိမ့်ကိုင်း၊ အလုံ၊ ကွမ်းအစ်ကုန်း၊ ဇီးပင်ကွင်း၊ ဘက်ရဲ၊ ကလို့ကွင်း၊ ရွှေပန်းတော၊ ကွေ့မ၊ ကြံတော ကျေးရွာအုပ်စုများနှင့် မြန်အောင်မြို့နယ်အတွင်းရှိ တယ်ကုန်း၊ ဆန်နီချောင်၊ ဆယ်ရွာ၊ လဟာပေါက်၊ ကွင်းကြီးထောင့် ကျေးရွာအုပ်စုများရှိ နွေစပါးစိုက်ပျိုးမည့် တောင်သူများအနေဖြင့် ရေလုံလောက်စွာ ရရှိကြမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## တစ်ပတ်အတွင်း စိုက်ပျိုးရေးကုန်စည်ဈေးနှုန်း

**(ဒီဇင်ဘာ ၁၁ မှ ၁၅ ရက်အထိ )**

ဒီတစ်ပတ်မှာ မတ်ပဲရော ပဲစင်းငုံနီရော ဈေးထပ်ပြီးတက်လာပါတယ်။ ပြည်တွင်းစားသုံးမှုအများဆုံးဖြစ်တဲ့ ပဲကြီးကလည်း မထင်မှတ်လောက်အောင် ဈေးတက်လာပါတယ်။ ပဲမျိုးစုံအချို့ ဈေးတက်နေပြီး ဈေးတည်ငြိမ်မှုမရှိတာကတော့ ကုလားပဲဖြစ်ပါတယ်။

**မတ်ပဲ** (FAQ/RC)

ပြီးခဲ့တဲ့ အပတ်ကတည်းက ဈေးအနည်းငယ်တက်ခဲ့တဲ့ မတ်ပဲက ဒီတစ်ပတ်မှာလည်း ဈေးအနည်းငယ် ထပ်ပြီးတက်ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်တင်မဟုတ်ဘဲ ပြည်ပဈေးကွက်မှာပါ ဈေးတက်လာခဲ့ပါတယ်။ လက်ရှိ ပြည်တွင်းမှာ မတ်ပဲအသစ်တွေ စတင်ဝင်လာပြီဖြစ်တဲ့အတွက် အဟောင်းဈေးက တက်လာတာဖြစ်တယ်လို့ ကုန်သည်တွေက သုံးသပ်ပါတယ်။

ရန်ကုန်ကုန်စည်ဒိုင်မှာ မတ်ပဲတစ်တန်ကို ကျပ် ၅၄၀၀၀၀ ကျော် ပေါက်ဈေးရှိခဲ့ပြီး မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၇၇၀၀ ပေါက်ဈေးရှိကာ ပြီးခဲ့တဲ့ အပတ်ထက် တစ်တင်းကို ကျပ်သုံးရာနီးပါး ဈေးတက်လာပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၈၅၀၀ ပေါက်ဈေးရှိနေပြီး တစ်တင်းကို ကျပ် ၂၀၀၀ ကျော် ဈေးတက်လာပါတယ်။

ဒီတစ်ပတ်မှာတော့ မတ်ပဲဈေးက တောင်သူတွေ မျှော်လင့်ချက် အနည်းငယ်ရှိစေခဲ့သလို အိန္ဒိယနိုင်ငံ ပဲဈေးကွက်မှာလည်း မတ်ပဲက တက်လာပေမယ့် ဈေးပြန်ကျနိုင်တယ်လို့ အိန္ဒိယကုန်သည်တွေက သုံးသပ်ထားပါတယ်။ လက်ရှိမှာ အိန္ဒိယအစိုးရက သတ်မှတ်ထားတဲ့ အခြေခံဈေးနဲ့ တောင်သူတွေဆီက ဝယ်ယူပေးနေတဲ့အတွက် ဈေးက ဆက်မကျသွားတာဖြစ်ပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကလည်း ပဲအသစ်တွေ ဝင်ရောက်လာပြီဖြစ်တဲ့အတွက် ဈေးတက်လာပြီး ဒီတစ်ပတ်မှာ တောင်သူတွေရဲ့မျှော်လင့်ချက်ကို အနည်းငယ်ဖြစ်စေခဲ့ပါတယ်။ ပဲစင်းငုံနီက ရန်ကုန်မှာ ဈေးအပြောင်းအလဲ သိပ်မရှိခဲ့ပေမယ့် နယ်ကုန်စည်ဒိုင်တွေမှာတော့ အပြောင်းအလဲ တော်တော်များခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၈၀၀ နီးပါး ဈေးတက်ခဲ့ပြီး ပေါက်ဈေးကတော့ ၁၂၀၀၀ နီးပါး ရရှိနေပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၁၃၀၀၀ ပေါက်ဈေးရှိနေပြီး တစ်တင်းကို ကျပ် ၂၀၀၀ ဈေးတက်လာခဲ့ပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၁၀၀၀ ကျော် ဈေးတက်ခဲ့ပါတယ်။

အိန္ဒိယနိုင်ငံမှာ ပဲစင်းငုံနီ အထွက်နှုန်းလျော့နည်းခဲ့ပြီး အစိုးရက အခြေခံဈေးနဲ့ ဝယ်ယူပေးနေတဲ့အတွက် ဈေးက ဆက်ပြီးကျဆင်းမသွားနိုင်ဘူးလို့ အိန္ဒိယနိုင်ငံကုန်သည်တွေကတော့ သုံးသပ်ထားပါတယ်။ မြန်မာပဲစင်းငုံနီကို အိန္ဒိယနိုင်ငံက ကုမ္ပဏီကြီးတွေက ကြိုတင်မှာယူမှုတွေရှိတဲ့အတွက် ဝယ်လိုအားတိုးနိုင်တယ်လို့ Agriwatch က ထောက်ပြထားပါတယ်။ မြန်မာနိုင်ငံမှ ပဲတင်သွင်းမှုကန့်သတ်ချက်ကို အိန္ဒိယအစိုးရက မကြာခင် ရုတ်သိမ်းနိုင်တဲ့အတွက် ရုတ်သိမ်းတဲ့အခါ တင်သွင်းဖို့ ကြိုတင်ဝယ်ယူမှုတွေ ပြုလုပ်ထားတာဖြစ်တယ်လို့ သိရပါတယ်။

**ပဲကြီးဈေးအဆမတန် မြင့်တက်**

ပဲကြီးကတော့ ဒီတစ်ပတ်မှာလည်း မမျှော်လင့်တဲ့ဈေးကို မြင့်တက်သွားခဲ့ပါတယ်။ တစ်ပိဿာကို ကျပ် ၅၀၀ ကျော် ထပ်တက်သွားပြီး စံချိန်တင် ဈေးအမြင့်ဆုံးရရှိနေကာ ပဲဈေးကွက်ရဲ့ထိပ်ဆုံးမှာ ရှိနေပါတယ်။ ရန်ကုန်ဈေးကွက်မှာ ပဲကြီးဈေး မြင့်တက်ခဲ့ပေမယ့် နယ်ကုန်စည်ဒိုင်တွေမှာတော့ ဈေးထိန်းထားပုံရပြီး ပြီးခဲ့တဲ့အပတ်က ဈေးအတိုင်း ငြိမ်နေပါတယ်။

ပြီးခဲ့တဲ့အပတ်မှာတော့ မုံရွာကုန်စည်ဒိုင်မှာ ပဲကြီးတစ်တင်းကို ကျပ် ၃၀၀၀ လောက် ဈေးမြင့်တက်ခဲ့ပြီး ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၅၀၀၀ လောက်အထိ ဈေးမြင့်တက်ခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ ရန်ကုန်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၁၀၀၀၀ ကျော် ဈေးမြင့်တက်ခဲ့ပြီး တစ်တင်းပေါက်ဈေး ကျပ် ၈၀၀၀၀ အထိ ရရှိနေပါတယ်။

**ကုလားပဲလုံးမျိုးစုံ အတက်အကျကြမ်းနေ**

ကုလားပဲလုံးမျိုးစုံကတော့ ဒီတစ်ပတ်မှာ ဈေးတည်ငြိမ်မှုမရှိဘဲ အတက်အကျတော်တော်ကြမ်းတဲ့ အနေအထားမှာ ရှိနေပါတယ်။ ရန်ကုန် ကုန်စည်ဒိုင်မှာ ကုလားပဲလုံး ဖြူသေး(V2)ဈေးက ကျဆင်းသွားခဲ့ပေမယ့် မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၃၀၀၀ လောက်အထိ ဈေးတက်သွားခဲ့ပါတယ်။ ကုလားပဲလုံးဖြူကြီး (929)ကတော့ ပြည်ကုန်စည်ဒိုင်မှာ ဈေးတက်ခဲ့ပေမယ့် မုံရွာကုန်စည်ဒိုင်မှာတော့ ဈေးအပြောင်းအလဲမရှိခဲ့ပါဘူး။ မြင်းခြံကုန်စည်ဒိုင်မှာတော့ ဈေးကျဆင်းခဲ့ပါတယ်။

ကုလားပဲလုံးဝါ (HL) ကတော့ မုံရွာ၊ ပြည်၊ ပခုက္ကူကုန်စည်ဒိုင်တို့မှာပါ ဈေးတက်လာခဲ့ပါတယ်။ မုံရွာမှာ တစ်တင်းကို ကျပ် ၂၈၀၀၀ ပေါက်ဈေးရှိပြီး ကျပ် ၁၀၀၀ ကျော် ဈေးတက်ခဲ့တာဖြစ်ပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၃၄၀၀၀ ပေါက်ဈေးရှိပြီး ကျပ် ၂၀၀၀ လောက် ဈေးတက်ခဲ့ပါတယ်။

ပြည်တွင်းမှာ အတက်ဈေးနဲ့ ဈေးတည်ငြိမ်မှုမရှိတဲ့ ကုလားပဲကို အဓိကတင်ပို့နေတဲ့ အိန္ဒိယနိုင်ငံမှာလည်း တည်ငြိမ်မှုမရှိပါဘူး။ ကုလားပဲသစ်တွေထွက်နေပြီး ရောင်းအားကများနေတဲ့အတွက် ဈေးကတော့ ကျဆင်းနေနိုင်တယ်လို့ Agriwatch က သုံးသပ်ထားပါတယ်။

**ပဲတီစိမ်း ဈေးအနည်းငယ်တက်**

ဒီတစ်ပတ်မှာတော့ ပဲတီစိမ်းက ဈေးတက်နေပါတယ်။ ပဲတီစိမ်းက တရုတ်နိုင်ငံကို အဓိကထား ပုံမှန်တင်ပို့နေရတဲ့အတွက် တစ်ခြားပဲတွေလိုတော့ အခြေအနေမပျက်ဘဲ ပုံမှန်လည်ပတ်နေတယ်လို့ ပြောလို့ရပါတယ်။ ဒီတစ်ပတ်မှာတော့ ပဲတီစိမ်းက ဈေးပါးပါးလေး တက်လာခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၅၀၀ လောက် ဈေးတက်လာပြီး ကျပ် ၂၅၀၀၀ ကနေ ၂၇၀၀၀ အထိ ပေါက်ဈေးရှိပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ၅၀၀ လောက် ဈေးတက်လာခဲ့ပြီး မြင်းခြံကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၀၀၀ လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။



**ကြက်သွန်နီဈေးထပ်ကျ**

ကြက်သွန်နီအသစ်တွေ ဝင်ရောက်လာတဲ့အတွက် နယ်ကုန်စည်ဒိုင်မှာ ကြက်သွန်ဈေးတွေ ကျဆင်းလာခဲ့ပြီး ရန်ကုန်ကုန်စည်ဒိုင်မှာတော့ အတက်ဈေးနဲ့ ငြိမ်နေပါတယ်။ ကြက်သွန်နီ အဓိကထွက်ရှိတဲ့ မြင်းခြံကုန်စည်ဒိုင်မှာတော့ အသစ်တွေ ဝင်လာပြီဖြစ်တဲ့အတွက် ကြက်သွန်နီတစ်ပိဿာကို ကျပ် ၁၀၀၀ နီးပါးအထိ ဈေးကျဆင်းသွားခဲ့ပါတယ်။ ပခုက္ကူ ကုန်စည်ဒိုင်မှာတော့ တစ်ပိဿာကို ကျပ် ၂၀၀ လောက်သာ ဈေးကျဆင်းခဲ့ပြီး ပြည်ကုန်စည်ဒိုင်မှာလည်း တစ်ပိဿာကို ကျပ် ၂၀၀ လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။

ရန်ကုန်ကုန်စည်ဒိုင်မှာတော့ ကြက်သွန်နီ(ဆိပ်ဖြူ)က တစ်ပိဿာကို ကျပ် ၂၁၀၀ ကနေ ၃၀၅၀ ပေါက်ဈေးရှိနေပေမယ့် နယ်ကုန်စည်ဒိုင်တွေမှာတော့ တစ်ပိဿာကို ကျပ် ၁၁၀၀ ကနေ အများဆုံး ၂၂၀၀ အထိပဲ ပေါက်ဈေးရှိပါတယ်။

**မြေပဲဆန်(ဆီဆန်)ဈေးအနည်းငယ်တက်**

ဆီလုပ်ငန်းရှင်တွေ အများဆုံးဝယ်တဲ့ မြေပဲဆန်(ဆီဆန်)ကတော့ ဒီတစ်ပတ်မှာ ဈေးအနည်းငယ်တက်လာပါတယ်။ နေ့စဉ် အိတ် ၈၀၀ ခန့် ပုံမှန်ဝင်နေပြီး လုပ်ငန်းရှင်တွေ၊ ဆီကြိတ်သူတွေက နေ့စဉ် ပုံမှန်ဝယ်နေတဲ့အတွက် ဈေးအနည်းငယ် တက်လာခဲ့တာပါ။ မုံရွာကုန်စည်ဒိုင်မှာတော့ မြေပဲဆန် တစ်ပိဿာကို ကျပ် ၁၉၅၀ ကနေ ၂၀၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ကျပ် ၄၀ လောက် ဈေးတက်ခဲ့ပါတယ်။ မြင်းခြံမှာလည်း မုံရွာနည်းတူ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၅ ကျပ်လောက် ဈေးတက်လာပါတယ်။ ပြည်ကုန်စည်ဈေးကွက်မှာတော့ ဈေးအနည်းငယ်ကျဆင်းသွားခဲ့ပါတယ်။

**ဝတ်ရည်မွန်**(AMIA)

# ကျွန်တော်နဲ့ အတွေးအမြင်

## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်



ကျွန်တော်ဟာ တစ်သက်လုံး ပညာရှာဖွေမှုကို အလေးထားခဲ့သူဖြစ်တယ်။ ငယ်ငယ်ကတည်းက ဘာဖြစ်ချင်သလဲလို့ မေးရင် ပညာတတ်ဖြစ်ချင်တယ်လို့ပဲ ဖြေမိတယ်။ ပညာလို့ ပြောပြန်ရင်လည်း အမှန်တော့ အတန်းပညာကို ရည်ညွှန်းနေတာကို နောင်မှ သတိပြုမိတယ်။ တကယ်တော့ ပညာဆိုတာ အတန်းပညာသာမက ပိုပြီးအရေးကြီးတာက ဘဝပညာပဲဖြစ်တယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ရင် ကျွန်တော်က အတန်းပညာနဲ့ ပတ်သက်ပြီး ကံကောင်းတယ်လို့ ပြောနိုင်တယ်။ ဘွဲ့တွေအမျိုးမျိုးရခဲ့တယ်။ ဒါတောင် အခွင့်အရေးများရရင် ဆက်ပြီး သင်ချင်သေးတာ။ ပါရဂူဘွဲ့ကို ထပ်ယူချင်တယ်။ သုတေသနလုပ်ချင်တယ်။ ဘဝပညာနဲ့ ပတ်သက်လို့ ကျွန်တော် အားနည်းတယ်။ လူရည်မလည်လှဘူး။ ဟန်ဆောင်ရတာ ခက်တယ်။ မကြိုက်ရင် မကြိုက်တာကို ပြောမိတယ်။ ရှေ့နောက်ကြည့်ဖို့ ခက်တယ်။ လွယ်လွယ်ကူကူနဲ့ မိတ်ဆွေမဖြစ်ဘူး။ ခွကျတဲ့ သဘာဝရှိတယ်။

**အီးကျူမြင့်ဖို့ လိုတယ်**

ကိုယ့်ရဲ့အားနည်းချက်ကို သိလို့ ထင်ပါရဲ့ ကျွန်တော်က အီးကျူ (EQ) ကို စိတ်ဝင်စားတယ်။ လေ့လာတယ်။ သင်ပြတယ်။ အီးကျူနည်းလို့ အခုလို ဖြစ်နေတယ်လို့ ထင်တယ်။ ဘဝကို ရင်ဆိုင်တဲ့ နေရာမှာ ဉာဏ်ရည်ထက်မြက်ရုံ မလုံလောက်ဘဲ အီးကျူမြင့်ဖို့ လိုတယ်။ အဓိကကတော့ ကိုယ့်အကြောင်း ကိုယ်သိအောင် ကြိုးစားဖို့ ဖြစ်တယ်။ လူတွေက ကိုယ့်အကြောင်း ကိုယ်သိတယ်လို့ ထင်နေကြတယ်။ အမှန်တော့ မပြည့်စုံဘူး။ ကိုယ့်အကြောင်း ကိုယ့်လောက်သိတဲ့သူတွေ ရှိတာကို သတိပြုရမှာဖြစ်တယ်။ ကိုယ့်အကြောင်း ကိုယ်သိအောင် လုပ်တဲ့နေရာမှာ အထိရောက်ဆုံးက တရားထိုင်တာဖြစ်တယ်။ အခုလိုဆင်ခြင်ပြီး ကိုယ့်အကြောင်း ကိုယ်သိအောင် လုပ်နိုင်ဖို့လိုတယ်။ တစ်လောက ကျွန်တော့်ရဲ့ အီးကျူကို အစမ်းသပ်ခံရတယ်။ လူတိုင်းချီးကျူးတာကို နှစ်သက်ကြပြီး ဝေဖန်ပြစ်တင်တာကိုတော့ လက်ခံဖို့ ခက်တယ်။ ကျွန်တော်နဲ့ ပတ်သက်ပြီး လူမှုရေးကွန်ရက်မှာ အကြီးအကျယ် ဝေဖန်ခံခဲ့ရတယ်။ စိတ်ဝင်စားဖို့ကောင်းတာက ဒီဝေဖန်ချက်တွေနဲ့ ပတ်သက်ပြီး အကြောင်းတရားအပြည့်အစုံ မသိပေမယ့် ထောက်ခံခဲ့သူတွေက အများကြီး ထောက်ခံတယ်။ ကြိုက်တယ်ဆိုရင် ဘာကိုကြိုက်တာလဲ၊ ဘာကိုထောက်ခံနေတာလဲ လို့တော့ သိဖို့လိုမှာ။ အခုတော့ တစ်ခါတည်းကြိုက်နေကြတာ။ ဒါက ယဉ်ကျေးမှုတစ်ရပ်ဖြစ်တယ်လို့ ကျွန်တော့်ကို ဖြေသိမ့်ကြပါတယ်။ ဆရာ့အတွက် အထူးအဆန်းဖြစ်ပေမယ့် ကျွန်တော့်အတွက်ကတော့ ရိုးနေပြီလို့ အားပေးကြတယ်။ ဝေဖန်တဲ့သူတွေ၊ အပြစ်တင်တဲ့သူတွေကို ကျွန်တော်နားလည်ပါတယ်။ သူတို့ နေရာမှာဆိုရင် ကျွန်တော်လည်း ဒီလိုဖြစ်မှာ။

ဒါပေမယ့် လူတစ်ယောက်အတွေးအမြင်ဟာ ဆင်ခြင်တုံတရားကတစ်ဆင့် ဖြစ်ပေါ်သင့်တယ်လို့ ယူဆမိတယ်။ စိတ်ခံစားမှုအပေါ် အခြေခံပြီး သုံးသပ်ရင် အစွန်းရောက်နိုင်တယ်။ ကျွန်တော်က အစွန်းတရားကို ကြောက်ရွံ့တယ်။ အစွန်းတရားကြောင့် ပြဿနာတွေ ကြီးထွားခဲ့တာကို သတိထားမိတယ်။ အစွန်းတရားထက် မျှမျှတတ ဆင်ခြင်တတ်တာ၊ တွေးတတ်၊ မြင်တတ်တာကို ပြုစုဖို့လိုလိမ့်မယ်။ ဒီနေရာမှာ ဘာသာတရားလက်ခံမှုက အထောက်အကူဖြစ်မယ်လို့ ထင်တယ်။ အလယ်အလတ်လမ်းစဉ်ဟာ အစွန်းကို ရှောင်ကြဉ်တာဖြစ်တယ်။

**သတိထားကြဖို့ လို**

အမုန်းတရားပွားရတာ လွယ်ကူတယ်။ မေတ္တာရှိဖို့ ပြောရင် လက်ခံမှုအားနည်းတယ်။ ဒါကြောင့်လည်း တစ်ကမ္ဘာလုံးမှာ အမုန်းတရားတွေ ပျံ့နှံ့နေတာ။ ဒီစိတ်ထားတွေက အမြဲရှိနေခဲ့ပေမယ့် အခုခေတ်မှာ လူမှုရေးကွန်ရက်က တစ်ဆင့် ပိုပြီး မြန်မြန်ဆန်ဆန် ပျံ့နှံ့သွားတယ်။ ပြန့်နိုင်တယ်။ ဒါကြောင့်လည်း ပိုပြီးသတိထားကြဖို့လိုတယ်။ အများကြိုက်တဲ့ စကားလုံးတွေသုံးပြီး အမုန်းတရားကို မဖြန့်သင့်ဘူး။ အမုန်းတရားတွေ ဘာကြောင့်ဖြစ်နေရသလဲဆိုတာကို စဉ်းစားတဲ့အခါ အကြောက်တရားက ပေါက်ပွားလာတယ်လို့ ထင်တယ်။ ကြောက်တဲ့စိတ်ကတစ်ဆင့် အမုန်းတွေပေါ်လာတာ။ မကြောက်ရင် မုန်းစရာမရှိဘူးလို့ ထင်မိတယ်။

ကျွန်တော့်အနေနဲ့ ပညာတွေ များများသင်လေလေ ကိုယ်မသိတာတွေ၊ မတတ်တာတွေ ပိုပိုပြီးများလာတာ တွေ့ရတယ်။ ဒါကြောင့် အရာရာကို မသိနိုင်ဘူး။ အရာရာကို မတတ်နိုင်ဘူးလို့ အမြဲဆင်ခြင်တယ်။ ဒါကြောင့်လည်း မိမိရဲ့စိတ်ကို လေထီးလို ဖြစ်အောင်လေ့ကျင့်တယ်။ လေထီးဟာ ပွင့်မှ အလုပ်လုပ်သလို လူတစ်ယောက်ရဲ့စိတ်ထားဟာလည်း ပွင့်နေဖို့ လိုတယ်။ ပိတ်ထားရင် အတွေးအမြင်တွေ တိုးမှာမဟုတ်ဘူး။ မသိချင်ဘူး။ သိနေတာပဲ အားကိုးနေရင် ပြောရဆိုရတာ ခက်တယ်။ ကိုယ်စဉ်းစားတာပဲ မှန်တယ်။ သူများပြောတာကို လက်မခံနိုင်တာဟာ အဟန့်အတားဖြစ်စေတယ်။ ဒီလိုဖြစ်တာဟာလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အားနည်းလို့ပဲဖြစ်တယ်။ အစွဲအလမ်းကြီးတာကြောင့်ဖြစ်တယ်။ မိမိရဲ့အတွေးအမြင်ကို မပြောင်းလဲနိုင်ဘဲ ကိုယ်မြင်တာ မှန်တယ်၊ ကိုယ်တွေးတာကသာ ဟုတ်တယ်လို့ ထင်လို့ မဖြစ်ဘူး။ ပညာတတ်ဆိုတာက အမြင်မတူတာကို နားထောင်နိုင်ပြီး ဆင်ခြင်နိုင်စွမ်းရှိတာ ဖြစ်တယ်။ အမြင်မတူတာကို ရန်သူလို့ မမြင်ဘဲ အမြင်တူတာကို အခြေခံပြီး အတွေးသစ်၊ အမြင်သစ်တွေရအောင် ကြိုးစားဖို့ လိုတယ်။

**ညီညီညွတ်ညွတ်ရှိဖို့ လို**

အခုအခါမှာ တစ်ကမ္ဘာလုံးမှာ အကြမ်းဖက်မှုတွေ လွှမ်းမိုးနေတယ်။ ရုပ်မြင်သံကြားသတင်းတွေ ကြည့်လိုက်ရင် စိတ်မကောင်းစရာတွေပဲ မြင်ရတာ။ တစ်ဦးနဲ့တစ်ဦး ပဋိပက္ခဖြစ်နေကြပြီး အမုန်းတွေ ပွားနေကြတယ်။ အေးချမ်းမှု ချုပ်ငြိမ်းနေသလိုပဲ။ အရှုံး၊ အနိုင်ကို အာရုံမထားဘဲ တစ်ယောက်နဲ့ တစ်ယောက် အပေးအယူ အလျှော့အတင်းလုပ်နိုင်ပြီး အဖြေတွေ ရှာသင့်တယ်လို့ ယူဆမိတယ်။

မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာကို မထိပါးဖို့ အရေးကြီးတယ်။ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရဖို့ ချွေးတွေ၊ သွေးတွေ ပေးဆပ်ခဲ့ကြတယ်။ အရပ်သားတွေ စတေးခံခဲ့ရသလို တပ်မတော်ကလည်း တာဝန်ကျေပွန်ခဲ့တယ်။ ဒါတွေက အမှန်တရားပဲ။ ဒါကို မငြင်းနိုင်ဘူး။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံမှာ ဖိအားတွေက မျိုးစုံ။ အစိုးရအနေနဲ့ လုပ်သင့်၊ လုပ်ထိုက်တာတွေကို အာရုံစိုက်နေရတဲ့ အချိန်မှာ စိန်ခေါ်မှုအသစ်တွေ ပေါ်ပေါက်နေတာမို့ အခက်အခဲမျိုးစုံကို တစ်ပြိုင်တည်း ရင်ဆိုင်နေရတယ်။ ဒီလိုအခြေအနေမှာ ညီညီညွတ်ညွတ်ရှိဖို့ လိုတယ်။ လက်ညှိုးထိုးပြီး အပြစ်တင်လို့ ထူးမှာ မဟုတ်ဘူး။ ကိုယ်တတ်နိုင်တဲ့ဘက်က ကူညီဖို့လိုတယ်။ ခက်ခဲမှုတွေကို အခွင့်အရေးယူပြီး အသံကောင်းဟစ်နေသူက အမြောက်အမြား။ ပြဿနာဖော်တာ လွယ်ပါတယ်၊ အဖြေရအောင်ရှာရတာက ခက်တာ။

ကျွန်တော်က လူငယ်ထုကို အားကိုးတယ်။ သူတို့ဟာ ပွင့်လင်းတယ်။ အတွေးအမြင် အသစ်တွေ ရှိကြတယ်။ မွေးကတည်းက ခေတ်မီအိုင်တီပညာနဲ့ ရင်းနှီးနေကြသူတွေ။ အားလုံးက လူမှုရေးကွန်ရက်နဲ့ ရင်းနှီးတယ်။ သူတို့ရဲ့ အနာဂတ်လှအောင် ဖန်တီးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်။ လှပတဲ့၊ အေးချမ်းတဲ့ အနာဂတ်ကို ဖော်ထုတ်နိုင်ဖို့ လိုအပ်တယ်။

**အတွေးမှန်ရင် အပြောမှန်မှာ**

အခုလို အပြောခံရတော့၊ ဝေဖန်ခံရတော့ ကျွန်တော် မကြာမကြာ အများကို သတိပေးခဲ့တာကို ပြန်စဉ်းစားပြီး ဆင်ခြင်မိတယ်။ လက်ဆောင်ရတဲ့အခါ ကိုယ်က လက်မခံရင် ဒီလက်ဆောင်ဟာ ပေးတဲ့သူဆီ ပြန်ရောက်သွားတယ်။ ကိုယ့်ကို စော်ကားတာ၊ အပြစ်တင်တာကို လက်မခံရင် ကိုယ့်အတွက် ဘာမှ မထိခိုက်ပါဘူး။ ခံနိုင်ရည်ရှိအောင် ဆင်ခြင်ရမှာ။ ကိုယ့်ကိုယ်ကိုယ်သုံးသပ်ပြီး ဘာကြောင့် ဒီလိုဖြစ်တာကိုလည်း ဆန်းစစ်နိုင်စွမ်းရှိရမှာ။ မိမိရဲ့အတွေးအမြင်တွေကို ပြင်ဖို့လိုမယ် ဆိုရင်လည်း ပြင်ရမှာ။ လူတိုင်းချောက်ပြစ်ကင်းတာတော့ မရှိနိုင်ပါဘူး။ မှားတာရှိနိုင်မှာ သေချာပါတယ်။ ဒါပေမယ့် ကျွန်တော်က အမြဲတမ်း မှန်တဲ့အတွေးရှိအောင် ကြိုးစားတယ်။ အတွေးမှန်ရင် အပြောမှန်မှာ၊ အပြောမှန်ရင် နောက်အလုပ်မှန်မှာသာဖြစ်တယ်။ ဒါကြောင့် အတွေးအခေါ် အမြင်မှန်အောင် ကြိုးစားကြစေချင်တယ်။ အတွေးအမြင်ဆိုတာကလည်း ပညာကတစ်ဆင့် ရတာဖြစ်တယ်။ ပညာဆိုတာကလည်း ဆင်ခြင်တတ်ပြီး အစွန်းတရားကို ရှောင်ကြဉ်မှု ဖြစ်စေပါတယ်။ စိတ်အလိုလိုက်ပြီး ရင်တွင်းခံစားချက်တွေကိုသာ ရှေ့တန်းတင်ရင် ဒုက္ခတွေ့နိုင်တယ်။ လူတစ်ယောက်ရဲ့ တန်ဖိုးဟာ ဆင်ခြင်နိုင်မှုပဲ ဖြစ်တယ်လို့ ယုံကြည်မိတယ်။ ဒီနေရာမှာ ကိုယ်ချင်းစာတရားဟာ အရေးကြီးပါတယ်။ ကိုယ့်ဘက်က စဉ်းစားတိုင်း သူ့ဘက်ကိုလည်း ကြည့်နိုင်ဖို့ လိုအပ်တယ်။

**အနာဂတ်အနေအထား**

ကိုယ် ဒါလုပ်လိုက်ရင် သူဘယ်လိုခံစားရမလဲ။ ကိုယ်ဒီလိုပြောလိုက်ရင် တစ်ဖက်သား ဘာဖြစ်သွားမလဲ။ ဒီမေးခွန်းတွေကို အမြဲမေးနေရမှာ။ တစ်ဖက်တည်းကြည့်ရုံနဲ့ မလုံလောက်ပါဘူး။ ကြည့်ရင်လည်း ဒါက သိပ်တစ်ကိုယ်ကောင်းဆန်တာ။ တွေးတာ မြင်တာနဲ့ ပတ်သက်ပြီး ကျွန်တော်ကတော့ အမြဲ အကောင်းမြင်နိုင်အောင် ကြိုးစားတယ်။ ဘယ်လောက်ပဲ ဆိုးဆိုး အဆိုးထဲက အကောင်းတော့ ရှိနိုင်တယ်။ ရှိတာကိုလည်း လက်ခံရမယ်။ ရှိဖို့လည်း လိုအပ်တယ်။ အခုအချိန်မှာ အဆိုးတွေ ရင်ဆိုင်ရပေမယ့် ဒီအဆိုးတွေကို ကျော်လွှားနိုင်တဲ့ အခွင့်အရေး ပေးတယ်လို့ မြင်ရမယ်။ ကျော်လွှားနိုင်ရင် စိန်ခေါ်မှု မဟုတ်တော့ဘဲ အခွင့်အရေးဖြစ်လာမှာ။ ကျွန်တော်ကတော့ နိုင်ငံကြီး တိုးတက်စေချင်တယ်။ အောင်မြင်စေချင်တယ်။ ကမ္ဘာ့အလယ်မှာ တင့်တယ်စေချင်တယ်။ ဒါတွေဖြစ်လာအောင် ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိတယ်။ ဘေးထိုင်ပြီး ဝေဖန်နေလို့၊ အပြစ်ပြောနေရုံနဲ့ မလုံလောက်ပါဘူး။

ကိုယ်တတ်နိုင်တဲ့ဘက်မှာ ကူညီဖို့လိုတယ်။ အုတ်တစ်ချပ်၊ သဲတစ်ပွင့် ဒါဆို ပြည့်စုံပြီ။ အခုရင်ဆိုင်နေရတာတွေကို တစ်ဖက်က အာရုံစိုက်သလို တစ်ဖက်က နောင်အနှစ် ၂၀၊ ၃၀ မှာ ဖြစ်နိုင်မယ့် အနာဂတ်အနေအထားကို တွေ့မြင်နိုင်ရမယ်။ အိပ်မက်မက်နိုင်ရမယ်။ နောင်အနှစ် ၂၀ မှာ ကျွန်တော်မရှိမှာ သေချာပေမယ့် ကျွန်တော်တို့ နိုင်ငံရဲ့ အနာဂတ်ဟာ လှပနေမယ်ဆိုတာကို တစ်ထစ်ချ ယုံကြည်တယ်။ ဖြစ်ချင်တာတွေ ဖြစ်ဖို့ အတွေးအမြင်တွေ ပြုပြင်ဖို့ လိုမှာဖြစ်ပါတယ်။ ။

> "ပညာတတ်ဆိုတာက အမြင်မတူတာကို နားထောင်နိုင်ပြီး ဆင်ခြင်နိုင်စွမ်း ရှိတာဖြစ်တယ်။ အမြင်မတူတာကို ရန်သူလို့ မမြင်ဘဲ အမြင်တူတာကို အခြေခံပြီး အတွေးသစ်၊ အမြင်သစ်တွေရအောင် ကြိုးစားဖို့လိုတယ်"


### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်ကိုဝင်း ၈/တတက(နိုင်)၁၈၆၆၃၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၈၁၄၃၀၉၆

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ မြေကွက်အမှတ် (၂၆၀) အကျယ်အဝန်း(ပေ၄၀×ပေ၆၀)ရှိ ဦးသန်းဌေးအမည်ပေါက် ပါမစ်မြေကွက်နှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လက်ရှိစီမံရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းမောင် ၁၂/ကမရ(နိုင်)၀၄၉၇၀၈ ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးလှသိန်း ၁၂/ကမရ(နိုင်)၀၁၆၈၄၆
ဖုန်း-၀၉-၅၀၇၂၆၃၁

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ အိမ်အမှတ် ၁၁၀ နေ ဒေါ်လှအောင် ၁/ဝမန(နိုင်)၀၃၄၀၂၅ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်ရှိ ဦးပိုင်အမှတ် ၆/၁၊ ကွင်းအမှတ် ၂၀-က/၄၊ မြေချိန်ဧရိယာ ၀ ဒသမ ၃၂၇ ဧကရှိ အိမ်ခြံမြေသည် ဦးလမာတန်-ဒေါ်မာတောင်အမည်ဖြင့် မြေစာရင်း ၂-ကအရ မြေခွန်စည်းကြပ်လျက်ရှိပြီး ၄င်းမြေဧကအနက်မှ မြေချိန်ဧရိယာ ၀ ဒသမ ၁၀၂ ဧကအား မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ ဆက်သွယ်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက တည်ဆဲမြေဂရန်၊ လုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ ဒေါ်လှအောင်၏အမည်ဖြင့် မြေငှားဂရန်လျှောက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှအောင်၏ လွှဲအပ်ချက်အရ-**
**ဦးအက်စ်ဂွန်ဆိုင်း (စဉ်-၄၅၄၄၁) အထက်တန်းရှေ့နေ**
**အမှတ် ၁၁၆၄၊ လယ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၉-၇၉၃၆၅၈၀၇၇**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ နယ်မြေ (၁)၊ အိမ်အမှတ် ၃၈ နေ ဒေါ်နန်းခမ်းအောင် ၁၃/နမတ(နိုင်)၀၁၁၃၀၉ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်ရှိ ဦးပိုင်အမှတ် ၆/၁၊ ကွင်းအမှတ် ၂၀-က/၄၊ မြေချိန်ဧရိယာ ၀ ဒသမ ၃၂၇ ဧကရှိ အိမ်ခြံမြေသည် ဦးလမာတန်-ဒေါ်မာတောင်အမည်ဖြင့် မြေစာရင်း ၂-ကအရ မြေခွန်စည်းကြပ်လျက်ရှိပြီး ၄င်းမြေဧကအနက်မှ မြေချိန်ဧရိယာ ၀ ဒသမ ၂၂၅ ဧကအား မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ ဆက်သွယ်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက တည်ဆဲမြေဂရန်၊ လုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ ဒေါ်နန်းခမ်းအောင်၏အမည်ဖြင့် မြေငှားဂရန်လျှောက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းခမ်းအောင်၏ လွှဲအပ်ချက်အရ-**
**ဦးအက်စ်ဂွန်ဆိုင်း (စဉ်-၄၅၄၄၁) အထက်တန်းရှေ့နေ**
**အမှတ် ၁၁၆၄၊ လယ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၉-၇၉၃၆၅၈၀၇၇**

### ဇနီးမယားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၉၉)နေ ဦးအောင်ကိုမင်း ၆/ကစန(နိုင်)၀၅၇၉၁၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်တော်၏ မိတ်ဆွေဖြစ်သူ ဦးအောင်ကိုမင်းနှင့် (အဖ)ဦးဇော်မင်းဦး-(အမိ)ဒေါ်ကြင်ငွေတို့၏သမီး မထက်ဝေဝေဇော် အမှတ်(၁၉)၊ ဗိုလ်မင်းသိန်း(၃)လမ်း၊ ဗိုလ်မင်းသိန်းရပ်ကွက်၊ ရွှေမော်ဓောဘုရားအနီး၊ ပဲခူးမြို့နေထိုင်သူတို့သည် လွန်ခဲ့သော ၆ နှစ်ခန့်က အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာပြီး သားတစ်ယောက် ထွန်းကားခဲ့ပါသည်။ မထက်ဝေဝေဇော်မှာ အိမ်ထောင်တာဝန်မကျေပွန်သည့်အပြင် ခင်ပွန်းဖြစ်သူ ဦးအောင်ကိုမင်း၏ အလုပ်နှင့်ဂုဏ်သိက္ခာကို ထိခိုက်စေသည့် အပြုအမူမျိုး၊ စိတ်အနှောင့်အယှက်ဖြစ်သည့်ကိစ္စမျိုး၊ ခင်ပွန်းတစ်ဦးအနေဖြင့် သည်းခံခွင့်မလွှတ်နိုင်သည့် ကိစ္စမျိုးများ ပြုလုပ်ခဲ့သည့်အတွက် မထက်ဝေဝေဇော်အား ဇနီးမယားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** ဦးအောင်ကိုမင်း ၆/ကစန(နိုင်)၀၅၇၉၁၇
**လွှဲအပ်ညွှန်ကြားချက်အရ-** ဒေါ်ခင်သန္တာထွန်း LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၇)
အမှတ် (၁၂၀)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊
ဖုန်း-၀၉-၄၂၀၁၁၁၄၄၂၊ ၀၉-၇၉၉၅၆၁၅၈၈

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်

အထက်ပါအကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကန်ထရိုက်တာဦးလှမြင့် (အေကေဘီ-၂၁၆၁၉၉) ပိုင်ဆိုင်သော အမှတ် ၁၂၂ မြဝတီလမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်ရှိ မှန်ခန်းကို ဦးအာကာကျော် (၁၂/မဂတ(နိုင်)၀၇၁၁၇၁) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်မာလုံလောက်သည့် စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးအာကာကျော် (၁၂/မဂတ(နိုင်)၀၇၁၁၇၁)
အမှတ် (၁၅-ဘီ)၊ ဗို့မြေလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၉၇၄၀၄၆၄၉၄

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ မင်းကြီးလမ်း၊ အိမ်အမှတ် (၂၉၆/၄)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၁၀/C)၊ မြေကွက်အမှတ် (၂၇) ၁ဒသမ ၅၃၄ ဧကကျယ်ဝန်းသော မြေကွက်ပေါ်ရှိ အမှတ် (၂၇/E)၊ ဧရိယာ ၀ဒသမ ၂၁၆ ဧကပေါ်ရှိ မခွဲစိတ်ရသေးသော မြေ၏ အရှေ့ဘက်ခြမ်းရှိ ပေ ၅၀ × ပေ ၁၀၀ ပတ်လည်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သူ ဦးနိုန်းခန့်ထန် ၄/တတန(နိုင်)၀၃၅၃၁၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီကြသဖြင့် ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးပဲန်းကူးလ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၉၃၂၃)**
**အမှတ် (၃၀၁)၊ တိုက် (၁/ဘီ)၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၃၆၉၉**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် 10I³၊ မြေကွက်အမှတ် IV 27 ဒေါ်စန်းမြင့် (ခ) ဒေါ်စန်းစန်းဝင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအရပ်ခေါ်အမှတ် ၁၅၅/၁၅၇(ရှစ်လွှာ) အကျယ်အဝန်း (၃၄'×၅၇')၊ ၅၁ လမ်း၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော တိုက်ခန်း(၁)ခန်းအပါအဝင် ၎င်းနှင့်ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသိန်းထွဋ် (ထွဋ်ရတနာဆောက်လုပ်ရေး LC-838) ၁၂/တမန(နိုင်)၀၇၄၆၂၂ မှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းလင်းအောင် LL.B.,D.B.L.,D.M.L ဒေါ်မြဖြူနိုင် LL.B.,D.B.L.,D.M.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ငြိမ်းချမ်းစုရည် LL.B.,D.B.L.,D.I.L.,D.M.L (အထက်တန်းရှေ့နေ)**
**အမှတ် ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း




- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ (Shopping Mall ,Hotel,Office Tower) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ (၉၀၀,၀၀၀) ကျော်ရှိသည့် (၇) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ (၂၀၀) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း (Corridor) များကို (၁၄) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေးစနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား (၂၀) စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ

DEVELOPER-

GA MONE PWINT CO.,LTD.

အမှတ် (၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6


UPG
UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care®
THE GLOBAL COMPACT
Global Compact Network [Myanmar]
သီတင်းကျွတ်အထူးအစီအစဉ်
PREMIER
ORIENT Professional
လီတာ ၂၀ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၅၀၀၀ ကျပ် ရယူပါ...
ORIENT
Interior and Exterior Emulsion Paint
လီတာ ၅၀ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၅၀၀၀ ကျပ် ရယူပါ...
ကရဝိက်
KG only
၁ ဂါလံ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၂၀၀၀ ကျပ် ရယူပါ...
Promotion ကာလ ► ၁-၁၀-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇

MYANMAR ENTREPRENEURSHIP SUMMIT 2017

# ကျေးဇူးတင်လွှာ

Organized by: MYEA

Myanmar Entrepreneurship Summit 2017 ပွဲသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြပါသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ Myanmar Entrepreneurship Summit 2017 ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးပေးပါသော Sponsor ကုမ္ပဏီများ၊ Contributor များ၊ Media Partner များ၊ Food & Beverages Sponsor များ၊ ပြပွဲတွင် ပါဝင်ပြသပေးပါသော Sponsor ကုမ္ပဏီများ၊ Start-up များ၊ ဆုရွေးချယ်ရေးအစီအစဉ်တွင် အကဲဖြတ်လူကြီးများအဖြစ် ဆောင်ရွက်ပေးခဲ့ကြပါသော ဦးဝေဖြိုး (MD, Ya Thar Cho Co.,Ltd)၊ Dr. သောင်းဟန် (CEO, Myanmar Citizen Bank)၊ ဦးကျော်မျိုးထွန်း (Writer and Financial Advisor)၊ ဒေါ်မီမီမျိုးဝင်း (Head of Programmes, British Council)၊ ဦးမျိုးမင်း (Founder, PS Business School)၊ ဒေါ်မွန်မွန်မြင့်သူ (CEO, ACE plus Solutions)၊ Dr. မင်းထက် (Vice President, Sein & Mya Mattress)၊ Dr.မေပြည့်စုံကြွယ် (Founder and Director, Matrix Strategic Co.,Ltd) တို့နှင့် Panel Session များတွင် ပါဝင်ပေးပါသော Panelist များဖြစ်ကြသည့် -

- ဦးသိန်းထွန်း (Chairman, Tun Commercial Bank)
- Dr. စိုင်းဆမ်ထွန်း (Chairman, Loi Hein Group of Companies)
- ဦးဝင်းအောင် (Chairman, Dagon Group of Companies)
- ဦးဇေယျာသူရမွန် (Group CEO, Zeya & Associates)
- ဦးနေအောင် (Founder and CEO, Oway Group)
- ဦးဝေယံလင်း (CEO and Co-Founder, CarsDB.com)
- Mr. Sahib Anandsongvit (Founder and CEO, Seekster)
- Mr. Martin Pun (Head of CSR, YOMA Strategic Holdings, Singapore)
- Mr.Jonathan Wong (Chief of Technology and Innovation, UN)
- Mr. Peter Brimble (Team Leader, The Dana Facility)
- ဒေါ်လှလှဝင်း (Founder & CEO, 360 ed)
- ဦးအောင်မိုးကျော် (Co-Chairman, Grand Royal Group)
- ဦးကျော်မျိုးထွန်း (Writer and Financial Advisor)
- Mr. Rudolf Gildemeister (Managing Partner, Glolden Rock Capital)
- Mr.Azeem M. Azimuddin (CFO, Ayeyarwaddy Bank Ltd.)

Moderator များအဖြစ် ဆောင်ရွက်ပေးကြပါသော ဦးရဲမင်းဦး (Managing Director, Grand National Capital) , Dr. ထွန်းသူရသက် (Founder and CEO, MIT) ဒေါ်မီမီမျိုးဝင်း (Head of Programmes, British Council), Dr. အောင်သူရ (Vice President, MYEA) ၊ Myanmar Entrepreneurship Summit 2017 ပွဲ ဖြစ်မြောက်ရေးကော်မတီ MYEA မှ CEC/ EC များ၊ Working Group အဖွဲ့ဝင်များ၊ MYEA (ဗဟို)မှ Member များ၊ MYEA နယ်အသင်းများမှ Member များနှင့် အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြပါသော ပြည်တွင်းပြည်ပမှ ဂုဏ်သရေရှိလူကြီးမင်းများအားလုံးကိုမြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲရေးကော်မတီမှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

## Sponsors & Contributors

Platinum Partner

SHWE TAUNG

Silver Partner

ALPINE Purified Drinking Water PROMISES PURITY

Bronze Partners

RGK+Z&A Group · awba · 5BB · Yum Yum · Bawga Theiddhi Group of Companies · PACIFIC ALPINE MYANMAR LTD · XENON

Contributors

TOYOTA MINGALAR · Value · CHERRY YOMA · MATRIX · RED STAR DISTRIBUTION Co.,Ltd. · indee · BOOM SMS SOLUTION · eventnook · KYAW · ESPRIT

Media Partners

7DAY DAILY · DedaaBox Total Learning App · MILKY WAY Digital Advertising · mitv · MRTV Entertainment · SKYNET


HONDA | NCX
HONDA
WAVE 100
100% GENUINE
GENUINE
100% GENUINE
295,000 ကျပ်
လူတိုင်း လက်ဝယ်ပိုင်ဆိုင်နိုင်ပါပြီ။
GL-AMMK
SUPPORTING CENTURY FINANCE
*စည်းကမ်းသတ်မှတ်ချက်များ
• ကနဦးပေးသွင်းငွေ ၂၉၅,၀၀၀ ကျပ်မှ စတင်ပေးသွင်းပြီး ကျန်ငွေကို လစဉ်အရစ်ကျစနစ်ဖြင့် ပေးသွင်းနိုင်ပါပြီ။ (HONDA Wave 100 Drum Brake အမျိုးအစား)
• အသေးစိတ်အချက်အလက်များအတွက် နီးစပ်ရာ Honda NCX Showroom များသို့ သွားရောက်စုံစမ်းနိုင်ပါသည်။


Nestlé
BEAR BRAND
Enriched
Malted Milk
ကြံ့ခိုင်ထက်မြက်
သာလွန်ခြင်းအတွက်
သံဓာတ်
Nestlé
BEAR BRAND
Enriched
Malted Milk
✓သံဓာတ်ပိုမိုပါဝင်ခြင်း
✓ကယ်လ်ဆီယမ် ပိုမိုပါဝင်ခြင်း
NESTLÉ BEAR BRAND Enriched Malted Milk တွင် သံဓာတ်ပိုမိုပါဝင်ခြင်း၊ ကယ်လ်ဆီယမ် ပိုမိုပါဝင်ခြင်း၊
ခန္ဓာကိုယ်အတွက်လိုအပ်သော အခြားဗီတာမင်နှင့် သတ္တုဓာတ်များ ပါဝင်ခြင်းကြောင့် ကြံ့ခိုင်ထက်မြက်သော မိသားစုများ ဖြစ်လာနိုင်ပါသည်၊
အထုပ်သေး တစ်ထုပ်တွင် တစ်နေ့တာ လိုအပ်သော သံဓာတ်ပမာဏ၏ သုံးပုံတစ်ပုံ ပါဝင်ပါသည်၊

## ၂၀၁၈ခုနှစ် မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားကြီး နမ္မဒါ(၁)၊ နမ္မဒါ(၂)နှင့် ငွေသောင်ယံတည်းခိုဆောင်လုပ်ငန်း

# တင်ဒါခေါ်ယူခြင်း

၂၀၁၈ခုနှစ် မန်းရွှေစက်တော်ဘုရားကြီး ပွဲတော်ကာလအတွက် နမ္မဒါ(၁)၊ နမ္မဒါ(၂)နှင့် ငွေသောင်ယံတည်းခိုဆောင်လုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားလိုသူများသည် ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၁၉ရက်မှစ၍ ဒီဇင်ဘာ ၂၄ရက် ရုံးချိန်အတွင်း မင်းဘူးမြို့၊ မန်းရွှေစက်တော်ဘုရား ဂေါပကရုံးသို့ လာရောက်၍ လျှောက်ထားနိုင်ပါသည်။

**လျှောက်ထားလိုသူများသည်**

- မြန်မာနိုင်ငံတစ်ဝန်းရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆိုင်သူဖြစ်ရမည်။
- ဗမာ/ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။
- လျှောက်ထားလိုသူများသည် နမ္မဒါ(၁)၊ နမ္မဒါ(၂)အတွက် လျှောက်လွှာတစ်စောင်လျှင်ကျပ်(၅၀၀၀၀ဝိ/) ငါးသိန်းကျပ်ဖြင့်လည်းကောင်း၊ ငွေသောင်ယံအတွက် လျှောက်လွှာတစ်စောင်လျှင် (၃၀၀၀၀ဝိ/) သုံးသိန်းကျပ်ဖြင့်လည်းကောင်း ဝယ်ယူ၍ လျှောက်ထားနိုင်ပါသည်။

တင်ဒါအောင်မြင်သူများကို ၂၆-၁၂-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ဂေါပကရုံး မင်းဘူးမြို့ ကြော်ငြာသင်ပုန်းတွင် ကြေညာထားပါမည်။

လျှောက်လွှာနှင့်စည်းကမ်းချက်များကို အသေးစိတ်သိလိုပါက မင်းဘူးမြို့၊ ဂေါပကရုံးသို့ လူကိုယ်တိုင်သော်လည်းကောင်း ဖုန်း-၀၆၅-၂၁၁၈၉သို့လည်းကောင်း ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

**မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့၊ မင်းဘူးမြို့**

---

## ၂၀၁၈ခုနှစ် မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားကြီး ပွဲတော်ကာလ

# ဓာတ်ပုံလုပ်ငန်းလေလံခေါ်ယူခြင်း

၂၀၁၈ခုနှစ် မန်းရွှေစက်တော်ဘုရားကြီး ပွဲတော်ကာလအတွက် ဓာတ်ပုံလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားလိုသူများသည် ၂၀၁၈ခုနှစ် ဇန်နဝါရီလ (၂)ရက်မှစ၍ ဇန်နဝါရီလ ၈ရက် ရုံးချိန်အတွင်း မင်းဘူးမြို့၊ မန်းရွှေစက်တော်ဘုရား ဂေါပကရုံးသို့လာရောက်၍ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားလိုသူများသည်

- မြန်မာနိုင်ငံတစ်ဝန်းရှိ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆိုင်သူဖြစ်ရမည်။
- ဗမာ/ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။
- လျှောက်ထားလိုသူများသည် လျှောက်လွှာတစ်စောင်လျှင် ၅၀၀၀ဝိ/ (ငါးသောင်းကျပ်)ဖြင့်ဝယ်ယူ၍ လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာများကို ၁၀-၁-၂၀၁၈ရက် နံနက် ၁၀နာရီတွင် စားပွဲတင်ငွေချေစနစ်ဖြင့် ရွေးချယ်ကြေညာမည်။

လျှောက်လွှာနှင့်စည်းကမ်းချက်များကို အသေးစိတ်သိလိုပါက မင်းဘူးမြို့၊ ဂေါပကရုံးသို့ လူကိုယ်တိုင်သော်လည်းကောင်း ဖုန်း-၀၆၅-၂၁၁၈၉သို့လည်းကောင်း ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

**မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့**
**မင်းဘူးမြို့**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## စီမံကိန်းရေးဆွဲရေးဦးစီးဌာန
## ကယားပြည်နယ်စီမံကိန်းဦးစီးရုံး
## လွိုင်ကော်မြို့

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်စီမံကိန်းဦးစီးရုံး ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း၊ ခြံစည်းရိုးတံတိုင်းကာရံခြင်းလုပ်ငန်းနှင့် လွိုင်ကော်မြို့နယ်စီမံကိန်းဦးစီးရုံး တည်ဆောက်ခြင်း၊ ခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းများကို ၁၈-၁၂-၂၀၁၇ရက်မှ ၃၁-၁၂-၂၀၁၇ရက်အထိ ကယားပြည်နယ် စီမံကိန်းဦးစီးရုံး၊ လွိုင်ကော်မြို့တွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၁-၁၂-၂၀၁၇ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကယားပြည်နယ်စီမံကိန်းဦးစီးရုံး၊ လွိုင်ကော်မြို့ ဖုန်း-၀၈၃-၂၂၂၀၉၂၊ ၀၈၃-၂၂၂၄၀၅၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီအဖွဲ့**

---

## ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်
## လမ်းဦးစီးဌာနမှဆောင်ရွက်မည့် လုပ်ငန်းများအတွက် ထပ်မံလိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနလက်အောက်ရှိ ခရိုင်/အထူးအဖွဲ့များမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ထပ်မံလိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါလျှောက်လွှာ တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၁၉-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) ရုံးချိန်အတွင်း |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** | - | ၃-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀နာရီ |
| **အိတ်ဖွင့်တင်ဒါ လျှောက်လွှာ ရောင်းချမည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ |
| **အိတ်ဖွင့်တင်ဒါ လျှောက်လွှာ ဖွင့်လှစ်မည့်ရက်/အချိန်** | - | ၃-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၃း၃၀နာရီ |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဖွင့်လှစ်မည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ |

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ၁၉-၁၂-၂၀၁၇ရက်မှ ၂-၁-၂၀၁၈ ရက်အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန** ဖုန်း-၀၅၂-၂၂၂၄၅၇၂၊
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့** ၀၅၂-၂၂၂၁၅၂၃

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## နေပြည်တော်
## တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သံသုမာလမ်းမကြီး၊ သုဝဏ္ဏအိမ်ရာစီမံကိန်းရှိ လူနေတိုက်ခန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မျက်မြင်အခြေအနေအတိုင်း ပွင့်လင်းမြင်သာစွာ ရောင်းချမည်ဖြစ်ပါသဖြင့် တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ရောင်းချမည့်လူနေတိုက်ခန်းပေါင်း | - | ၆ ခန်း |
| (ခ) | **တင်ဒါအဆိုပြုလွှာရောင်းချမည့်ရက်** | - | ၂၆-၁၂-၂၀၁၇ |
| (ဂ) | **တင်ဒါအဆိုပြုလွှာတင်သွင်းပြီး တင်ဒါဖွင့်လှစ်မည့်ရက်** | - | ၂၆-၁-၂၀၁၈ |
| (ဃ) | **တင်ဒါအဆိုပြုလွှာ ရောင်းချမည့်နေရာ** | - | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော် |

၂။ တင်ဒါအဆိုပြုလွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၇၅၂၇၊ ၀၁၈-၂၄၅၆၈၆သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။**တင်ဒါရွေးချယ်ရေးလုပ်ငန်းဆောင်ရွက်မှုကော်မတီ**

---

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသော အမှတ် (၃)အဆန်၊ (၄)အစုန်ရထားတွင် စားသောက်တွဲ (၂)တွဲ၊ အမှတ် (၁၁)အဆန်၊ (၁၂) အစုန်ရထားတွင် စားသောက်တွဲ (၂)တွဲ၊ ရန်ကုန်-ပုဂံလမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသည့် အမှတ် (၆၁)အဆန်၊ (၆၂)အစုန်ရထားတွင် စားသောက်တွဲ (၂)တွဲနှင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော အမှတ်(၅၇)အဆန်(၅၈)အစုန်ရထားတွင် စားသောက်တွဲ(၃)တွဲ၊ စုစုပေါင်းစားသောက်တွဲ(၉)တွဲကို ပြည်တွင်းနိုင်ငံသား လုပ်ငန်းရှင်များသို့ သက်တမ်းကာလ (၁)နှစ် ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည် ဖြစ်ပါသည်။

၂။ တင်ဒါပုံစံအဆိုပြုလွှာများကို စာအိတ် (က)ဖြင့်လည်းကောင်း၊ ငွေကြေးဆိုင်ရာအဆိုပြုလွှာကို စာအိတ်(ခ)ဖြင့်လည်းကောင်း၊ ပြည့်စုံစွာဖြည့်စွက်ဖော်ပြနိုင်ရေးအတွက် မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ် (၃) မန္တလေးရုံးနှင့် မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ် (၇) ရန်ကုန်ရုံးတို့တွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ အဆိုပါ ငှားရမ်းခြင်းနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြလျက် နေပြည်တော်ဘူတာကြီးရှိ မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ ဒုတိယ အထွေထွေမန်နေဂျာ(စီးပွားရေး)ထံသို့ ၂၈-၁၂-၂၀၁၇ရက် ၁၂း၀၀နာရီ နောက်ဆုံးထား ပေးပို့သွားရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၂-၆၆၇၆၄၊ ၀၁-၃၉၃၄၂၈၊ ၀၆၇-၇၇၁၆၃၊ ၀၆၇-၇၇၁၂၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်
## (၂၀)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကြေညာချက်

၁။ ၂၀၁၇ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ကျင်းပစစ်ဆေးခဲ့သော စတုတ္ထနှစ် ဆေးဝါးသိပ္ပံ(၁/၂၀၁၇) သင်တန်း(ဘွဲ့ရ)(ပုံမှန်)စာမေးပွဲအောင်မြင်သူများ၊၂၀၁၇ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပစစ်ဆေးခဲ့သော စတုတ္ထနှစ်ဆေးဝါးသိပ္ပံ (၁/၂၀၁၇)သင်တန်း(ဘွဲ့ရ)(နောက်ဆက်တွဲ) စာမေးပွဲအောင်မြင်သူများ၊ ၂၀၁၇ခုနှစ်တွင် ဆေးဝါးသိပ္ပံပါရဂူဘွဲ့နှင့် ဆေးဝါးမဟာသိပ္ပံဘွဲ့အတွက် ကျမ်းကြီးကိုပြုစု တင်သွင်းခုခံဖြေဆို အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်လွှာပုံစံများကို ဤတက္ကသိုလ်သင်ကြားရေးဌာနစိတ်တွင် တောင်းယူပြီး ပြည့်စုံစွာဖြည့်စွက်လျက် ၂၆-၁၂-၂၀၁၇ရက်မှ ၅-၁-၂၀၁၈ရက်အတွင်း လျှောက်ထားနိုင်သည်။

| | | |
|---|---|---|
| **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** | - | ၃၁-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) |
| **အစမ်းလေ့ကျင့်မည့်ရက်** | - | ၃၀-၁-၂၀၁၈ရက်(အင်္ဂါနေ့) |
| **ဘွဲ့နှင်းသဘင်ကျင်းပမည့်အချိန်** | - | နံနက် ၉း၀၀နာရီ |
| **ဘွဲ့နှင်းသဘင်ကျင်းပမည့်နေရာ** | - | ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ |

၂။ ဘွဲ့နှင်းသဘင် လျှောက်လွှာနှင့်အတူ အမျိုးသားများသည် လည်ကတုံးရှပ်နှင့် တိုက်ပုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်၊ အမျိုးသမီးများသည် ရင်ဖုံးအင်္ကျီလက်ရှည်(နားရွက်ပေါ်)ဖြင့် (၃)လအတွင်း ရိုက်ကူးထားသော ၂"×၁ ½"အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ ပူးတွဲပေးပို့ရမည်။

၃။ ဘွဲ့နှင်းသဘင် တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ဝိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)ပေးသွင်းရမည်ဖြစ်ပြီး၊ အဝေးရောက် ဘွဲ့ယူများသည် ၁၀၀၀ဝိ/-(ကျပ်တစ်ထောင်တိတိ)ပေးသွင်းရမည်ဖြစ်သည်။

၄။ တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို (၁)နှစ်ပြည့်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် တက်ရောက်ရာတွင် အမျိုးသားများသည် မြန်မာဝတ်စုံ (လည်ကတုံးရှပ်နှင့်တိုက်ပုံ)၊ အနောက်တိုင်း/ တိုင်းရင်းသားဝတ်စုံ၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ(လုံချည်၊အင်္ကျီ)တိုင်းရင်းသား ဝတ်စုံဝတ်ဆင်ရမည်။

**၆။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများနှင့် ဆံပင်ကို အမည်းမဟုတ်သော အရောင်ဆိုးထားသူများကို ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။**

၇။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက မော်ကွန်းထိန်းရုံးခန်း ဖုန်း-၀၁-၉၆၉၉၈၇၇ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

---

## မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)

၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**(၁) နှစ်ပတ်လည်အစည်းအဝေး**

နေ့ရက် - ၂၃-၁၂-၂၀၁၇ (စနေနေ့)
အချိန် - နံနက် ၁၀ နာရီ မှ ၁၂ နာရီ

**(၂) CME ဟောပြောပွဲ "Food Safety"**

ပို့ချမည့်သူ - ဒေါက်တာဥမ္မာစိုးဝင်း (ဒုတိယညွှန်ကြားရေးမှူး၊ FDA)
အချိန် - မွန်းလွဲ ၁ နာရီ မှ ၂ နာရီ

**(၃) အလုပ်အမှုဆောင်အဖွဲ့သစ်ရွေးချယ်တင်မြှောက်ပွဲ (လျှို့ဝှက်မဲပေးစနစ်)**

အချိန် - နံနက် ၁၀ နာရီ မှ ညနေ ၄ နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းနေ အသင်းသူအသင်းသားအားလုံးဖိတ်ကြားပါသည်။

---

## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်
## (၂၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **အစမ်းလေ့ကျင့်ခြင်း** | - | ၈-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀နာရီ |
| (ခ) | **ဘွဲ့နှင်းသဘင်အခမ်းအနား** | - | ၉-၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၉း၀၀နာရီ |

၂။ အဆိုပါဘွဲ့နှင်းသဘင်သို့ ၂၀၁၇ ခုနှစ် ဇွန်လနှင့်ဒီဇင်ဘာလများတွင် ကျင်းပစစ်ဆေးခဲ့သည့် ဒုတိယနှစ် ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ၊ ၂၀၁၇ခုနှစ် အောက်တိုဘာလနှင့် ဒီဇင်ဘာလများတွင် ကျင်းပစစ်ဆေးခဲ့သည့် စတုတ္ထနှစ်ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ဝိ/-နှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ဝိ/-ကို သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အမျိုးသားများသည် လည်ကတုံးရှပ်နှင့်တိုက်ပုံ (သို့မဟုတ်)အနောက်တိုင်းဝတ်စုံ(ပြည့်)၊ အမျိုးသမီးများသည် ရင်ဖုံးလက်ရှည်အင်္ကျီ(ပြောင်)နှင့် နောက်ဆုံး(၃)လအတွင်း ရိုက်ကူးထားသော ၁ ½"×၂"အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ ပူးတွဲ၍ ၁၂-၁-၂၀၁၈ရက်(သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။ ၎င်းနေ့ထက်နောက်ကျသော လျှောက်လွှာများကို လုံးဝလက်ခံမည်မဟုတ်ပါ။ ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းကို မပျက်မကွက် တက်ရောက်ရမည်ဖြစ်ပြီး ပျက်ကွက်ပါက ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ခွင့်ရမည်မဟုတ်ပါ။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ(သို့) တိုင်းရင်းသားဝတ်စုံ(သို့) အနောက်တိုင်းဝတ်စုံကို ယဉ်ကျေးမှုနှင့်လျော်ညီစွာ အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဤတက္ကသိုလ် တယ်လီဖုန်းအမှတ် ၆၄၅၇၅၃၊ ၆၄၅၇၄၆၊ ၆၄၅၇၄၄၊ ၆၄၅၇၄၅ နှင့် WWW.umty.gov.mm သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကြူကြူရီ**
**မော်ကွန်းထိန်း**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်**
**ရန်ကုန်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား

# အသိပေးကြေညာချက်

၁။ မြန်မာ့မီးရထားမှ ရန်ကုန်-မော်လမြိုင်-ထားဝယ်၊ ရန်ကုန်-ပြည်၊ မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း(၃)ခုတွင်Optical Fiber Cable ချခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ပြည်တွင်းကုမ္ပဏီရှစ်ခုမှ တင်ပြလာသည့် စိတ်ပါဝင်စားမှုဖော်ပြချက် အဆိုပြုလွှာများ (Expression of Interest-EOI) စိစစ်ခဲ့ရာအောက်ဖော်ပြပါ ကုမ္ပဏီ ငါးခုမှာ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ရွေးချယ်ခံခဲ့ရပါသည်။

(က) TMH Telecom Public Co.,Ltd & China ITs (Holding)Co.,Ltd.
(ခ) Fortune International Limited.
(ဂ) Myanmar Telecommunication Network(Public) Co.,Ltd.
(ဃ) Myanmar National Tele & Communications Co.,Ltd.
(င) Y Net Public Co.,Ltd.

၂။ အထက်ဖော်ပြပါ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသည့် ကုမ္ပဏီများအနေဖြင့် တင်ဒါအဆိုပြုလွှာပုံစံများ(Request for Proposal-RFP) ကို ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ၅၁လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၉၅-၁-၂၉၁၉၈၅၊ ၂၉၁၉၉၄တွင် ကုမ္ပဏီ၏ တရားဝင်စာဖြင့် ၁၉-၁၂-၂၀၁၇ရက်မှစတင်၍ ငွေကျပ် ၂၀၀,၀၀၀/-(ကျပ်နှစ်သိန်းတိတိ)ပေးသွင်းပြီး ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပြုလွှာများကို ၁၇-၃-၂၀၁၈ရက် ၁၄း၀၀နာရီနောက်ဆုံးထား၍ ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ၅၁လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော အဆိုပြုလွှာများကို လုံးဝ(လုံးဝ)လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ မြန်မာ့မီးရထားအနေဖြင့် ပေးပို့လာသော RFP အဆိုပြုလွှာများအနက်မှ OFC ချခင်းခြင်းစီမံကိန်းအတွက် အရည်အချင်းပြည့်ဝပြီး အလားအလာရှိဆုံးသော လုပ်ငန်းလုပ်ကိုင်လိုသူများကို ရွေးချယ်သွားမည်ဖြစ်ပါသည်။ စီမံကိန်းနှင့် ပတ်သက်၍ သိရှိလိုသည်များရှိပါက ဖုန်း-၉၅-၆၇-၇၇၀၄၈၊ ၇၇၁၂၃၊ ၇၇၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့မီးရထား**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**




## ALIBABA AMUSEMENT COMPANY LIMITED

**(အလီဘာဘာ အမြူ့စ်မန့်)ကုမ္ပဏီလီမိတက် (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၆၄၈/၂၀၁၇-၂၀၁၈(ရက)အရ တရားဝင်ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော Alibaba Amusement Centre အပန်းဖြေအိမ်တွင်းကစားနည်းခန်းမလုပ်ငန်းနှင့်ပတ်သက်၍ Facebook Account နှင့် အခြားသောနည်းလမ်းများဖြင့် မဟုတ်မမှန် လုပ်ကြံစွပ်စွဲရေးသားဖော်ပြထားမှုများနှင့် လုပ်ငန်းအကျိုးစီးပွားကို ထိခိုက်နစ်နာစေသည့် ရေးသားဖော်ပြစွပ်စွဲချက်များကို ပြန်လည်ရုပ်သိမ်းဝန်ချတောင်းပန်ပါရန်နှင့် (Khin Kyaw) https://www.facebook.com/khin.kyaw.5203 ၏ Account ပိုင်ရှင် ခင်ကျော် (ဂမ္ဘီရအမည်ဆရာသောင်းထိုက်စိုးစံ)၊ (Thri Thinwai) https://www.facebook.com/Thri Thinwai ၏ Account ပိုင်ရှင်အပါအဝင် အများသိစေရန် အသိပေးကြေညာခြင်း**

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ဒေါ်ပြည့်စုံအေး(ခ)ပြည့်ပြည့် ၁၂/ဒဂတ(နိုင်)၀၅၉၃၇၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

Alibaba Amusement Centre အား ၂၀၁၀ ခုနှစ်တွင် ရန်ကုန်တိုင်း၏ ၉-၂-၂၀၁၀ရက်စွဲပါစာအမှတ် -၁၄၇/၄-၂/တယက အရ စတင်ဖွင့်လှစ်ခဲ့ပါသည်။ လက်ရှိလုပ်ငန်းလုပ်ကိုင်နေခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီစီမံရေးရာဌာနမှ လုပ်ငန်းနှင့်စပ်လျဉ်းပြီး လုပ်ငန်းလိုင်စင်အမှတ် -၁၆၀၂၂၀၁၇၃ အား ထုတ်ပေးထားပြီးဖြစ်ပါသည်။

Alibaba Amusement Centre တွင် အသုံးပြုနေသော ဂိမ်းစက်များသည် တရားဝင်ကုမ္ပဏီမှတ်ပုံတင်ရရှိပြီး ကုမ္ပဏီတို့မှ တာဝန်ယူ၍ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ သွင်းကုန်ဌာနခွဲမှ စိစစ်ခွင့်ပြုပြီး စက်များကို အကောက်ခွန်ဦးစီးဌာနမှ အခွန်အခပေးဆောင်ထားသည့် နိုင်ငံရပ်ခြားမှ တရားဝင်တင်သွင်းထားသော စက်ပစ္စည်းများဖြစ်ပါသည်။

Alibaba Amusement Centre လုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရခြင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀-၁၀-၂၀၁၇ ရက်စွဲပါ ကုန်ထုတ်လုပ်သူ (သို့) ဝန်ဆောင်မှုဆောင်ရွက်သူအား မှတ်ပုံတင်ခွင့်ပြုကြောင်း ထုတ်ပေးသည့် လက်မှတ်အမှတ်စဉ်-ဖဖ(အခြား/၁၂)အရ အပန်းဖြေအိမ်တွင်းကစားနည်းခန်းမလုပ်ငန်းအဖြစ် ခွင့်ပြုထားပြီးဖြစ်ပါသည်။

Alibaba Amusement Centre အား နိုင်ငံတော်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော လုပ်ငန်းဖြစ်ပါသည်။ အဆိုပါလုပ်ငန်းနှင့်ပတ်သက်၍ အများသူငါ ဝင်ရောက်ကြည့်ရှုနိုင်သော Facebook စသည့် စာမျက်နှာများတွင် ခင်ကျော် (ဂမ္ဘီရအမည်-ဆရာသောင်းထိုက်စိုးစံ)ဆိုသူမှ (Khin Kyaw) Account ဖြင့်လည်းကောင်း၊ (Thri Thinwai) Account ဖြင့် တစ်စုံတစ်ဦးမှလည်းကောင်း၊ ကျွန်ုပ်တို့၏အမှုသည် လုပ်ကိုင်နေသောလုပ်ငန်းများအား မဟုတ်မမှန် လုပ်ကြံစွပ်စွဲ ရေးသားဖော်ပြထားမှုများ အဆိုပါဆိုင်များ၊ လုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၊ ဌာနဆိုင်ရာများသို့ မဟုတ်မမှန် လုပ်ကြံစွပ်စွဲ တိုင်ကြားထားမှုများ၊ မသင့်လျော်သော စာသားအသုံးအနှုန်းများဖြင့် ဖော်ပြဆောင်ရွက်နေမှုများသည် ကျွန်ုပ်တို့အမှုသည်၏လုပ်ငန်းများကို ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ ခြောက်လှန့်ခြင်း၊ မလျော်ဩဇာသုံးခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ အနှောင့်အယှက်ပြုခြင်း၊ အသရေဖျက်စေခြင်း၊ လုပ်ငန်းဂုဏ်သိက္ခာနှင့် ဂုဏ်သတင်းကို ထိခိုက်နစ်နာစေခြင်းတို့ကြောင့် ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ) အရသော်လည်းကောင်း၊ ရာဇဝတ်ဆိုင်ရာဥပဒေနှင့် တရားမဆိုင်ရာဥပဒေအရ သော်လည်းကောင်း အရေးယူဆောင်ရွက်နိုင်ကြောင်း သိစေအပ်ပါသည်။

Soe Tint (ပုလိပ်ကြီး) (URL-http:11www.facebook.com/baybe baybe.10) account မှ နေ၍ ကျွန်ုပ်တို့၏အမှုသည်နှင့်ပတ်သက်သော Alibaba အပန်းဖြေအိမ်တွင်းကစားကွင်းနှင့်ပတ်သက်၍ မဟုတ်မမှန် ဖော်ပြထားမှုအား ပြန်လည်ရှင်းလင်းဖော်ပြပေးရန် အသိပေးကြေညာချက်အား ၁၆-၁၂-၂၀၁၆ နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ စာမျက်နှာ(၂၇)တွင် ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

ခင်ကျော် (ဂမ္ဘီရအမည်-ဆရာသောင်းထိုက်စိုးစံ)သည် မြန်မာနိုင်ငံတွင်းရှိ နိုင်ငံရေးပါတီကြီးတစ်ခု၏ အထင်ကရဝတ်စုံနှင့် ရင်ထိုးတံဆိပ်ဝတ်ဆင်၍လည်းကောင်း၊ နာမည်ကြီးဗေဒင်ဆရာတစ်ဦး၏ ဗေဒင်လက္ခဏာသင်တန်းဆင်း လက်မှတ်ဖော်ပြ၍လည်းကောင်း၊ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေနိုင်သော Alibaba Amusement Centre နှင့်ပတ်သက်သော မဟုတ်မမှန် လုပ်ကြံစွပ်စွဲတိုင်ကြားချက်၊ ရေးသားဖော်ပြချက်များနှင့်အတူ ဖော်ပြနေခြင်းများကို ထပ်ဆင့် Share ပြုလုပ်ခြင်း၊ Comment များရေးသားနေခြင်းများသည် ကျွန်ုပ်အမှုသည်၏လုပ်ငန်းအပေါ် မှားယွင်းရေးသားဖော်ပြချက်များသာဖြစ်ပါသဖြင့် ဆက်လက်မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ထားသည်များကို ပယ်ဖျက်၊ ဖျက်သိမ်းပေးရန် အသိပေးကြေညာအပ်ပါသည်။

Facebook Account တွင် ဖော်ပြခဲ့သော ခင်ကျော် (ဂမ္ဘီရအမည်-ဆရာသောင်းထိုက်စိုးစံ)နှင့် Thri Thinwai Account ပိုင်ရှင်တို့သည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့၏အမှုသည်အား ဝန်ချတောင်းပန်ပါရန်နှင့် ခုနစ်ရက်ကျော်လွန်ပြီးနောက် ဝန်ချတောင်းပန်ခြင်းမပြုပါကလည်းကောင်း၊ Share ပြုလုပ်ထားသူများ၊ Comment ရေးသားသူများကလည်း ဆက်လက်မပြုလုပ်ကြပါရန်နှင့် ကြော်ငြာပါပြီးနောက်ပိုင်း ဆက်လက်ပြုလုပ်ပါက မြန်မာနိုင်ငံ၏တည်ဆဲဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ)အရလည်းကောင်း၊ ရာဇဝတ်ဥပဒေအရလည်းကောင်း၊ တရားမဥပဒေအရလည်းကောင်း တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

နောက်နောင် ALIBABA AMUSEMENT COMPANY LIMITED (အလီဘာဘာ အမြူ့စ်မန့်)ကုမ္ပဏီလီမိတက်နှင့်ပတ်သက်သောလုပ်ငန်းများကို အများသူငါ ဝင်ရောက်ကြည့်ရှုနိုင်သော Facebook Account စာမျက်နှာများတွင်လည်းကောင်း၊ အခြားဆက်သွယ်ရေးနည်းလမ်းများဖြင့်လည်းကောင်း၊ အခြားနည်းရေးသားဖော်ပြခြင်းဖြင့်လည်းကောင်း မဟုတ်မမှန် လုပ်ကြံစွပ်စွဲဖော်ပြရေးသားပါက မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများအရ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ထပ်ဆင့်အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ပြည့်စုံအေး (ခ) ပြည့်ပြည့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထင်ကျော် B.Sc.,H.G.P, R.L**
**တရားလွှတ်တော်ရှေ့နေ (၅၃၁၅/၉၀)**

**ဒေါ်သက်လေးချို LL.B, D.B.L.,D.I.L, D.M.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (၁၀၂၀၈/၁၄)**

**အမှတ် (၁၃၈)၊ ပထမထပ်၊ ၃၂လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁၊ ၀၉-၄၂၀၀၂၄၂၈၉**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4D/6679 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4J/6678 Cheng Long Dump Truck ယာဉ်လက်ဝယ်ရှိသူ Aung Paw Industry Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

# မောင်တောမြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ဒေသအရောက် ကွင်းဆင်း

**မောင်တော ဒီဇင်ဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဖော်ကီတောင်ကျေးရွာ၊ မင်းကြီးကျေးရွာ၊ မြဝတီကျေးရွာနှင့် သစ်တုံးနားခွဆုံကျေးရွာများ အသစ်တည်ဆောက်နိုင်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားများကို ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာကျေးရွာများတွင် ကျင်းပသည်။

**အားပေးစကားပြောကြား**

ရှေးဦးစွာ မောင်တောမြို့နယ် ဖော်ကီတောင်ကျေးရွာတွင် နေအိမ်များ ဆောက်လုပ်ရန် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ကချင်ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြပြီး ဒေသခံ မရမ္မာကြီး လူမျိုးများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❍



**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်မြင့်မောင်နှင့် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်တို့က မောင်တောမြို့နယ် သစ်တုံးနားခွဆုံကျေးရွာ၌ ဒေသခံ တိုင်းရင်းသားများအား ထောက်ပံ့ငွေ ပေးအပ်စဉ်။**

သတင်းစဉ်

# ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်း ၈၁၃ တွဲ ရောင်းချနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဆဋ္ဌမနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့တွင် အခြေခံဈေး ယူရိုငွေ ၄၀၀၀ နှင့် ၁၀၀၀ အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းတွဲ ၂၃၀၀ အနက်မှ စုစုပေါင်း ၈၁၃ တွဲအား ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များထံ ရောင်းချပေးနိုင်ခဲ့သည်။



အဆိုပါ ကျောက်စိမ်းအတွဲ ၈၁၃ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းတန်ဖိုး ယူရိုငွေ ၅၀ ဒသမ ၀၁၉ သန်းခန့်ရှိကြောင်း သိရသည်။

သို့ပါ၍ ယနေ့အထိ ကျောက်မျက် (၃၂)တွဲမှ ရောင်းရငွေယူရိုငွေ

*စာမျက်နှာ ၇ ကော်လံ ၁* ✪


**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ငါးသိန်း ပေးအပ်လှူဒါန်း** စာ » ၄

**ဘားအံမြို့နယ်တွင် ငွေကျပ် သိန်း ၆၃၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ** စာ » ၁၂

**ကယ်လီဖိုးနီးယားတောင်ပိုင်း တောမီး အကြီးအကျယ် လောင်ကျွမ်းမှုကြောင့် လူထောင်ပေါင်းများစွာ ထွက်ပြေး** စာ » ၁၄



